

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ )

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ )

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။

# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| ပြန်ကြားရေးဝန်ကြီးဌာန | - | စာအုပ်အမှတ်စဉ် ( ၇၀/၂၀၂၄ ) |
| ထုတ်ဝေသည့်ခုနှစ် | - | ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ |
| ထုတ်ဝေသည့်အကြိမ် | - | ပထမအကြိမ် |
| အုပ်ရေ | - | ၁၀၀၀ အုပ် |
| ပုံနှိပ် | - | ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန |

Online တွင်ဖတ်ရှုရန် Scan ဖတ်ပါ။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။


## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH, NUG, PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့် လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH, NUG, PDF အကြမ်းဖက် သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်း ဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက် ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## Public Notice for Elimination of Violence

1. **Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.**
2. **Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.**
3. **Giving information secretly to the authorities on terrorists and on the possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ
( ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ )

## မာတိကာ


| | | |
|---|---|---|
| – | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅)ရပ် | ၅ |
| – | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ် | ၆ |

**မိန့်ခွန်းများ**

| | | |
|---|---|---|
| ၁။ | ဟိန္ဒူဘာသာဝင်များ၏ ဒီပါဝလီအထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ရာတွင် ပြောကြားသည့် အမှာစကား | ၇ |
| ၂။ | တရုတ်-မြန်မာရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းရှင်များတွေ့ဆုံပွဲတွင် ပြောကြားသည့် အမှာစကား | ၁၀ |
| ၃။ | တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Li Qiang နှင့် တွေ့ဆုံဆွေးနွေးစဉ် ပြောကြားသည့် အမှာစကား | ၁၇ |
| ၄။ | တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများ၊ ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကား | ၂၁ |
| ၅။ | အဋ္ဌမကြိမ် မဟာမဲခေါင်ဒေသခွဲ (ဂျီအမ်အက်စ်) ထိပ်သီးအစည်းအဝေးတွင် ပြောကြားသည့် အမှာစကား | ၂၃ |
| ၆။ | (၁၀) ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (အက်မက်စ်) ထိပ်သီးအစည်းအဝေးတွင် ပြောကြားသည့် အမှာစကား | ၂၉ |
| ၇။ | (၁၁) ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု (စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးတွင်ပြောကြားသည့် အမှာစကား | ၃၃ |

၈။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေးတွင် ပြောကြားသည့် အမှာစကား ၃၇
၉။ မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်နှင့် Naypyitaw State Polytechnic University ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့် အမှာစကား ၄၃
၁၀။ (၂၃) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေး ပညာနှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့် အဖွင့်ဂုဏ်ပြုမိန့်ခွန်း ၄၈
၁၁။ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေးတွင် ပြောကြားသည့်အမှာစကား ၅၂
၁၂။ မြန်မာနိုင်ငံ “စီးပွားရေးပညာနှစ် (၁၀၀)” ရာပြည့်အထိမ်းအမှတ် အခမ်းအနားကျင်းပစဉ် ပြောကြားသည့် အမှာစကား ၅၇
၁၃။ ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းတွင် ခေတ်မီ Diesel Electric Multiple Unit (DEMU) ရထားတွဲဆိုင်းအသစ်များဖြင့် စတင်ပြေးဆွဲခြင်း ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့် အမှာစကား ၆၂
၁၄။ လှိုင်သာယာမြို့နယ်၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့် အမှာစကား ၆၅
၁၅။ မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ တာယာစက်ရုံ (ရွာမ) သို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့် အမှာစကား ၆၇
၁၆။ တွံတေးမွေးမြူရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့် အမှာစကား ၆၉

သဝဏ်လွှာ
၁။ (၆၉) နှစ်မြောက် ကရင်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ ၇၅
၂။ ၂၀၂၄ ခုနှစ်၊ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ ၇၉

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ဦးတည်ချက် (၉) ရပ်

## ၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

## ၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

## ၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ဟိန္ဒူဘာသာဝင်များ၏ ဒီပါဝလီအထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ရာတွင် ပြောကြားသည့် အမှာစကား

( ၂ - ၁၁ - ၂၀၂၄ )




မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသည့် ဟိန္ဒူဘာသာဝင်များ စုပေါင်းကျင်းပသည့် ဒီပါဝလီ အထိမ်းအမှတ်အခမ်းအနားကို နိုဝင်ဘာလ ၂ ရက်နေ့ ညနေပိုင်းတွင် ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အတူ ဇနီးဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး ညိုစောနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးအကြီးအကဲများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဟိန္ဒူမျိုးနွယ်စုများ၊ ဟိန္ဒူရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များအား တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် ဟိန္ဒူရိုးရာ ဒီပါဝလီအထိမ်းအမှတ်အခမ်းအနား မင်္ဂလာမုခ်ဦးကို တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဟိန္ဒူရိုးရာ ကဘူးများ မှုတ်ခြင်း၊ မိုးပျံပူဖောင်းများ လွှတ်တင်ခြင်းများကို ဆောင်ရွက်ကြသည်။

**စက်ခလုတ်နှိပ်ဖွင့်လှစ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့အား ဟိန္ဒူရိုးရာ ဆီမီးနံ့သာဖြင့် ကြိုဆိုကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်

မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးတို့က ဒီပါဝလီ အထိမ်းအမှတ်အခမ်းအနားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် ဟိန္ဒူအသင်းအဖွဲ့ပြခန်းများ၊ ဟိန္ဒူမျိုးနွယ်စုပြခန်းများကို ပြခန်းတစ်ခုချင်းစီအလိုက် လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို ပြဇာတ်ခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး

> ဒီပါဝလီပွဲတော်သည် ဟိန္ဒူဘာသာဝင်တို့၏ ရိုးရာမီးထွန်းပွဲတော်ဖြစ်ပြီး "ဒီပ" ဟူသည့် မီးအလင်းရောင်နှင့် "အာဝလိ" ဟူသည့် စီတန်းခြင်းဟူသော အဓိပ္ပာယ်တို့ကို ပေါင်းစပ်၍ ဆီမီးအလင်းရောင်များဖြင့် စီတန်းထွန်းညှိပူဇော်ခြင်း အဓိပ္ပာယ်ရသည်ဟု သိရှိရ၊ ဆီမီးပူဇော်ခြင်းအားဖြင့် အလင်းမှ အမှောင်ကို ခွင်းနိုင်သကဲ့သို့ မကောင်းသည့်အခြေအနေဆိုးမှ ကောင်းခြင်းတရားများ ရောက်ရှိလာစေရန်၊ မျှော်လင့်ချက်ရောင်ခြည်များ ပေါ်ထွန်းလာစေရန်ဟူသည့် ယုံကြည်ချက်များဖြင့် ယခုကဲ့သို့ ဆီမီးပူဇော်ကြသည်ဟု သိရ၊ ဟိန္ဒူဘာသာဝင်များ အနေဖြင့် ရိုးရာဓလေ့ထုံးတမ်းများနှင့်အညီ ဘုရားကျောင်းများ၊ မိမိတို့၏ နေအိမ်များတွင် ဆီမီးများကို လှပစွာ ထွန်းညှိပူဇော်ကြခြင်းသည် ဘဝ၏ တိုးတက်မှုခွန်အားများကို အားလုံးရစေမည်ဟု ယုံကြည်။

ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့်ဇနီး၊ တာဝန်ရှိသူများက ဒီပါဝလီအထိမ်းအမှတ် ဆီမီးထွန်းညှိပေးကြပြီးနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့အား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးနှင့် ဇနီးတို့က မဂ်လာဂုဏ်ပြုပဝါနှင့် ပန်းကုံးကို ဂါရဝပြုဆင်မြန်းပေးသည်။

**အလွန်အဓိပ္ပာယ်ရှိ**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ဟိန္ဒူရိုးရာ ဒီပါဝလီ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ခြင်းနှင့်ပတ်သက်၍ ပြောကြားရာတွင် ဒီပါဝလီပွဲတော်သည် ဟိန္ဒူဘာသာဝင်တို့၏ ရိုးရာမီးထွန်းပွဲတော်ဖြစ်ပြီး "ဒီပ" ဟူသည့် မီးအလင်းရောင်နှင့် "အာဝလိ" ဟူသည့် စီတန်းခြင်းဟူသော အဓိပ္ပာယ်တို့ကို ပေါင်းစပ်၍ ဆီမီးအလင်းရောင်များဖြင့် စီတန်းထွန်းညှိပူဇော်ခြင်း အဓိပ္ပာယ်ရသည်ဟု သိရှိရပါကြောင်း၊ ထိုသို့ ဆီမီးပူဇော်ခြင်းအားဖြင့် အလင်းမှ အမှောင်ကို ခွင်းနိုင်သကဲ့သို့ မကောင်းသည့် အခြေအနေဆိုးမှ ကောင်းခြင်းတရားများ ရောက်ရှိလာစေရန်၊ မျှော်လင့်ချက်ရောင်ခြည်များ ပေါ်ထွန်းလာစေရန် ဟူသည့် ယုံကြည်ချက်များဖြင့် ယခုကဲ့သို့ ဆီမီးပူဇော်ကြသည်ဟု သိရပါကြောင်း၊ စာပေ၌ "အမှောင်ခွင်း၍ အလင်းဆောင်အံ့" ဟုဆိုကြပြီး အလင်းရောင်သည် လူသားတို့အားလုံးအတွက် ကောင်းကျိုးဖြစ်စေမည့် အဓိကခွန်အား၊ စွမ်းအားဖြစ်ကာ အလွန်ပင် အဓိပ္ပာယ်ရှိပါကြောင်း၊ ထို့ကြောင့် ဟိန္ဒူဘာသာဝင်များအနေဖြင့် ယခုကဲ့သို့ ပွဲတော်ကျင်းပသည့်အခါသမယတွင် ရိုးရာဓလေ့ထုံးတမ်းများနှင့်အညီ ဘုရားကျောင်းများ၊ မိမိတို့၏ နေအိမ်များတွင် ဆီမီးများကို လှပစွာထွန်းညှိပူဇော်ကြခြင်းသည် ဘဝ၏ တိုးတက်မှုခွန်အားများကို အားလုံးရစေမည်ဟု ယုံကြည်ပါကြောင်း၊

ယခုနှစ်ကျင်းပသည့် ဒီပါဝလီနေ့ အထိမ်းအမှတ် အခမ်းအနားသည်လည်း ယခင်နှစ်များနှင့်မတူဘဲ မြန်မာနိုင်ငံအတွင်း၌ရှိသည့် ဟိန္ဒူဘာသာရေးအဖွဲ့အစည်းများ အပါအဝင် လူမှုရေးအဖွဲ့အစည်းများအားလုံးနှင့် ဘာသာဝင်များ၊ အခြားသော ဘာသာဝင်များစုပေါင်းပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပဆောင်ရွက်သွားခြင်းဖြစ်ကြောင်း၊

ယင်းသည် မိမိတို့နိုင်ငံအတွင်း၌ရှိသည့် မတူကွဲပြားသည့် ဘာသာဝင်များအကြား သင့်မြတ်ညီညွတ်မှုကို ပြသနေခြင်း ဖြစ်သည်ဟု ယုံကြည်ပါကြောင်း၊ ဟိန္ဒူဘာသာဝင်များ အားလုံး စုစုစည်းစည်းပါဝင်ဆင်နွှဲခြင်းသည် မှတ်တိုင်တစ်ခု ဖြစ်သည့်အတွက် မိမိအနေဖြင့် အထူးပင် ဝမ်းမြောက် ဂုဏ်ယူပါကြောင်းကို ပြောကြားလိုပါကြောင်း။

မိမိတို့ မြန်မာနိုင်ငံသားများသည် လူမျိုးအရဖြစ်စေ၊ ဘာသာတရားအရဖြစ်စေ ကွဲပြားမှုများရှိကြောင်း၊ သို့သော်လည်း အမိမြေပေါ်တွင် အတူတကွ ကြီးပြင်း လာကြသူများ ဖြစ်ကြသည်မှာ တူညီသည့်အတွက် တစ်ဦး၏ ယုံကြည်ရာဘာသာတရားကို အခြားတစ်ဦးက လေးစား ကြရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံပြီး အပြန်အလှန်ချစ်ကြည်ရင်းနှီးမှုများကတစ်ဆင့် မြန်မာနိုင်ငံ၏အကျိုးကို ဝိုင်းဝန်းသယ်ပိုးသွားကြစေလို ကြောင်း၊ သို့သော်လည်း ယနေ့အချိန်တွင် မိမိတို့နိုင်ငံ၌ ဖြစ်ပေါ်နေသည့် ပဋိပက္ခများသည် နိုင်ငံရေးအရ ဖြစ်ပေါ် လာသည့်ပြဿနာကို နိုင်ငံရေးအရ ဖြေရှင်းမှုမရှိခြင်းကြောင့် ဖြစ်ကြောင်း၊ ပြည်ပမှ နိုင်ငံရေး၊ လူမျိုးရေး၊ ဘာသာရေး စသည့် လှုံ့ဆော်မှုအမျိုးမျိုးကို အခြေခံနေသည်ကို တွေ့ရ ကြောင်း၊ ယင်းသို့ သွေးထိုးလှုံ့ဆော်မှုများမှတစ်ဆင့် နိုင်ငံအတွင်း အကြမ်းဖက်လုပ်ရပ်များကို မိုက်မဲစွာ ကျူးလွန် နေကြခြင်းပင်ဖြစ်ကြောင်း၊ သွေးကွဲနေပါက သွေးထိုးခံ နေရမည်ပင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအတွင်း ဒီမြေ၊ ဒီရေ၊ ဒီလေကို တူညီစွာ သုံးစွဲနေထိုင်ကြသည့် မည်သည့် လူမျိုး၊ မည်သည့်ဘာသာဝင်ပင်ဖြစ်ပါစေ မြန်မာနိုင်ငံကို ချစ်သည့်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ်မွေးပြီး နေကြရန် လိုကြောင်း၊ ယနေ့အချိန်တွင် မိမိအနေဖြင့် နိုင်ငံတော်ကို ဒီမိုကရေစီလမ်းကြောင်းပေါ် ပြန်လည်လျှောက်လှမ်းနိုင် ရန်အတွက် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များအတိုင်း အကောင်အထည်ဖော်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက် လျက်ရှိပါကြောင်း၊ ထို့ကြောင့် ဖြစ်ပေါ်နေသည့် ပဋိပက္ခများ ချုပ်ငြိမ်းပြီး မိမိတို့အားလုံးသွားလိုသည့် လမ်းကြောင်းပေါ် အမြန်ဆုံး ပြန်လည်ရောက်ရှိစေရေး ဝိုင်းဝန်းဆောင်ရွက် ပေးကြရန်လိုကြောင်း။

**အဖြေရှာဆောင်ရွက်ပေးခဲ့**

မိမိတို့နိုင်ငံတွင် မတူညီ ကွဲပြားမှုများရှိနေသည် မှန်သော်လည်း အဆိုပါ မတူကွဲပြားမှုများကို စုစည်း စည်းရုံးနိုင်ခြင်းကသာ အင်အားကို ဖြစ်စေပါကြောင်း၊ ထိုကဲ့သို့ စုစည်းသည့်အင်အားရရှိစေရေး မိမိကိုယ်တိုင် ဦးဆောင်ပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိအနေဖြင့် မြန်မာပြည်ဖွား အိန္ဒိယလူမျိုးစုအဖွဲ့အစည်းများ၊ တရုတ် လူမျိုးစုအဖွဲ့အစည်းများနှင့် မိမိ၏ ကိုယ်စားလှယ်များ တွေ့ဆုံစေခဲ့ကြောင်း၊ အဆိုပါအဖွဲ့အစည်းများ၏ လိုအပ်ချက် များကို မေးမြန်းပြီး ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည့် အပြင် ၎င်းတို့၏ သုံးသပ်ချက်များအပေါ် အဖြေရှာဆောင်ရွက် ပေးခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင်ရှိသည့် ဘာသာပေါင်းစုံ၏ ဘာသာရေးဆိုင်ရာ အခမ်းအနားများ၊ လူမျိုးစုများဆိုင်ရာ အထိမ်းအမှတ်နေ့များနှင့် အခမ်းအနားများကို မိမိတို့ အစိုးရအနေဖြင့် တတ်နိုင်သမျှ အားပေးကူညီနေသည် ကိုလည်း အားလုံးက မျက်မြင်ကိုယ်တွေ့ပင်ဖြစ်ကြောင်း၊ ယနေ့တွင်လည်း ဒီပါဝလီပွဲတော်အထိမ်းအမှတ် အခမ်း အနားကို တက်ရောက်သူများအားလုံးနှင့်အတူ စည်းလုံးမှု၊ စုစည်းမှုအားကို မြင်တွေ့ရသည့်နေ့ပင်ဖြစ်ပါကြောင်း၊ မိမိတို့ ယခုထက်ပိုခိုင်မြဲအောင် ဆက်လက်တည်ဆောက် သွားကြရန် လိုပါကြောင်း။

ထို့ကြောင့် ယခုကဲ့သို့ ဟိန္ဒူဘာသာဝင်များ၏ မင်္ဂလာ အပေါင်းနှင့် ပြည့်စုံသည့် ဆီမီးထွန်းညှိပူဇော်ခြင်းပွဲတော် ကာလမှစပြီး မိမိတို့နိုင်ငံသားအားလုံးက တစ်ဦးအပေါ် တစ်ဦး ချစ်ခင်လေးစားမှု၊ နားလည်ခွင့်လွှတ်မှုများ မျှဝေ ပေးပြီး နိုင်ငံတော်နှင့် ကမ္ဘာကြီးတွင် ငြိမ်းချမ်းသာယာ မှုများ ဖြစ်ပေါ်လာအောင် ဝိုင်းဝန်းကြိုးစားဆောင်ရွက် နိုင်ကြပါစေကြောင်းဖြင့် ဆန္ဒပြုဆုမွန်တောင်းစကား ပြောကြားသည်။

■ ■ ■

# တရုတ်-မြန်မာရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံပွဲတွင် ပြောကြားသည့် အမှာစကား

( ၅ - ၁၁ - ၂၀၂၄ )





တရုတ်-မြန်မာရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံပွဲကို နိုဝင်ဘာလ ၅ ရက်နေ့ နေ့လယ်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကူမင်းမြို့၊ HUALUXE Kunming Hotel ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ခရီးစဉ်တွင်လိုက်ပါလာကြသည့် အဖွဲ့ဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်အသင်းချုပ် (UMFCCI) ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလိုသည့် ပုဂ္ဂိုလ်များနှင့် ရင်းနှီးမြှုပ်နှံထားသည့် တရုတ်စီးပွားရေးလုပ်ငန်းရှင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အနာဂတ်ကိုလျှောက်လှမ်းနိုင်ရန် မဟာဗျူဟာကျသည့် မောင်းနှင်အားတစ်ရပ်ပင်ဖြစ်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာ၌ မိမိအနေဖြင့် ယခုလိုပြောကြားခွင့်ရသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်ရပါကြောင်း၊ တရုတ်-မြန်မာ နှစ်နိုင်ငံ၏ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုသည် မကြာခင်ကာလတွင် စိန်ရတုမှတ်တိုင်သို့ ရောက်ရှိတော့မည်ဖြစ်ကြောင်း၊ ယနေ့အချိန်တွင် တရုတ်-မြန်မာ နှစ်နိုင်ငံပြည်သူများအကြား၊ စီးပွားရေးလုပ်ငန်းများအကြား၊ အစိုးရဌာနများအကြား ကောင်းမွန်သည့်ဆက်ဆံရေးများကိုလက်တွေ့ဖော်ဆောင်ရင်း အပြန်အလှန်ယုံကြည်မှုများ ပိုမိုတိုးတက်ခိုင်မြဲလာသည်ကို တွေ့ရကြောင်း၊ အထူးသဖြင့် စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှုများဖြစ်သည့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ၏ ဆက်နွယ်မှုကလည်း မိမိတို့သွားလိုသည့် အနာဂတ်ကို လျှောက်လှမ်းနိုင်ရန် မဟာဗျူဟာကျသည့် မောင်းနှင်အားတစ်ရပ်ကို ဖြစ်စေကြောင်း။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံတစ်ခုဖြစ်ကြောင်း၊ သဘာဝအရတည်ရှိနေသည့် တည်နေရာကြောင့် ကမ္ဘာ့လူဦးရေအများဆုံး တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံအကြား ကြီးမားသည့်ဈေးကွက်နှင့် လျင်မြန်စွာတိုးတက်နေသော အာဆီယံဒေသတွင်း၏ အချက်အချာကျသည့် နေရာတွင်ရှိနေကြောင်း။

ယင်းနှင့်ဆက်စပ်ပြီး ပြောရမည်ဆိုပါက မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးလုပ်ငန်း ကောင်းစွာဆောင်ရွက်နိုင်သည့် ရာသီဥတုနှင့် မြေအကျယ်အဝန်းရှိပါကြောင်း၊ အရှေ့တောင်အာရှဒေသတွင် လယ်ယာမြေဟက်တာ ၆၅ သန်းကျော်

ရှိပြီး လယ်ယာမြေအများဆုံးပိုင်ဆိုင်သည့် နိုင်ငံဖြစ်ကြောင်း၊ သို့သော်လည်း မိမိတို့အနေဖြင့် စိုက်ပျိုးမြေ၏ ၂၀ ရာခိုင်နှုန်းခန့်သာ စိုက်ပျိုးနိုင်ပါသေးကြောင်း၊ ယင်းသည် မြေဆီဩဇာကြွယ်ဝကောင်းမွန်ပြီး ဓာတုပစ္စည်းများ သက်ရောက်မှု မရှိသေးသည့် စိုက်ပျိုးမြေနေရာများစွာကို ရင်းနှီးမြှုပ်နှံလိုသူများအတွက် အခွင့်အလမ်းကောင်း

> တရုတ်နိုင်ငံအနေဖြင့် စိုက်ပျိုးရေးကဏ္ဍတွင် အဆင့်မြင့် နည်းပညာများနှင့် ဇီဝနည်းပညာသုံး စိုက်ပျိုးနည်းစနစ်ကို အောင်မြင်စွာ အသုံးပြုနေသည်ကို လေ့လာ တွေ့ရှိရ၊ ဂေဟစနစ်ကို ရေရှည်ထိန်းသိမ်း ထားနိုင်သည့် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး မိမိတို့၏ မိတ်ဖက်စီးပွားရေး လုပ်ငန်းရှင်များနှင့် ယခုထက်ပိုပြီး ပူးပေါင်းဆောင်ရွက်သွားရန် ဖိတ်ခေါ်လို၊ မြန်မာနိုင်ငံ၏ ရှိရင်းစွဲသဘာဝကပေးသည့် စိုက်ပျိုး မွေးမြူရေး အခြေခံကောင်းများကို အသုံးချပြီး ကမ္ဘာပေါ်တွင် စားနပ်ရိက္ခာ အဓိကထုတ်လုပ်နိုင်သည့် နိုင်ငံဖြစ်စေရေး ဆောင်ရွက်နေ၊ စိုက်ပျိုးရေးလုပ်ငန်း ထုတ်ကုန်များ တိုးတက်မြင့်မားလာစေရန် အတွက် စိုက်ပျိုးရေးနည်းစနစ်များနှင့်အတူ အခြေခံလိုအပ်ချက်ဖြစ်သည့် ဓာတ်မြေဩဇာထုတ်လုပ်ရေး၊ သဘာဝ မြေဩဇာထုတ်လုပ်ရေး၊ အပင်အားဆေးနှင့် ပိုးသတ်ဆေး လိုအပ်ချက်များလည်းရှိနေ၊ ယင်းကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံရန် ဆက်သွယ်ဆောင်ရွက်နေသည့် ကုမ္ပဏီအဖွဲ့အစည်းများလည်းရှိ။

များပင်ဖြစ်ကြောင်း၊ အလားတူ စိုက်ပျိုးရေးကိုအခြေခံသည့် မွေးမြူရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ရင်းနှီးမြှုပ်နှံလုပ်ကိုင်ကြရန် အခွင့်အလမ်းများလည်းရှိကြောင်း။

တရုတ်နိုင်ငံအနေဖြင့် စိုက်ပျိုးရေးကဏ္ဍတွင် အဆင့်မြင့် နည်းပညာများနှင့် ဇီဝနည်းပညာသုံး စိုက်ပျိုးနည်းစနစ်ကို အောင်မြင်စွာအသုံးပြုနေသည်ကိုလေ့လာတွေ့ရှိရကြောင်း၊ ထို့ကြောင့် ရင်းနှီးမြှုပ်နှံမှုမှတစ်ဆင့် နည်းပညာလွှဲပြောင်း ရယူရေး၊ ဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုးရေးထုတ်ကုန်များ စိုက်ပျိုးထုတ်လုပ်ရေးနှင့် အစားအစာ ဘေးကင်းလုံခြုံမှု ရှိပြီး ဂေဟစနစ်ကို ရေရှည်ထိန်းသိမ်းထားနိုင်သည့် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး မိမိတို့၏ မိတ်ဖက်စီးပွားရေး လုပ်ငန်းရှင်များနှင့် ယခုထက်ပိုပြီး ပူးပေါင်းဆောင်ရွက်သွားရန် ဖိတ်ခေါ်လိုကြောင်း။

မိမိအနေဖြင့် မြန်မာနိုင်ငံ၏ ရှိရင်းစွဲသဘာဝကပေးသည့် စိုက်ပျိုးမွေးမြူရေး အခြေခံကောင်းများကို အသုံးချပြီး ကမ္ဘာပေါ်တွင် စားနပ်ရိက္ခာအဓိကထုတ်လုပ်နိုင်သည့် နိုင်ငံဖြစ်စေရေး ဆောင်ရွက်နေကြောင်း၊ မိမိတို့နိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းထုတ်ကုန်များ တိုးတက်မြင့်မား လာစေရန်အတွက် စိုက်ပျိုးရေးနည်းစနစ်များနှင့်အတူ အခြေခံလိုအပ်ချက်ဖြစ်သည့် ဓာတ်မြေဩဇာထုတ်လုပ်ရေး၊ သဘာဝမြေဩဇာထုတ်လုပ်ရေး၊ အပင်အားဆေးနှင့် ပိုးသတ်ဆေး လိုအပ်ချက်များလည်းရှိနေပါကြောင်း၊ ယင်းကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံရန် ဆက်သွယ်ဆောင်ရွက် နေသည့် ကုမ္ပဏီအဖွဲ့အစည်းများလည်းရှိကြောင်း၊ ပိုမို တိုးတက်လုပ်ဆောင်နိုင်ရန် မိမိတို့အနေဖြင့်လည်း လိုအပ်သည်များကို ကူညီပေးရန်အသင့်ရှိကြောင်း၊ စက်မှုလယ်ယာကဏ္ဍကို အရှိန်အဟုန်မြှင့်တင်နိုင်မည့် ထွန်ယက်ခြင်း၊ စိုက်ပျိုးခြင်း၊ ခြွေလှေ့ခြင်း၊ သိုလှောင် ခြင်းတို့အတွက် ခေတ်မီစက်ကိရိယာများ၊ သိုလှောင်ရုံ များ ရင်းနှီးမြှုပ်နှံနိုင်ရန် ဖိတ်ခေါ်လိုကြောင်း။

လက်ရှိဆောင်ရွက်နေသည့် ကြက်၊ ဝက်၊ နွား မွေးမြူရေးလုပ်ငန်းများတွင် ခေတ်မီနည်းစနစ်များဖြင့် မွေးမြူပြီး အေးခဲအသားထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လိုကြောင်း၊ မိမိတို့နိုင်ငံ၏ အနောက်ဘက် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယ နိုင်ငံတို့သည် လူဦးရေများပြားသည့် နိုင်ငံများဖြစ်ပြီး စားနပ်ရိက္ခာ ဈေးကွက်ကြီးမားလှကြောင်း၊ စိုက်ပျိုးရေး

ကဏ္ဍကို စက်မှုလယ်ယာအဖြစ်မြှင့်တင်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများမှ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် ရည်ရွယ်ထားကြောင်း၊ ထို့ကြောင့် ပြည်ပရင်းနှီးမြှုပ်နှံသူများအနေဖြင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံပြီး စီးပွားရေးလုပ်ကိုင် ဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့စေရန် သီးခြားကူညီထောက်ပံ့မှုများ ပံ့ပိုးပေးလျက်ရှိသည်ကို အလေးထားပြောကြားလိုကြောင်း။

စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်အပြင် အခြေခံစက်မှုကုန်ကြမ်းသီးနှံများဖြစ်သည့် ဝါနှင့် ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းများကိုလည်း တိုးချဲ့ဆောင်ရွက်နေကြောင်း၊ ဝါမှတစ်ဆင့် ချည်မျှင်၊

> မိမိတို့နိုင်ငံတွင် ၁၉၈၈ ခုနှစ် မှ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလအထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအနေဖြင့် ကဏ္ဍ ၁၂ ခု တွင် အမေရိကန်ဒေါ်လာ ၉၃ ဒသမ ၃၈ ဘီလီယံရှိခဲ့၊ ရင်းနှီးမြှုပ်နှံမှုများကို သုံးသပ်ကြည့်သည့်အခါ စိုက်ပျိုးရေးကဏ္ဍတွင် သုည ဒသမ ၄၈ ရာခိုင်နှုန်းနှင့် ရေလုပ်ငန်းကဏ္ဍတွင် ၁ ဒသမ ဝ၄ ရာခိုင်နှုန်းရှိသည်ကိုတွေ့ရ၊ တရုတ်နိုင်ငံအနေဖြင့် စိုက်ပျိုးရေးကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၁၈ သန်းကျော်နှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၅၃ ဒသမ ၁၀၅ သန်းကျော် ရင်းနှီးမြှုပ်နှံထား၊ မိမိတို့နှစ်နိုင်ငံ၏ ကုန်သွယ်မှုသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် သွင်းကုန်/ပို့ကုန် စုစုပေါင်း အမေရိကန်ဒေါ်လာ သန်း ၈၀၀၀ ကျော်ရှိသောကြောင့် နှစ်နိုင်ငံအကြား ကုန်သွယ်မှုသည် ခိုင်မာအားကောင်းနေသည်ကို ပေါ်လွင်နေ။

ဂုဏ်းမှ အထည်အလိပ်များ ထုတ်လုပ်နိုင်ရန်အထိ ရည်ရွယ်ချက်ထား လုပ်ဆောင်နေခြင်းဖြစ်ပြီး ဝါစိုက်ပျိုးနိုင်သည့် မြေနေရာများစွာရှိကြောင်း၊ ရော်ဘာစိုက်ပျိုးရေးနှင့်စပ်လျဉ်း၍ ကာလတို၊ ကာလရှည် စီမံကိန်းများရေးဆွဲပြီး အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်နေကြောင်း၊ ရော်ဘာကုန်ကြမ်းမှ ဖိနပ်၊ ရော်ဘာလက်အိတ်နှင့် တာယာအမျိုးမျိုးတို့ကို ထုတ်လုပ်နိုင်ရေး ရည်ရွယ်ထားကြောင်း၊ မိမိအနေဖြင့် သစ်အခြေခံ ပရိဘောဂလုပ်ငန်းများ၊ သစ်ပါးလွှာ၊ အထပ်သား၊ သစ်ကြိတ်သား၊ သစ်ခွဲသား ထုတ်လုပ်ခြင်း လုပ်ငန်းများအပြင် အဆင့်မြင့်ချည်ထုတ်လုပ်ခြင်း၊ အဆင့်မြင့် ရော်ဘာထုတ်လုပ်ခြင်း၊ ရော်ဘာအခြေခံ ပရိဘောဂပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းများကိုလည်း ဖွံ့ဖြိုးတိုးတက်လာအောင် အားပေးဆောင်ရွက်လျက်ရှိသည်ကို သတင်းကောင်းပါးလိုကြောင်း။

မြန်မာနိုင်ငံ၏ ဒေသအများစုတွင် ဝါးနှင့်ကြိမ်တို့ပေါက်ရောက်ကြောင်း၊ ယင်းဝါးနှင့် ကြိမ်ကုန်ကြမ်းမှ တန်ဖိုးမြင့် ထုတ်ကုန်အဖြစ် ပရိဘောဂနှင့် အသုံးအဆောင်ပစ္စည်းများထုတ်လုပ်ပြီး ပြည်တွင်းပြည်ပဈေးကွက်တွင် ယခုထက်ပိုပြီး ဖြန့်ချိနိုင်ရန် လိုအပ်နေကြောင်း၊ ထိုသို့ နိုင်ငံတော်၏ ဈေးကွက်စီးပွားရေး မူဝါဒနှင့်အညီ ဖြစ်ပေါ်လာသည့် ပုဂ္ဂလိက သစ်အခြေခံ စက်မှုလုပ်ငန်းများကို စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်နေသည့် နည်းပညာနှင့် ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဦးတည်ချက်ထား ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် အခြေခံအဆောက်အအုံများ တည်ဆောက်ရာတွင် လိုအပ်သည့် ဘိလပ်မြေများကို ပြည်တွင်းတွင် လုံလောက်အောင် မထုတ်လုပ်နိုင်သေးသည့်အတွက် ဘိလပ်မြေထုတ်လုပ်ရေးကဏ္ဍကလည်း အခွင့်အလမ်းများစွာရှိနေကြောင်း၊ မြန်မာနိုင်ငံတွင် ဘိလပ်မြေထုတ်လုပ်ရန် အခြေခံ ကုန်ကြမ်းများဖြစ်သည့် ထုံးကျောက်၊ ဂျစ်ပဆန်နှင့် ဂေါ်ဒန်ကျောက်များ ပေါ်ကြွယ်ဝကြောင်း၊ ထို့ပြင် နေ့စဉ် မဖြစ်မနေအသုံးပြုနေရသည့် လျှပ်စစ်ဓာတ်အားအတွက်လည်း တရုတ်နိုင်ငံတွင် အောင်မြင်ပြီးဖြစ်သည့် ဆိုလာစနစ်သုံး လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းများ၊ ရေအားလျှပ်စစ်လုပ်ငန်းများကို လာရောက်ရင်းနှီးလုပ်ကိုင်စေလိုကြောင်း၊

တရုတ်နိုင်ငံသည် လျှပ်စစ်ကားကဏ္ဍတွင် ကမ္ဘာ့ဦးဆောင်နေရာကိုရရှိပြီး ဖြစ်သောကြောင့် လျှပ်စစ်ကားလုပ်ငန်းကိုလည်း မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်လိုကြောင်း။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ဓာတ်မြေသြဇာထုတ်လုပ်ခြင်း၊ အများပြည်သူ သယ်ယူပို့ဆောင်ရေးလျှပ်စစ်သုံးယာဉ် ထုတ်လုပ်ခြင်း၊ ဘိလပ်မြေထုတ်လုပ်ခြင်း၊ သံမဏိထုတ်လုပ်ခြင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးတန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်း၊ ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာများ ထုတ်လုပ်ခြင်းနှင့် စားသုံးဆီထုတ်လုပ်ခြင်းစသည့် ကဏ္ဍများတွင် မိမိတို့၏ မိတ်ဖက်စီးပွားရေးလုပ်ငန်းရှင်များ လာရောက်လုပ်ကိုင်ပါက ဦးစားပေးပြီး ဝန်ဆောင်မှုများ အထူးပံ့ပိုး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် ၁၉၈၈ ခုနှစ် မှ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလအထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအနေဖြင့် ကဏ္ဍ ၁၂ ခုတွင် အမေရိကန်ဒေါ်လာ ၉၃ ဒသမ ၃၈ ဘီလီယံရှိခဲ့ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများကို သုံးသပ်ကြည့်သည့်အခါ စိုက်ပျိုးရေးကဏ္ဍတွင် သုည ဒသမ ၄၈ ရာခိုင်နှုန်းနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍတွင် ၁ ဒသမ ၀၄ ရာခိုင်နှုန်းရှိသည်ကို တွေ့ရကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် စိုက်ပျိုးရေးကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၁၈ သန်းကျော်နှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၅၃ ဒသမ ၁၀၅ သန်းကျော် ရင်းနှီးမြှုပ်နှံထားကြောင်း၊ လူကြီးမင်းတို့အနေဖြင့် မိမိတို့နိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် အောင်မြင်နိုင်သည့် အခွင့်အလမ်းများကို ဖမ်းဆုပ်နိုင်ရန်အတွက် ယခုထက်ပိုမိုပြီး ရင်းနှီးမြှုပ်နှံကြရန် ဖိတ်ခေါ်လိုကြောင်း၊ မိမိတို့နှစ်နိုင်ငံ၏ ကုန်သွယ်မှုသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် သွင်းကုန်/ပို့ကုန် စုစုပေါင်း အမေရိကန်ဒေါ်လာ သန်း ၈၀၀၀ ကျော်ရှိသောကြောင့် နှစ်နိုင်ငံအကြား ကုန်သွယ်မှုသည် ခိုင်မာအားကောင်းနေသည်ကို ပေါ်လွင်နေကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံသည် ကမ္ဘာ့လူဦးရေ အများဆုံးနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြားတွင် နယ်နိမိတ်ချင်း ထိစပ်ရပ်တည်နေသောကြောင့် စားနပ်ရိက္ခာ၊ အခြားကုန်ပစ္စည်းများနှင့်ပတ်သက်ပြီး အဆင့်မီ တိုးမြှင့်ထုတ်လုပ်ရန် အခွင့်အလမ်းရှိသည့် နိုင်ငံဖြစ်ကြောင်း။

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ အဓိကတင်ပို့နေသည်မှာ ဆန်၊ ပဲမျိုးစုံနှင့် နှမ်း စသည့် စိုက်ပျိုးရေး ထွက်ကုန်များ၊ ကျွန်း၊ သစ်မာ ကုန်ကြမ်းများနှင့် သစ်အခြေခံ အချောထည် ထုတ်ကုန်များဖြစ်ကြောင်း၊ မိမိအနေဖြင့် ယခုကဲ့သို့ ပို့ကုန်များကို တန်ဖိုးမြင့် သစ်အခြေခံထုတ်ကုန်များ(Value-added Wood-based Products) ထုတ်လုပ်ပြီး ပြည်တွင်း၊ ပြည်ပ ဈေးကွက်များကို ဖြန့်ဖြူးတင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် တရုတ်-မြန်မာ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့ကို ယခုထက်မက တိုးမြှင့်သွားလိုကြောင်း၊ ယင်းအတွက်လည်း မိမိတို့၏ မိတ်ဖက်စီးပွားရေးလုပ်ငန်းရှင်များအတွက် အကျိုးခံစားခွင့်များနှင့် အခွန်ကင်းလွတ်သက်သာခွင့်များကို သိသာစွာ ပံ့ပိုးပေးထားကြောင်း။

လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊အခြေခံအဆောက်အအုံကဏ္ဍများနှင့်စပ်လျဉ်းပြီး မြန်မာနိုင်ငံသည် တောင်အာရှ၊ အရှေ့တောင်အာရှနှင့် တရုတ်နိုင်ငံတို့ ဆုံရာနေရာ၌ အချက်အချာကျကျ တည်ရှိသောကြောင့် လမ်းပန်းဆက်သွယ်မှု လမ်းဆုံနေရာတွင်ရှိကြောင်း၊ ထို့ပြင် တရုတ်နိုင်ငံအတွက် အိန္ဒိယသမုဒ္ဒရာထွက်ပေါက်ကို ဖန်တီးပေးနိုင်မည့် နိုင်ငံဖြစ်ကြောင်း၊ မြန်မာ့လမ်းပန်းဆက်သွယ်ရေးကဏ္ဍနှင့် အခြေခံအဆောက်အအုံကဏ္ဍသည်လည်း လူကြီးမင်းတို့ အတွက် အလားအလာကောင်းများရှိသည်ကို အသိပေးလိုကြောင်း။

ဒေသတွင်းဆောင်ရွက်ချက်များကို ပြောရမည်ဆိုပါက မြန်မာနိုင်ငံက ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု(RCEP) သဘောတူစာချုပ်ကို အတည်ပြုခဲ့သည့် ပထမဆုံး နိုင်ငံများထဲတွင်ပါဝင်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံကို RCEP သဘောတူစာချုပ်တွင် ၂၀၂၂ ခုနှစ်၊ မေလ ၁ ရက်မှစပြီး အသက်ဝင်ခဲ့ကြောင်းကို အတည်ပြုပေးခဲ့ကြောင်း၊ တစ်ဖက်တွင်လည်း RCEP သဘောတူစာချုပ်အရ RCEP ဖောင်ပုံစံများနှင့် ဆက်စပ်အာမခံချက် စာရွက်စာတမ်းများကို ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်မှ စတင်ပြီး ထုတ်ပေးလျက်ရှိကြောင်း၊ လူကြီးမင်းတို့အနေဖြင့် စီးပွားရေးအရ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန် အခွင့်အလမ်းများ ရရှိခံစားနိုင်မည်ဖြစ်ကြောင်း၊ RCEP သဘောတူစာချုပ်အပြင် တရုတ်နိုင်ငံနှင့်

နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်၊ အာဆီယံ-တရုတ် လွတ်လပ်သောကုန်သွယ်မှု ဒေသဆိုင်ရာ သဘောတူစာချုပ်(ACFTA)နှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေပါ အကာအကွယ်ပေးရေးနှင့် လွယ်ကူချောမွေ့စေရေး အစီအမံများကြောင့် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများကို ခိုင်ခိုင်မာမာနှင့် တိုးမြှင့်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

ဆက်လက်ပြီး မိမိတို့၏ မိတ်ဖက် တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံ၌ လုပ်ငန်းလည်ပတ်လုပ်ဆောင်ရာတွင် လွယ်ကူချောမွေ့စေရန် မိမိတို့၏ ဆောင်ရွက်ချက်အချို့ကို ထပ်မံမျှဝေလိုကြောင်း၊ ကုန်သွယ်မှု၊ နယ်စပ်ငွေလွှဲပြောင်းပေးချေမှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရာတွင် ယွမ်-ကျပ် တိုက်ရိုက်ငွေပေးချေမှုစနစ်ကို အကောင်အထည်ဖော်လျက်ရှိကြောင်း၊ သို့ဖြစ်၍ ယွမ်နှင့်ရင်းနှီးမြှုပ်နှံမှုများ အပြည့်အဝပြုလုပ်နိုင်ကြောင်း။

တရုတ်နိုင်ငံက ဦးစီးဆောင်ရွက်နေသည့် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု (Global Development Initiatives-GDI) တွင်ပါဝင်သည့် ဦးစားပေးနယ်ပယ် (၈)ခုတွင်လည်း မြန်မာနိုင်ငံနှင့်ကိုက်ညီသည့် ကဏ္ဍများစွာ ပါဝင်နေသောကြောင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရန် အခွင့်အလမ်းများပင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာနှင့် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများအရ တီထွင်ဆန်းသစ်မှုမှတစ်ဆင့် ကုန်ထုတ်လုပ်မှုစွမ်းအားနှင့် ယှဉ်ပြိုင်နိုင်စွမ်းအားတို့ကို အဓိက မြှင့်တင်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန် တက်ရောက်လာသည့် လူကြီးမင်းတို့အနေဖြင့် သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးမှုနှင့် နည်းပညာ ဖြန့်ဖြူးခြင်း အပိုင်းတွင် ဝင်ရောက်လက်တွဲလုပ်ကိုင်ကြရန်လည်း အလေးထားဖိတ်ခေါ်လိုကြောင်း။

မိမိတို့ တရုတ်-မြန်မာ နှစ်နိုင်ငံနယ်စပ်တွင် ဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခများနှင့်ပတ်သက်ပြီး အနည်းငယ်ပြောကြားလိုကြောင်း၊ လက်နက်ကိုင် အကြမ်းဖက် သောင်းကျန်းသူများအနေဖြင့် နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေး ကမ်းလှမ်းချက်များနှင့် နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးရန် ဖိတ်ခေါ်မှုများကို မျက်ကွယ်ပြုပြီး နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ခဲ့ကြောင်း၊ တရုတ်နိုင်ငံက မြန်မာနိုင်ငံအပေါ် အထင်အမြင်လွဲမှားအောင် နည်းမျိုးစုံဖြင့် ပြုလုပ်ပြီး နိုင်ငံရေးအရ၊ စစ်ရေးအရ အမြတ်ထွက်အောင် ဆောင်ရွက်ခဲ့ကြောင်း၊ နယ်စပ်ဒေသများတွင် တရားမဝင်ကုန်သွယ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်နေခြင်းသည် နှစ်နိုင်ငံအစိုးရများနှင့် နှစ်နိုင်ငံပြည်သူများအတွက် အကျိုးဖြစ်ထွန်းမှုမရှိဘဲ ဒေသတည်ငြိမ်ရေးအတွက် အန္တရာယ်များကြောင်း၊ လက်နက်ကိုင် သောင်းကျန်းမှု၊ တရားမဝင်လုပ်ငန်းများ လုပ်ဆောင်မှုများသည် ကူးစက်တတ်သည့် သဘောရှိကြောင်း၊ ယင်းသောင်းကျန်းသူများသည် ယခင်အတိတ်ကာလကလည်း နယ်စပ်ဒေသများတွင် မူးယစ်ဆေးဝါးလုပ်ငန်းများ၊ မှောင်ခိုလုပ်ငန်းများနှင့် တရားမဝင်လုပ်ငန်းများ လုပ်ဆောင်ပြီး စစ်ဘုရင်ဝါဒကို အသက်သွင်းခဲ့သည့်သူများဖြစ်ကြောင်း၊ ယခုချိန်တွင်လည်း ဒီမိုကရေစီအရေး၊ လူမျိုးစုအရေး စသည့်အရေးများကို ရုပ်ပြအဖြစ်အသုံးပြုပြီး စစ်ဘုရင်ဝါဒကို ပြန်လည်အသက်သွင်းနေသည်ကို တွေ့မြင်ရကြောင်း၊ "ကျားသေကို အသက်ပြန်မသွင်းမိကြစေဖို့" ပြောလိုကြောင်း၊ မိမိတို့ နှစ်နိုင်ငံအနေဖြင့် နယ်စပ်ဒေသကုန်သွယ်ရေးသည် နှစ်နိုင်ငံပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်ရေးကို တိုက်ရိုက်အထောက်အကူပြုသောကြောင့် နယ်စပ်ဒေသတည်ငြိမ်ပြီး ကုန်သွယ်ရေးလုပ်ငန်းများ ပြန်လည်စတင်နိုင်အောင် တတ်နိုင်သရွေ့ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် ပြောကြားလိုကြောင်း။

ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးခြင်းဖြင့် မိမိတို့နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု အလားအလာများကို ယခုနေရာမှ မျှဝေခွင့်ရခဲ့ကြောင်း၊ ယခုအခမ်းအနားမှတစ်ဆင့် မိမိတို့ နှစ်နိုင်ငံအကြား ရေရှည်တည်တံ့ခိုင်မြဲပြီး အနာဂတ်တွင် ပိုမိုကောင်းမွန်သည့် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်နိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

**လိုအပ်ချက်များအား ဆွေးနွေးပြောကြား**

ထို့နောက် တက်ရောက်လာကြသည့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလိုသည့် ပုဂ္ဂိုလ်များနှင့် ရင်းနှီးမြှုပ်နှံထားသည့် တရုတ်စီးပွားရေးလုပ်ငန်းရှင်များက မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများကို ဆောင်ရွက်နေမှုအခြေအနေများ၊ စီမံကိန်းများဆောင်ရွက်ရာတွင် အစိမ်းရောင်ပတ်ဝန်းကျင်ကို ဖော်ဆောင်နိုင်မည့် အခြေအနေများ၊ ရင်းနှီးမြှုပ်နှံမှုများ

ဆောင်ရွက်ရာတွင် ကြုံတွေ့နေရသည့် အခက်အခဲများအပေါ် မြန်မာနိုင်ငံအစိုးရမှ ဖြေရှင်းပေးနိုင်မည့် အခြေအနေများ၊ ကုမ္ပဏီများမှ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် မြန်မာနိုင်ငံမှ ချမှတ်ထားသည့် ပို့ကုန်သွင်းကုန် မူဝါဒများအား သိရှိလိုမှု၊ နှစ်နိုင်ငံစီးပွားဆက်သွယ်မှု လမ်းကြောင်းများအား ယခုထက်ပိုမိုပွင့်လန်းလာစေရေး ဆောင်ရွက်နိုင်ရန်လိုအပ်မှု၊ ကျောက်မီးသွေးမှ ဓာတ်မြေသြဇာထုတ်ယူမှု လုပ်ငန်းစဉ်အား မြန်မာနိုင်ငံ၌ လာရောက်ရင်းနှီးမြှုပ်နှံ ဆောင်ရွက်လိုမှုနှင့် ၎င်းစီမံကိန်းမှတစ်ဆင့် မြန်မာနိုင်ငံနှင့် နိုင်ငံသားတို့အတွက် အကျိုးကျေးဇူးများစွာကို ဖော်ဆောင်ပေးနိုင်မည့် အခြေအနေများ၊ ယခုကဲ့သို့ တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ၏ သိရှိလိုသည်များ မေးမြန်းမှုအပေါ် အချိန်ပေး၍ လက်ခံဖြေကြား ဆွေးနွေးပေးသည့်အတွက် မြန်မာနိုင်ငံ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်အား အထူးပင်ကျေးဇူးတင်ရှိသည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာမေးမြန်းဆွေးနွေးကြသည်။

## ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဆွေးနွေးပြောကြား

ထိုကဲ့သို့ တရုတ်နိုင်ငံမှ ကုမ္ပဏီများ၏ မေးမြန်းဆွေးနွေးမှုများနှင့်ပတ်သက်၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများအလိုက်မှ ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဆွေးနွေးပြောကြားရာတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်တို့က မြန်မာနိုင်ငံ၏ လျှပ်စစ်မီးသုံးစွဲမှု စနစ်များနှင့် လျှပ်စစ်ဓာတ်အားထုတ်ယူမှုနှင့်ပတ်သက်၍ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို အသုံးပြုမှုအပေါ် နိုင်ငံတော်အနေဖြင့် အားပေးဆောင်ရွက်လျက်ရှိမှု၊ လျှပ်စစ်ဓာတ်အား ပြည့်မီစွာထုတ်ယူသုံးစွဲနိုင်ရေးအတွက်လည်း ရေရှည်စီမံချက်များကို ချမှတ်ဆောင်ရွက်လျက်ရှိပြီး သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှု အနည်းဆုံးဖြစ်စေမည့် ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိမှု၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းအပါအဝင် အခြားနယ်ပယ်စုံ၌ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံလိုသူများအား ဖိတ်ခေါ်လျက်ရှိမှုနှင့် လာရောက်ရင်းနှီးမြှုပ်နှံသူများအတွက် အခွင့်အလမ်းများနှင့် သွင်းကုန်၊ ပို့ကုန် မူဝါဒများအား တတ်နိုင်သရွေ့ ဖြေလျှော့ဆောင်ရွက်ပေးလျက်ရှိမှု၊ နိုင်ငံခြားငွေ လဲလှယ်မှုများ အဆင်ပြေစေရေးနှင့် ပြည်တွင်းကုန်ဈေးနှုန်းများ ထိန်းသိမ်းနိုင်ရေးတို့အတွက် ကော်မတီများ ဖွဲ့စည်း၍ ကြပ်မတ်ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံခြားငွေ လဲလှယ်မှုနှင့်ပတ်သက်၍ အနောက်အုပ်စု၏ ငွေကြေးပိတ်ဆို့မှုများကြောင့် ငွေကြေးလဲလှယ်မှု နှုန်းထားများ ဖောင်းပွမှုများ ဖြစ်ပေါ်ခဲ့မှုနှင့် နိုင်ငံတော်အစိုးရအနေဖြင့် စနစ်တကျ ထိန်းချုပ်ဆောင်ရွက်ခဲ့ပြီး ငွေကြေးတည်ငြိမ်မှုရှိအောင် ဆောင်ရွက်နိုင်ခဲ့မှု၊ နိုင်ငံအချင်းချင်း စီးပွားရေး

> **စီမံကိန်းများဆောင်ရွက်မည်ဆိုပါက သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကိုလည်း မဖြစ်မနေ ထည့်သွင်းဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်၊ မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံမှ လုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုများကို ဝမ်းမြောက်စွာကြိုဆို၊ လာရောက်ရင်းနှီးမြှုပ်နှံကြသူများ၊ ကုန်သွယ်မှု ဆောင်ရွက်သူများအတွက် နစ်နာမှုများ မရှိစေရေး ကြိုးပမ်းဆောင်ရွက်ပေးသွားမည်ဖြစ်၊ မိမိတို့နိုင်ငံတွင် အောင်မြင်စွာ ဆောင်ရွက်နိုင်မည့် အခြေအနေရှိပြီး နိုင်ငံတော်မှ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ လျှောက်ထားဆောင်ရွက်နိုင်မည်ဖြစ်၊ မြန်မာနိုင်ငံဘက်မှလည်း လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး လာရောက်ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရာတွင် ကုန်ချောအဆင့်ထိ ထုတ်လုပ်ဆောင်ရွက်ခြင်းကို မိမိတို့အနေဖြင့် ပိုမိုအားပေးဆောင်ရွက်။**

လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုလွယ်ကူ မြန်ဆန်မှု ရှိစေရေးအတွက် ကျပ်-ယွမ်၊ ကျပ်-ဘတ်၊ ကျပ်-ရူပီး တို့ ကဲ့သို့ တိုက်ရိုက်ငွေကြေးသုံးစွဲမှု ပုံစံများဖြင့် ပေးချေနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ကျောက်မီးသွေးမှ ဓာတ်မြေဩဇာ ထုတ်လုပ်မှု လုပ်ငန်းစဉ်အား မြန်မာနိုင်ငံတွင် လာရောက် ရင်းနှီးမြှုပ်နှံ ဆောင်ရွက်လိုမှုအပေါ် နိုင်ငံတော်အဆင့် စီမံကိန်းအဖြစ် သတ်မှတ်၍ လိုအပ်သည့် ကွင်းဆင်း လေ့လာခြင်းနှင့် လုပ်ငန်းစဉ်များအဆင့်ဆင့် ဆောင်ရွက် လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ပြန်လည် ရှင်းလင်း ဆွေးနွေးပြောကြားကြသည်။

**ဖြည့်စွက်ဆွေးနွေးပြောကြား**

တရုတ်နိုင်ငံမှ ကုမ္ပဏီများ၏ မေးမြန်းဆွေးနွေးမှု များနှင့် ပြည်ထောင်စုဝန်ကြီးများ၏ ပြန်လည်ဆွေးနွေး မှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဖြည့်စွက်ဆွေးနွေးပြောကြား ရာတွင် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်တွင် ရေအားလျှပ်စစ်၊ နေရောင်ခြည်သုံးလျှပ်စစ်၊ လေအားလျှပ်စစ်ဟူ၍ရှိပြီး တရုတ်နိုင်ငံအနေဖြင့် ရေအားလျှပ်စစ်၊ နေရောင်ခြည်သုံး လျှပ်စစ်ဓာတ်အားတို့ကို အောင်မြင်စွာ ဆောင်ရွက်လျက် ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပူပြင်းသည့် ရာသီဥတု ရှိသည့်အတွက် နေရောင်ခြည်သုံး ဆိုလာစွမ်းအင်ကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အဆိုပါ ရာသီဥတုပူပြင်းသည့် ဒေသများ၌ လာရောက်ရင်းနှီး မြှုပ်နှံမည်ဆိုပါက အောင်မြင်နိုင်မည်ဖြစ်ပြီး ဆောင်ရွက် မည်ဆိုပါက ဆိုလာစွမ်းအင်မှရရှိသည့် လျှပ်စစ်ဓာတ် အားဖြင့် ရေရရှိအောင် ဆောင်ရွက်၍ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက် ကြရန်လိုကြောင်း၊ အလားတူ ရေအားလျှပ်စစ် စီမံကိန်းများ ဆောင်ရွက်မည်ဆိုပါကလည်း ၎င်းကြောင့် ထိခိုက်နိုင်မည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို မဖြစ် မနေ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စီမံကိန်းများ ဆောင်ရွက်မည်ဆိုပါက သဘာဝပတ်ဝန်းကျင် စိမ်းလန်း စိုပြည်ရေးလုပ်ငန်းများကိုလည်း မဖြစ်မနေ ထည့်သွင်း ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ အနေဖြင့် တရုတ်နိုင်ငံမှ လုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှု များကို ဝမ်းမြောက်စွာ ကြိုဆိုပါကြောင်း။

ငွေကြေးဖောင်းပွမှုများနှင့်ပတ်သက်၍လည်း တိုက်ရိုက် ငွေပေးချေမှုနည်းလမ်းဖြင့် အဖြေရှာ ဆောင်ရွက်လျက် ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လာရောက်ရင်းနှီးမြှုပ်နှံ ကြသူများ၊ ကုန်သွယ်မှု ဆောင်ရွက်သူများအတွက် နစ်နာ မှုများ မရှိစေရေး ကြိုးပမ်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာ၌ အခက်အခဲများ ကြုံတွေ့ခဲ့ပါကလည်း တင်ပြဆောင်ရွက်သွားနိုင်ပြီး နိုင်ငံတော်အနေဖြင့် ဖြေရှင်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများတွင် လာရောက်ရင်းနှီး မြှုပ်နှံလိုမှုနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် အောင်မြင်စွာ ဆောင်ရွက်နိုင်မည့် အခြေအနေရှိပြီး နိုင်ငံတော်မှ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ လျှောက်ထားဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ဘက်မှလည်း လိုအပ်သည်များ ကူညီဆောင်ရွက်ပေး သွားမည်ဖြစ်ပြီး လာရောက်ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက် ရာတွင် ကုန်ချောအဆင့်ထိ ထုတ်လုပ်ဆောင်ရွက်ခြင်းကို မိမိတို့အနေဖြင့် ပိုမိုအားပေးဆောင်ရွက်လိုပါကြောင်း၊ နယ်စပ်ဒေသ ကုန်သွယ်မှုလုပ်ငန်းများ မူလအခြေအနေ အတိုင်း ပြန်လည်ရောက်ရှိနိုင်ရေးအတွက်လည်း အားလုံး က ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးစေလိုကြောင်း။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အဓိက ဆောင်ရွက် သည့် နိုင်ငံဖြစ်သဖြင့် ကျောက်မီးသွေးမှ ဓာတ်မြေဩဇာ ထုတ်လုပ်သည့်စီမံကိန်း အောင်မြင်စွာ ဖြစ်မြောက်စေရေး မိမိအနေဖြင့် အားပေးပါကြောင်း၊ လိုအပ်သည့် လုပ်ငန်း စဉ်များ အဆင့်အလိုက် ဆက်လက်တိုးတက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း၊ သံမဏိထုတ်လုပ်ရေးစီမံကိန်း များ လာရောက်ရင်းနှီးမြှုပ်နှံလိုမှုနှင့်ပတ်သက်၍လည်း မိမိတို့အနေဖြင့် ကြိုဆိုပါကြောင်းနှင့် လိုအပ်သည့် ဆွေးနွေးမှုများကို ဆက်လက်ဆောင်ရွက်သွားနိုင်ပါ ကြောင်း ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ် ဆွေးနွေးပြောကြားရာ၌ ယခုကဲ့သို့ ရင်းရင်းနှီးနှီး ဆွေးနွေးပြောကြားရသည့် အတွက် မိမိအနေဖြင့် ဝမ်းမြောက်မိပါကြောင်းနှင့် မြန်မာ နိုင်ငံနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများအတွက် ယုံယုံကြည်ကြည်ဖြင့် လာရောက် ရင်းနှီးမြှုပ်နှံဆောင်ရွက် နိုင်ပါကြောင်း ပြောကြားသည်။

■ ■ ■

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Li Qiang နှင့် တွေ့ဆုံဆွေးနွေးစဉ် ပြောကြားသည့် အမှာစကား

( ၆ - ၁၁ - ၂၀၂၄ )



တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ ထိပ်သီးအစည်းအဝေးများ တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် H.E. Mr. Li Qiang အဖွဲ့အား နိုဝင်ဘာလ ၆ ရက်နေ့ မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ရှိ Haigeng Garden Hotel ၌ တွေ့ဆုံသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ်က လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားမည်**

ထို့နောက် ဆွေးနွေးပွဲကို စတင်ကျင်းပပြုလုပ်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ်က အဆွေတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား မိမိတို့အနေဖြင့် လှိုက်လှဲနွေးထွေးစွာ ကြိုဆိုပါကြောင်း၊ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် တောတောင်ရေမြေချင်းထိစပ်နေပြီး နက်ရှိုင်းသည့် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး ထူထောင်ခဲ့ကြပါကြောင်း၊ နိုင်ငံရေးအရ ပြောင်းလဲဖြစ်ပေါ်မှုများ၊ စိန်ခေါ်မှုများကို နှစ်နိုင်ငံအကြား ခိုင်မြဲသည့် ဆက်ဆံရေးဖြင့် အတူတကွ လက်တွဲကျော်ဖြတ်နိုင်ခဲ့ကြပြီး ဆက်လက်၍လည်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်း

ဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ပြန်လည်ပြောကြားရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရနှင့် တာဝန်ရှိသူများအနေဖြင့် မိမိတို့ကိုယ်စားလှယ်အဖွဲ့၏ ယခုခရီးစဉ်အတွင်း ညှော်ဝတ်ကျေပွန်စွာ စီစဉ်ဆောင်ရွက်ပေးမှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတည်ထောင်ခြင်း

> တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်ခြင်း (၇၅) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားနှင့် အကြိမ်(၂၀)မြောက် တရုတ်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီ၏ တတိယအကြိမ်မျက်နှာစုံညီ အစည်းအဝေးတို့ကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းအတွက် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် ဆွေမျိုးပေါက်ဖော် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ ဆွေးနွေးနိုင်ကာ နှစ်နိုင်ငံအကြားသာမက ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတို့၌ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်၊ တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများ၊ စီမံကိန်းများနှင့် နိုင်ငံသားများ၏ လုံခြုံဘေးကင်းရေးကို အထူးအလေးထား ဆောင်ရွက်လျက်ရှိ၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးနှင့် နည်းပညာအကူအညီများ၊ ပူးပေါင်းဆောင်ရွက်မှုများ၊ စွမ်းအင်ကဏ္ဍ လုံခြုံရေးအတွက် ဆက်လက်ဆွေးနွေး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်။

(၇၅) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားနှင့် အကြိမ်(၂၀)မြောက် တရုတ်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီ၏ တတိယအကြိမ်မျက်နှာစုံညီ အစည်းအဝေးတို့ကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းအတွက် မိမိအနေဖြင့် ဝမ်းမြောက်စွာ ဂုဏ်ပြုပါကြောင်း၊ ယနေ့တွေ့ဆုံမှု၌ နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ဆွေမျိုးပေါက်ဖော်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ ဆွေးနွေးနိုင်ကာ နှစ်နိုင်ငံအကြားသာမက ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတို့၌ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ တရုတ်နိုင်ငံတည်ထောင်ခဲ့သည့် နှစ်ပေါင်း (၇၀)ကျော် ကာလအတွင်း၌လည်း တရုတ်တစ်နိုင်ငံတည်းမူဝါဒကို အောင်မြင်စွာ ကျင့်သုံးနိုင်ခဲ့ပြီး တရုတ်နိုင်ငံအစိုးရအတွက် အလွန်အရေးကြီးသည့် မူဝါဒတစ်ရပ်ဖြစ်သဖြင့် မြန်မာနိုင်ငံအနေဖြင့် တရုတ်တစ်နိုင်ငံတည်းမူဝါဒကို အစဉ်အမြဲထောက်ခံနေမှုအား လေးနက်စွာ ထပ်လောင်းပြောကြားလိုကြောင်း။

မြန်မာနိုင်ငံတွင်ဖြစ်ပေါ်ခဲ့သည့် ရာဂီမုန်တိုင်းအရှိန်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများအတွက် တရုတ်အနေဖြင့် ကူညီထောက်ပံ့ပေးခဲ့မှုများကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံကြသည့် နိုင်ငံပေါင်း (၅၂) နိုင်ငံအနက် တရုတ်နိုင်ငံသည် ဒုတိယအများဆုံး ရင်းနှီးမြှုပ်နှံသည့် နိုင်ငံဖြစ်၍ တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများ၊ စီမံကိန်းများနှင့် နိုင်ငံသားများ၏ လုံခြုံဘေးကင်းရေးကို အထူးအလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးနှင့် နည်းပညာအကူအညီများ၊ ပူးပေါင်းဆောင်ရွက်မှုများ၊ စွမ်းအင်ကဏ္ဍ လုံခြုံရေးအတွက် ဆက်လက်ဆွေးနွေး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မူဆယ်-မန္တလေး-ကျောက်ဖြူ ရထားလမ်းသစ်ဖောက်လုပ်ရေးစီမံကိန်းအား နယ်မြေဒေသ အခြေအနေအရ စတင်ဖောက်လုပ်နိုင်မည့်နေရာများ၌ လုပ်ငန်းစတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိကူမင်းမြို့သို့ ရောက်ရှိနေစဉ်အတွင်း မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်နေသည့် တရုတ်နိုင်ငံမှ လုပ်ငန်းရှင်များ၊ ဆောင်ရွက်လိုသူများနှင့် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်

ခဲ့ရာ စီးပွားရေးအရ တက်ကြွသည့် အမြင်များနှင့် ထက်သန်သည့် ပူးပေါင်းဆောင်ရွက်မှုများကို တွေ့မြင်ခဲ့ရကြောင်း၊ မြန်မာဘက်မှ လိုအပ်သောအကူအညီနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းအရ စီးပွားရေးစင်္ကြံတည်ဆောက်မှု စီမံချက်အား မြန်မာဘက်မှ အလေးထား ဆောင်ရွက်နေကြောင်းဖြင့် ပြောကြားပြီး စိုက်ပျိုးရေးကဏ္ဍ၊ အားကစားကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ကျေးလက်ဖွံ့ဖြိုးရေးကဏ္ဍတို့တွင် လုပ်ဆောင်လိုသည့် အစီအမံများအား အသေးစိတ်ညှိနှိုင်းပြောကြားသည်။

ဆက်လက်ပြီး ငြိမ်းချမ်းရေးကဏ္ဍနှင့်ပတ်သက်၍ မြန်မာ့တပ်မတော်အနေဖြင့် ၂၀၁၈ ခုနှစ်ကတည်းက စတင်ကာ အပစ်အခတ်ရပ်စဲရေးကို တစ်ဖက်သတ်ကြေညာခဲ့ပြီး ငြိမ်းချမ်းရေးကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ အပစ်အခတ်ရပ်စဲရေး ကြေညာထားသည့် ကာလအတွင်း လက်နက်ကိုင်အဖွဲ့များက တိုက်ခိုက်မှသာ တပ်မတော်မှ တုံ့ပြန်တိုက်ခိုက်ခဲ့ခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ MNDAA ၊ TNLA နှင့် AA သောင်းကျန်းသူအဖွဲ့များအနေဖြင့် မြန်မာနိုင်ငံအစိုးရ၏ ၂၀၂၂ ခုနှစ်၊ ဧပြီလက ငြိမ်းချမ်းရေးကမ်းလှမ်းချက်ကို ငြင်းပယ်ပြီး MNDAA အနေဖြင့် ၎င်းတို့၏ အထူးဒေသ(၁) ပြန်လည်အသက်သွင်းနိုင်ရေး ရှမ်းပြည်နယ်မြောက်ပိုင်း၊ နယ်စပ်ဒေသတွင်ရှိသည့် တပ်မတော်လုံခြုံရေးတပ်စခန်းများနှင့် ချင်းရွှေဟော်မြို့ကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်၌ အင်အားသုံး စတင်တိုက်ခိုက်ခဲ့ကြောင်း၊ တရုတ်အစိုးရ၏ ကြားဝင်စေ့စပ်မှုဖြင့် ငြိမ်းချမ်းရေး သဘောတူညီချက်ရရှိခဲ့သော်လည်း ၎င်းတို့အနေဖြင့် သဘောတူညီချက်ကို ချိုးဖောက်ကာ မြို့ရွာများကို ဆက်လက်တိုက်ပွဲဖော်ဆောင်ခဲ့ကြောင်း၊ ၎င်းတို့အနေဖြင့် ငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားပါက မိမိတို့အနေဖြင့် ငြိမ်းချမ်းရေးတံခါးကို အမြဲဖွင့်ထားပြီး ဆွေးနွေးရန်အသင့်ရှိပါကြောင်း၊ လက်နက်ကိုင်အကြမ်းဖက်သမားများအနေဖြင့် ဖြစ်လိုသည်ကို ရှေ့တန်းတင်မည့်အစား ဖြစ်သင့်သည်ကို လုပ်ဆောင်ကြရန်လိုကြောင်း၊ MNDAA ၊ TNLA နှင့် AA အဖွဲ့သုံးဖွဲ့အနေဖြင့် ငြိမ်းချမ်းရေးကို လိုလားကြောင်း ရှင်းလင်းပြတ်သားသည့်လုပ်ဆောင်ချက်ပြသလာမှသာလျှင် မိမိတို့အနေဖြင့် ဆွေးနွေးမှုကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ နယ်စပ်ဒေသတည်ငြိမ်ရေး၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးသည်ဒေသနှင့်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်ပင်အရေးပါပြီး တည်ငြိမ်အေးချမ်းမှုရှိမှသာလျှင် စီးပွားရေး၊ ကုန်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နယ်စပ်ဒေသရှိလက်နက်ကိုင်များ၏ အထောက်အပံ့များဖြစ်သည့် တရားမဝင်လုပ်ငန်းများ၊ တရားမဝင် ကုန်သွယ်မှုများကို တိုက်ဖျက်ရှင်းလင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကုန်သွယ်မှု မြှင့်တင်ရန်အတွက် နယ်စပ်ကုန်သွယ်ရေးသည် အရေးပါပြီး တရုတ်-မြန်မာ နှစ်နိုင်ငံအကြား ယွမ်-ကျပ် တိုက်ရိုက်ကုန်သွယ်မှုကိုလည်း ဖော်ဆောင်လျက်ရှိကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ်က

> **MNDAA ၊ TNLA နှင့် AA သောင်းကျန်းသူအဖွဲ့များအနေဖြင့် မြန်မာနိုင်ငံအစိုးရ၏ ၂၀၂၂ ခုနှစ်၊ ဧပြီလက ငြိမ်းချမ်းရေး ကမ်းလှမ်းချက်ကို ငြင်းပယ်ပြီး MNDAA အနေဖြင့် ၎င်းတို့၏ အထူးဒေသ(၁) ပြန်လည်အသက်သွင်းနိုင်ရေး ရှမ်းပြည်နယ်မြောက်ပိုင်း၊ နယ်စပ်ဒေသတွင်ရှိသည့် တပ်မတော်လုံခြုံရေးတပ်စခန်းများနှင့် ချင်းရွှေဟော်မြို့ကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်၌ အင်အားသုံး စတင်တိုက်ခိုက်ခဲ့၊ တရုတ်အစိုးရ၏ ကြားဝင်စေ့စပ်မှုဖြင့် ငြိမ်းချမ်းရေး သဘောတူညီချက်ရရှိခဲ့သော်လည်း ၎င်းတို့အနေဖြင့် သဘောတူညီချက်ကို ချိုးဖောက်ကာ မြို့ရွာများကို ဆက်လက်တိုက်ပွဲ ဖော်ဆောင်ခဲ့။**

မြန်မာနိုင်ငံ၏ ပြည်တွင်းတည်ငြိမ်အေးချမ်းရေးအတွက် တရုတ်နိုင်ငံအနေဖြင့် အပြည့်အဝ ထောက်ခံအားပေး ကူညီသွားမည်ဖြစ်ပြီး အိမ်နီးချင်းကောင်းနိုင်ငံအဖြစ် ထာဝရ ရပ်တည်သွားမည်ဖြစ်ကြောင်း၊ မြန်မာအစိုးရ အနေဖြင့် ဖြစ်ပေါ်နေသည့် လက်နက်ကိုင်ပဋိပက္ခများကို အကြမ်းဖက်သည့်နည်းဖြင့် ပြန်လည်မဖြေရှင်းဘဲ နိုင်ငံရေးအရ ဖြေရှင်းနိုင်ရေး ဖိတ်ခေါ်ဆောင်ရွက်ခဲ့မှု များကိုလည်း ချီးကျူးမိပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် ၅ ရပ်ကို ထောက်ခံပါကြောင်းနှင့် မြန်မာ နိုင်ငံ၏ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက်လည်း ဆန္ဒပြုကူညီနိုင်မည်ဖြစ်ကြောင်း၊ မြန်မာ နိုင်ငံမြောက်ပိုင်း တည်ငြိမ်အေးချမ်းရေးသည် အရေးကြီးပြီး တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နယ်မြေပိုင်ဆိုင်မှုတို့ကို ထပ်လောင်းအသိအမှတ်ပြုပါ ကြောင်းနှင့် တရုတ်နိုင်ငံအတွင်း အခြေပြု၍ မြန်မာနိုင်ငံ၏ အကျိုးကို ပျက်စီးအောင် ဆောင်ရွက်နေမှုများကို လက်သင့် ခံမည်မဟုတ်ကြောင်း၊ နှစ်နိုင်ငံနယ်စပ်ဂိတ်များသည် အစိုးရ၏ စီမံခန့်ခွဲမှုအောက်တွင် ရှိရမည်ဖြစ်ပြီး အပြည့်အဝ စီမံခန့်ခွဲနိုင်ရေးအတွက်လည်း ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရုတ်-မြန်မာ ဆက်ဆံရေးနှင့် နိုင်ငံရေးအရ ယုံကြည်မှုများ ပိုမို တိုးတက်လာစေရေး ဆက်လက်ဆွေးနွေး ဆောင်ရွက် သွားမည်ဖြစ်ကြောင်း၊ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ တည်ဆောက်ရေးသည် ထိပ်တန်းစီမံကိန်းဖြစ်သဖြင့် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း၊ တရုတ်-မြန်မာ ပြည်သူများအကြား ချစ်ကြည် ရင်းနှီးမှု မြှင့်တင်ရေးနှင့် လာမည့်သံတမန်ဆက်ဆံမှု ၇၅ နှစ် စိန်ရတု ကာလမှစ၍ နယ်ပယ်ပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက် မှုများကို ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ် ကြောင်း၊ မြန်မာနိုင်ငံ၏ အရေးသည် တရုတ်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံအရေးပင်ဖြစ်သဖြင့် နိုင်ငံတကာ မျက်နှာ စာ၌လည်း တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် ရပ်တည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြား သည်။

■ ■ ■

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများ၊ ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကား

( ၆ - ၁၁ - ၂၀၂၄ )





တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့သို့ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နိုဝင်ဘာလ ၆ ရက်နေ့ နံနက်ပိုင်းတွင် ကူမင်းမြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများနှင့်ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံအမှာစကား ပြောကြားသည်။

## ရှင်းလင်းတင်ပြ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ကောင်စစ်ဝန်ချုပ် ဦးသွင်ထက်လင်းနှင့် ဝန်ထမ်းများက တာဝန်ထမ်းဆောင်မှုများနှင့်ပတ်သက်၍လည်းကောင်း၊ ပညာတော်သင် သင်တန်းသားများက သင်တန်းတက်ရောက်မှု ဆိုင်ရာများနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ အဋ္ဌမ အကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေးနှင့် အခြားသော အစည်းအဝေးများကို တက်ရောက်ရန် ရောက်ရှိနေစဉ်အတွင်း နိုင်ငံတော်၏ တာဝန်များကို ရေခြား၊ မြေခြား၌ ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအား လိုအပ်သည်များ မှာကြားနိုင်ရန် လာရောက်တွေ့ဆုံခြင်း ဖြစ်ကြောင်း၊ နိုင်ငံရပ်ခြားတွင် မိမိတို့ နိုင်ငံတော်၏ တာဝန်များကို အတူတကွ လာရောက်ထမ်းဆောင်နေကြခြင်းဖြစ်သည့်အတွက် တစ်ဦးနှင့်တစ်ဦး ဖေးမကူညီစောင့်ရှောက်ကြရန်နှင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့တာဝန် ထမ်းဆောင်ရသည့်နိုင်ငံ၏ သမိုင်းကြောင်းနှင့် အလေ့အထများ၊ ဖွံ့ဖြိုးတိုးတက်မှုများကို မျက်ခြည်မပြတ် လေ့လာ၍ လိုအပ်သည်များကို သင်ခန်းစာယူကာ မိမိတို့

နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း မည်ကဲ့သို့ဆောင်ရွက်နိုင်မည်ကို အဖြေရှာဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးမောင်းနှင်အားသည် အဓိကကျသောကြောင့် နှစ်နိုင်ငံအကျိုးတူစီးပွားရေးလုပ်ငန်းများ၊ ပို့ကုန်သွင်းကုန်လုပ်ငန်းများအခွင့်အလမ်းရရှိစေရေး သံတမန်ဆက်ဆံရေးမှတစ်ဆင့်ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း၊ သံတမန်လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာ၌ ပေါင်းသင်းဆက်ဆံမှုကောင်းခြင်းသည် လုပ်ငန်းတာဝန်များ ပိုမိုအဆင်ပြေချောမွေ့စွာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း။

**နိုင်ငံ့ဂုဏ်ကို မြှင့်တင်ဆောင်ရွက်**

နိုင်ငံအချင်းချင်း ဆက်ဆံရာတွင် သံတမန်ဆက်ဆံရေးသည် များစွာအရေးပါသောကြောင့် ကောင်စစ်ဝန်ရုံးဝန်ထမ်းများအနေဖြင့် မိမိတို့နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးနှင့်နိုင်ငံ့အကျိုးစီးပွားတိုးတက်လာစေရေး နိုင်ငံ့ဝန်ထမ်းကောင်းပီသစွာဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ တာဝန်များကို ထမ်းဆောင်ရာ၌ နိုင်ငံရေးနှင့် နိုင်ငံ့အရေးကို ကွဲပြားစွာသိမြင်ကြရန်လိုပြီး မိမိတို့ နိုင်ငံတော်၏အကျိုးကို တတ်စွမ်းသည့်အပိုင်းမှ ဖော်ဆောင်သွားကြရန်လိုကြောင်း၊ ထို့ပြင် ပညာတော်သင် စစ်ဘက်၊ အရပ်ဘက်မှသင်တန်းသားများအနေဖြင့်လည်း သင်ကြားပေးသည့်အတတ်ပညာများကို အလေးအနက်ထား သင်ယူသွားကြရန်လိုပြီး အမြဲမပြတ် လေ့လာအားထုတ်နေကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားပြီး နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများ၊ ပါတီစုံဒီမိုကရေစီလမ်းကြောင်း ခိုင်မာမှုရှိစေရေးနှင့် စစ်မှန်ပြီး ရိုးသားသည့်ဒီမိုကရေစီစနစ်ဖြစ်စေရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အခြေအနေများနှင့်ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

■ ■ ■

# အငှမအကြိမ် မဟာမဲခေါင်ဒေသခွဲ(ဂျီအမ်အက်စ်) ထိပ်သီးအစည်းအဝေးတွင် ပြောကြားသည့် အမှာစကား

## ( ၇ - ၁၁ - ၂၀၂၄ )




အငှမအကြိမ် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး (8th Greater Mekong Subregion Summit)ကို နိုဝင်ဘာလ ၇ ရက်နေ့ နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကူမင်းမြို့၊ ဟိုင်ဂန်ကွန်ဗင်းရှင်းစင်တာ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပါဝင်တက်ရောက်သည်။

**တက်ရောက်**

အစည်းအဝေးသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Li Qiang ၊ ကမ္ဘောဒီးယားဘုရင့်နိုင်ငံဝန်ကြီးချုပ် H.E. Mr. Hun Manet၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Sonexay Siphandone ၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် H.E. Ms. Paetongtarn Shinawatra၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Pham Minh Chich ၊ အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ Mr. Masatsugu Asakawa နှင့် မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အရာရှိကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။ အငှမအကြိမ် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေးကို အပိုင်းနှစ်ပိုင်းဖြင့် ကျင်းပပြုလုပ်ခဲ့ပြီး “နိုင်ငံ့ခေါင်းဆောင်များ သီးသန့်အစည်းအဝေး”နှင့် “မျက်နှာစုံညီ အစည်းအဝေး”ဟူ၍ အပိုင်းနှစ်ပိုင်းခွဲ၍ ကျင်းပပြုလုပ်သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အစည်းအဝေးများသို့ တက်ရောက်ရန် ရောက်ရှိ

လာရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်က ကြိုဆိုနှုတ်ဆက်ပြီး အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးချုပ်များနှင့် အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ပထမအပိုင်းဖြစ်သည့် နိုင်ငံ့ခေါင်းဆောင်များ သီးသန့်အစည်းအဝေးကို ကျင်းပပြုလုပ်ရာ သဘာပတိဖြစ်သူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားပြီး တက်ရောက်လာကြသည့် နိုင်ငံ့ခေါင်းဆောင်များက "ဆန်းသစ်တီထွင်မှုဖော်ဆောင်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်ရေး"ခေါင်းစဉ်ဖြင့် ဒေသတွင်းပေါင်းစည်းဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များနှင့် ပြင်ဆင်ထားရမည့် ကိစ္စရပ်များအပေါ် အကြံပြုဆွေးနွေးကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးပြောကြားရာတွင် ယနေ့ နိုင်ငံ့ခေါင်းဆောင်များ သီးသန့်အစည်းအဝေးတွင် ဆန်းသစ်တီထွင်မှုဖြင့် အောင်မြင်သည့်ဒေသခွဲတစ်ခု ပေါ်ပေါက်လာစေရန် ဦးတည်ဆွေးနွေးလိုကြောင်း၊ ယနေ့ခေတ်တွင် နည်းပညာနှင့် သုတေသန တီထွင်မှုများသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးမှုအတွက် များစွာ အထောက်အကူပြုသည်ကို အားလုံးသိပြီးဖြစ်ကြောင်း၊ လျင်မြန်စွာ ပြောင်းလဲနေသည့် ကမ္ဘာ့စီးပွားရေးတွင် ဆန်းသစ်တီထွင်မှုကို အားပေးသည့် နိုင်ငံများ၊ ဒေသများ အနေဖြင့် စီးပွားရေးတိုးတက်မှုကို မြှင့်တင်နိုင်ပြီး အလုပ်အကိုင်များ ဖန်တီးပေးနိုင်ခြင်း၊ ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်လာနိုင်ခြင်းစသည့် လူမှုဘဝအရည်အသွေးများကို မြှင့်တင်ပေးနိုင်သည်ကို တွေ့ရကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသတွင်း စီးပွားရေးလုပ်ငန်းရှင်များကပါ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်မှုနှင့် ပတ်သက်၍ ပြောကြားရာ၌ "တစ်ချိန်တည်းမှာပဲ တီထွင်ဆန်းသစ်မှုများဟာ မိမိနိုင်ငံရဲ့ ရေမြေသဘာဝ၊ ပထဝီအနေအထားတွေနဲ့ ကိုက်ညီဖို့လိုတဲ့အပြင် အစိုးရ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ ပုဂ္ဂလိကနဲ့ ဒေသန္တရ အစိုးရများအပြင် အသိပညာရှင် အတတ်ပညာရှင်တွေ၊ စွန့်ဦးတီထွင်သူတွေနဲ့ စီးပွားရေးလုပ်ငန်းရှင်များကပါ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်"ဟု ပြောကြားသည်။

အခြားတစ်ဖက်တွင်လည်း အရင်းအမြစ်များရရှိနိုင်မှုသည် အလွန်ပင်အရေးကြီးကြောင်း၊ ဆန်းသစ်တီထွင်မှုအတွက် သုတေသနနှင့် ဖွံ့ဖြိုးမှု(R&D)သည် မရှိမဖြစ်လိုအပ်သည့် အရင်းအမြစ်ဖြစ်သကဲ့သို့ ဆန်းသစ်တီထွင်မှုရန်ပုံငွေအတွက် အစိုးရ၊ ပုဂ္ဂလိကနှင့် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှု၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ပံ့ပိုးမှု စသည့် နယ်ပယ်ပေါင်းစုံက အရင်းအမြစ်များနှင့် ပေါင်းစည်းပြီး ဆောင်ရွက်မှသာ ပြည့်စုံမည်ဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံအတွက် ဆန်းသစ်တီထွင်မှုကိုဖော်ဆောင်ရာတွင် အုပ်ချုပ်မှုယန္တရားအဖြစ် လုပ်ငန်းအဖွဲ့၊ ဖိုရမ် စသည်ဖြင့် ဆောင်ရွက်မည့် အစီအမံများ စနစ်တကျရှိရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံတွင် အမျိုးသားသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကောင်စီကို ဖွဲ့စည်းထားပြီး ဆန်းသစ်တီထွင်မှုဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်

> **တီထွင်ဆန်းသစ်မှုများဟာ မိမိနိုင်ငံရဲ့ ရေမြေသဘာဝ၊ ပထဝီအနေအထားတွေနဲ့ ကိုက်ညီဖို့လိုတဲ့အပြင် အစိုးရ၊ ဖွံ့ဖြိုးမှု မိတ်ဖက်များ၊ ပုဂ္ဂလိကနဲ့ ဒေသန္တရ အစိုးရများအပြင် အသိပညာရှင် အတတ်ပညာရှင်တွေ၊ စွန့်ဦးတီထွင်သူတွေနဲ့ စီးပွားရေးလုပ်ငန်းရှင်များကပါ ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြရမှာဖြစ်၊ နိုင်ငံတစ်နိုင်ငံအတွက် ဆန်းသစ်တီထွင်မှုကို ဖော်ဆောင်ရာတွင် အုပ်ချုပ်မှုယန္တရားအဖြစ် လုပ်ငန်းအဖွဲ့၊ ဖိုရမ် စသည်ဖြင့် ဆောင်ရွက်မည့် အစီအမံများ စနစ်တကျ ရှိရန်လိုအပ်၊ မြန်မာနိုင်ငံတွင် အမျိုးသား သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ကောင်စီကို ဖွဲ့စည်းထားပြီး ဆန်းသစ်တီထွင်မှုဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိ။**

လျက်ရှိကြောင်း။

စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံများနှင့် ဖွဲ့စည်းထားသည့် ဂျီအမ်အက်စ် ဒေသခွဲအနေဖြင့် စိုက်ပျိုးစီးပွားပိုမိုတိုးတက်ထွန်းကားလာရန်နှင့် စားနပ်ရိက္ခာ ဖူလုံရန်အတွက် ဆန်းသစ်တီထွင်မှုနှင့် အရှိန်မြှင့်တင်ရမည်ပင်ဖြစ်ကြောင်း၊ ဂျီအမ်အက်စ် အစီအစဉ်၏ ကဏ္ဍအားလုံးကို ဆန်းသစ်တီထွင်မှုမဟာဗျူဟာနှင့် ချိတ်ဆက်ဆောင်ရွက်ရန် အရေးကြီးကြောင်း၊ မဟာဗျူဟာအရ အထူးသဖြင့် စိုက်ပျိုးရေး၊ ခရီးသွားလုပ်ငန်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတို့ကို ဦးစားပေးဆောင်ရွက်သွားမည်ဆိုသည့် လုပ်ငန်းစဉ်ကလည်း ဒေသတွင်းလိုအပ်ချက်အရ များစွာသင့်လျော်ကြောင်း။

ယင်းဦးစားပေး ကဏ္ဍများအပြင် ကျန်ရှိနေသည့် စွမ်းအင်၊ ကျန်းမာရေး၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် ပို့ဆောင်ရေးကဏ္ဍတို့တွင် ဆက်လက်ဆောင်ရွက်သွားရန် ပြင်ဆင်ထားကြရမည် ဖြစ်ကြောင်း၊ အထူးသဖြင့် ကျန်းမာရေးကဏ္ဍတွင် နည်းပညာအသစ်များဖြင့် ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှု၊ ကျန်းမာရေးနှင့် လူသားအရင်းအမြစ်ချိတ်ဆက်မှု၊ ဆေးပညာဆိုင်ရာ တက္ကသိုလ်အဆင့်ချိတ်ဆက်မှုများမှတစ်ဆင့် ကုသမှု နည်းပညာများ ပေါင်းစည်းဆောင်ရွက်ခြင်း၊ အဆင့်မြင့် ကုသနည်းဖော်ထုတ်ခြင်းများကို ဆောင်ရွက်ကြရန်နှင့် နည်းပညာလွှဲပြောင်းမှု စင်တာများနှင့် အသိပညာ ဖြန့်ဝေရေးစင်တာများမှတစ်ဆင့် ချိတ်ဆက်ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း။

နိုင်ငံအသီးသီးတွင် မူပိုင်ခွင့်ဥပဒေများ၊ သက်ဆိုင်ရာကဏ္ဍအလိုက် ဥပဒေများက ပြဋ္ဌာန်းထားပြီးဖြစ်ကြသည့်အတွက် နိုင်ငံအချင်းချင်းဖြစ်စေ၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများက တစ်ဆင့်ဖြစ်စေ ဆန်းသစ်တီထွင်မှုကဏ္ဍတွင် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ခြင်းဖြင့် ဂျီအမ်အက်စ်ဒေသခွဲအတွင်း အဖွဲ့ဝင်နိုင်ငံအားလုံးအတွက် တိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ကြောင်း အကြံပြုဆွေးနွေးခဲ့သည်။

**စုစုပေါင်း ၂၀၀ ခန့် ပါဝင်တက်ရောက်**

ထို့နောက် အစည်းအဝေး အစီအစဉ် ဒုတိယအပိုင်းအဖြစ် “ဆန်းသစ်တီထွင်မှု ဖော်ဆောင်ခြင်းဖြင့် ပိုမိုကောင်းမွန်သည့် အသိုက်အဝန်းဆီသို့” ခေါင်းစဉ်ဖြင့်

**နိုင်ငံအသီးသီးတွင် မူပိုင်ခွင့်ဥပဒေများ၊ သက်ဆိုင်ရာကဏ္ဍအလိုက် ဥပဒေများက ပြဋ္ဌာန်းထားပြီးဖြစ်ကြသည့်အတွက် နိုင်ငံအချင်းချင်းဖြစ်စေ၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများကတစ်ဆင့်ဖြစ်စေ ဆန်းသစ်တီထွင်မှုကဏ္ဍတွင် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ခြင်းဖြင့် ဂျီအမ်အက်စ်ဒေသခွဲအတွင်း အဖွဲ့ဝင်နိုင်ငံအားလုံးအတွက် တိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဟု ယုံကြည်။**

နိုင်ငံ့ခေါင်းဆောင်များ မျက်နှာစုံညီ အစည်းအဝေးကို ဆက်လက်ကျင်းပရာ အဖွဲ့ဝင်နိုင်ငံ ၆ နိုင်ငံမှ နိုင်ငံ့ခေါင်းဆောင်ကြီးများ၊ အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌနှင့် မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များနှင့် အဖွဲ့ဝင်နိုင်ငံများမှ ဒေသန္တရအစိုးရ ကိုယ်စားလှယ်များ စုစုပေါင်း ၂၀၀ ဦးခန့် ပါဝင်တက်ရောက်ကြသည်။

အစည်းအဝေး၌ အိမ်ရှင်နိုင်ငံဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဝန်ကြီးချုပ် H.E. Mr. Li Qiang အဖွင့်အမှာစကား ပြောကြားပြီးနောက် အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခေါင်းဆောင်များနှင့် အာရှဖွံ့ဖြိုးရေးဘဏ်မှ ဥက္ကဋ္ဌတို့က အသီးသီး အမှာစကားပြောကြားကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ပြီးခဲ့သည့်စက်တင်ဘာလအတွင်း ရာဂီတိုင်ဖွန်းမုန်တိုင်းကြောင့် မိမိတို့မြန်မာနိုင်ငံအပါအဝင် အဖွဲ့ဝင်နိုင်ငံများတွင် လူပေါင်းများစွာ ရေဘေးသင့်ဒဏ်၊ မြေပြိုမှုဒဏ်များကို ခံစားခဲ့ကြရကြောင်း၊ မိမိတို့အနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံအစိုးရအချင်းချင်း၊ အာဆီယံနှင့် နိုင်ငံတကာ အသိုက်အဝန်းများ၊ ပြည်သူများနှင့်အတူ

လက်တွဲပူးပေါင်းပြီး ဆောင်ရွက်ခဲ့ကြောင်း၊ ရာဂီတိုင်ဖွန်း မုန်တိုင်း၏ သက်ရောက်မှုကို ဆိုးရွားစွာ ခံစားခဲ့ရသည့် ဂျီအမ်အက်စ်ဒေသခွဲရှိ ပြည်သူများအားလုံး ပုံမှန်အခြေအနေသို့ အမြန်ဆုံးရောက်ရှိကြပါစေကြောင်း။

၁၉၉၂ ခုနှစ်ကတည်းကစပြီး ဆယ်စုနှစ် ၃ ခုကျော်ကာလ လျှောက်လှမ်းလာခဲ့သည့် ဂျီအမ်အက်စ် အစီအစဉ်သည် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုတွင် သိသာထင်ရှားသည့် အောင်မြင်မှုများ ရရှိခဲ့သည့်အတွက် ဂုဏ်ယူပါကြောင်း၊ အထူးသဖြင့် ၂၀၂၀ ခုနှစ်တွင် ကျင်းပခဲ့သည့် သတ္တမအကြိမ် ဂျီအမ်အက်စ် ထိပ်သီးအစည်းအဝေး နောက်ပိုင်း ၃ နှစ်တာ ကာလအတွင်းရရှိခဲ့သည့် ဖြစ်ပေါ်တိုးတက်မှုများနှင့်ပတ်သက်၍ ဂျီအမ်အက်စ် အတွင်းရေးမှူးရုံး၏ စဉ်ဆက်မပြတ် ကူညီပံ့ပိုးမှုများနှင့် အဖွဲ့ဝင်နိုင်ငံအားလုံး၏ ကြိုးပမ်းဆောင်ရွက်မှု၊ ဖွံ့ဖြိုးမှု မိတ်ဖက်များ၊ ပုဂ္ဂလိကကဏ္ဍနှင့် ဒေသန္တရအစိုးရများ၏ ပံ့ပိုးပါဝင်မှုများကို ကျေးဇူးတင် အသိအမှတ်ပြုကြောင်း၊ ပူးပေါင်းဆောင်ရွက် အားထုတ်မှုများဖြင့် ကောင်းမွန်ထိရောက်သည့် ဖွံ့ဖြိုးမှုရလဒ်များကို အနာဂတ်ကာလတွင် ဆက်လက်ဆောင်ကြဉ်းပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

၁၉၉၂ ခုနှစ်ကတည်းကစပြီး ဆယ်စုနှစ် ၃ ခုကျော်ကာလ လျှောက်လှမ်းလာခဲ့သည့် ဂျီအမ်အက်စ် အစီအစဉ်သည် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုတွင် သိသာထင်ရှားသည့် အောင်မြင်မှုများ ရရှိခဲ့သည့်အတွက် ဂုဏ်ယူ၊ အထူးသဖြင့် ၂၀၂၀ ခုနှစ်တွင် ကျင်းပခဲ့သည့် သတ္တမအကြိမ် ဂျီအမ်အက်စ် ထိပ်သီး အစည်းအဝေးနောက်ပိုင်း ၃ နှစ်တာ ကာလအတွင်းရရှိခဲ့သည့် ဖြစ်ပေါ်တိုးတက်မှု များနှင့်ပတ်သက်၍ ဂျီအမ်အက်စ် အတွင်းရေးမှူးရုံး၏ စဉ်ဆက်မပြတ် ကူညီပံ့ပိုးမှုများနှင့် အဖွဲ့ဝင်နိုင်ငံအားလုံး၏ ကြိုးပမ်းဆောင်ရွက်မှု၊ ဖွံ့ဖြိုးမှု မိတ်ဖက်များ၊ ပုဂ္ဂလိကကဏ္ဍနှင့် ဒေသန္တရအစိုးရများ၏ ပံ့ပိုးပါဝင်မှုများကို ကျေးဇူးတင် အသိအမှတ်ပြု။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က မဟာဗျူဟာရေးဆွဲရေးဆိုင်ရာ သဘောတရားစာတမ်း (Concept Paper) အတည်ပြုမှုနှင့် ပတ်သက်၍ ပြောကြားရာ၌ နိုင်ငံတကာမှာ ဆန်းသစ်တီထွင်မှုနဲ့ပတ်သက်ပြီး အလေးထားဆောင်ရွက်နေကြတာ ဖြစ်တဲ့အတွက် “ဆန်းသစ်တီထွင်မှု ဖော်ဆောင်ခြင်းဖြင့် ပိုမိုကောင်းမွန်သည့် အသိုက်အဝန်းဆီသို့”ဆိုတဲ့ ဒီထိပ်သီး အစည်းအဝေးရဲ့ ခေါင်းစဉ်နဲ့ ဒီကနေ့ အတည်ပြုမယ့် ဆန်းသစ်တီထွင်မှု မဟာဗျူဟာ (Innovation Strategy) တို့ဟာ ဂျီအမ်အက်စ် ဒေသခွဲအတွက် အချိန်အခါသင့် ဖြစ်ပါတယ်။ ဒေသခွဲအတွင်း ကုန်ထုတ်စွမ်းအားမြှင့်တင်မှု၊ နည်းပညာတိုးတက်မှု၊ စက်မှုလုပ်ငန်းသစ်များနဲ့ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မှုတို့အတွက် နည်းပညာနဲ့ ဆန်းသစ်တီထွင်မှုဟာ အဓိကမောင်းနှင်အားပဲဖြစ်ပါတယ်။

အားလုံးသိပြီးဖြစ်တဲ့အတိုင်း ဂျီအမ်အက်စ်ရဲ့ ဆန်းသစ်တီထွင်မှုမဟာဗျူဟာ ၂၀၃၀ ဟာ ဂျီအမ်အက်စ် မဟာဗျူဟာမူဘောင် ၂၀၃၀ အကောင်အထည်ဖော်ရာမှာ ပူးပေါင်းဆောင်ရွက်မှုတွေ အရှိန်မြှင့်တင်နိုင်ဖို့ ရည်ရွယ်ချက်နဲ့ ရေးဆွဲထားတာဖြစ်ပြီး မဟာဗျူဟာ ရေးဆွဲရေးဆိုင်ရာ သဘောတရားစာတမ်း (Concept Paper)ကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာလက မြန်မာနိုင်ငံမှာ ကျင်းပခဲ့တဲ့ ၂၆ ကြိမ်မြောက် ဂျီအမ်အက်စ်ဝန်ကြီးများ အစည်းအဝေးမှာ အတည်ပြု ခဲ့ကြပြီးဖြစ်ပါတယ်။

ယနေ့ခေတ်ကာလတွင် ကမ္ဘာ့နိုင်ငံများအတွက် စိန်ခေါ်မှုအဖြစ် ရင်ဆိုင်နေကြရသည့် ရာသီဥတုပြောင်းလဲမှု၊ စားရေရိက္ခာဖူလုံမှု၊ သဘာဝဘေးအန္တရာယ်၊ ငွေကြေးဖောင်းပွမှု၊ ကမ္ဘာ့ကျန်းမာရေး အကျပ်အတည်း၊ စွမ်းအင်ဈေးနှုန်း မြင့်တက်လာမှု၊ ရွှေ့ပြောင်းလုပ်သားနှင့် စီးပွားရေး မညီမျှမှုစသည့် စိန်ခေါ်မှုများသည် အပြန်အလှန် ဆက်နွယ်နေကြခြင်းဖြစ်ကြောင်း။

ယင်းစိန်ခေါ်မှုများကို တစ်နိုင်ငံတည်း၊ အဖွဲ့အစည်းတစ်ခုတည်းအနေဖြင့် ဖြေရှင်း၍မရသည့်အတွက် ညှိနှိုင်းပေါင်းစပ်မှုနှင့်ဘက်စုံချဉ်းကပ်ဆောင်ရွက်မည့် နည်းလမ်းများ လိုအပ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် အရင်းအမြစ်များကို ပေါင်းစည်းအသုံးပြုခြင်း၊ အသိပညာမျှဝေခြင်းနှင့် မူဝါဒများကို လိုအပ်သလို ချိန်ညှိဆောင်ရွက်ခြင်းဖြင့် ဂျီအမ်အက်စ်ဒေသ၏ ခံနိုင်ရည်ရှိမှုနှင့် ရေရှည်တည်တံ့မှုကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ရေမြေအနေအထား၊ သဘာဝအခြေခံတူညီနေသည့် ဂျီအမ်အက်စ်နိုင်ငံများအနေဖြင့် ဂေဟစနစ်များ၊ ရေလမ်းကြောင်းနှင့် ရာသီဥတုများကို မျှဝေလေ့ရှိခြင်းကြောင့် ယင်းစိန်ခေါ်မှုများကို ဖြေရှင်းရာတွင် ဂျီအမ်အက်စ် အစီအစဉ်၏ 3 C ဟုခေါ်သည့် ချိတ်ဆက်မှု(Connectivity)၊ ယှဉ်ပြိုင်မှု (Competitiveness) နှင့် လူမှုအသိုက်အဝန်း(Community) စသည့် မဏ္ဍိုင် (၃) ရပ်အောက်တွင် အတူတကွ ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း။

**အရည်အသွေးပြည့်ဝအောင် ဆောင်ရွက်ရမည်**

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်ခုတည်ဆောက်ရာတွင် ကျန်းမာကြံ့ခိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များ လိုအပ်သည့်အတွက် နိုင်ငံတစ်နိုင်ငံ၏ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှု (Public Health Care)သည် လွန်စွာအရေးကြီးကြောင်း၊ နောင်အနာဂတ်ကာလတွင် တိုးတက်လာမည့် လူဦးရေနှင့် ပြောင်းလဲလာမည့် လူမှုစီးပွား၊ ပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေများကိုကြိုတင်တွက်ဆပြီး ရှိရင်းစွဲအရင်းအမြစ်များကို အကောင်းဆုံး အသုံးချခြင်းဖြင့် နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို အရည်အသွေးပြည့်ဝအောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အမျိုးသားအဆင့် ဆောင်ရွက်မှုများကို ဂျီအမ်အက်စ်၏ ကျန်းမာရေးမဟာဗျူဟာနှင့် ချိတ်ဆက်ပြီး ဒေသန္တရအစိုးရများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည်ဟု ပြောကြားလိုကြောင်း။

ဒေသ၏ စိန်ခေါ်မှုတစ်ရပ်ဖြစ်သည့် စားနပ်ရိက္ခာဖူလုံရေး (Food Security)နှင့်ပတ်သက်ပြီး အနည်းငယ်ပြောကြားလိုကြောင်း၊ ကမ္ဘာ့လူဦးရေသည် ယခု ၈ ဒသမ ၃ ဘီလီယံရှိပြီး ၂၀၃၀ တွင် ၈ ဒသမ ၆ ဘီလီယံ၊ ၂၀၃၅ တွင် ၈ ဒသမ ၉ ဘီလီယံရှိမည်ဟု ခန့်မှန်းထားကြောင်း၊ ရိက္ခာဖူလုံမှု ပြဿနာသည် ပိုမိုကြီးမားလာဖွယ်ပင်ရှိကြောင်း၊ စားနပ်ရိက္ခာထုတ်လုပ်မှု၊ ကုန်သွယ်မှုနှင့် ဖြန့်ဖြူးမှုတို့သည် နိုင်ငံတစ်နိုင်ငံ၏ နယ်နိမိတ်အတွင်းမှာသာ ဆောင်ရွက်နေရခြင်းမဟုတ်သည့်အတွက် စားနပ်ရိက္ခာဖူလုံမှုကိုစဉ်းစားပါက ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးကြောင်း၊ စိုက်ပျိုးရေးကဏ္ဍတွင် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဗဟုသုတများမျှဝေခြင်း၊ ဒေသတွင်း စားနပ်ရိက္ခာဈေးကွက်ဖော်ဆောင်ခြင်း၊ နည်းပညာ လွှဲပြောင်းမှု အပါအဝင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များကိုခေတ်မီနည်းစနစ်များ အသုံးပြုပြီး ပြည်သူများ၏ စားရေရိက္ခာ ဖူလုံစေရန်အတွက် အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ၂၀၂၃ ခုနှစ်တွင် မြန်မာနိုင်ငံသည် ကမ္ဘာ့ဆန်တင်ပို့မှု အများဆုံးနိုင်ငံများထဲတွင် အဆင့် (၈) ဖြစ်ပြီး ပဲတင်ပို့မှုတွင် အဆင့် (၂) ရှိကြောင်း၊ ထို့ကြောင့် ပြည်တွင်းစားနပ်ရိက္ခာ ဖူလုံမှုသာမက ပို့ကုန်တိုးမြှင့် တင်ပို့နိုင်ရေးအတွက်လည်း ဆက်လက်ကြိုးပမ်းလျက်ရှိပါကြောင်းကို အသိပေးပြောကြားလိုကြောင်း။

ဆက်လက်၍ ဂျီအမ်အက်စ်၏ သင်္ကေတတစ်ခု

> **မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးလျက်ရှိ၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး ၅ ရပ်အပေါ်တွင် အခြေခံပြီး နိုင်ငံအားလုံးနှင့် မိတ်ဝတ်မပျက် ဆက်ဆံရေး မူဝါဒကို ကျင့်သုံးနေခြင်းဖြစ်၊ မိမိတို့အနေဖြင့် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားများကို အလေးထားပြီး ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ဦးတည်ချက် (၉) ရပ်ချမှတ်ကာ ကဏ္ဍအလိုက် အကောင်အထည်ဖော်နေခြင်းဖြစ်။**

ဖြစ်သည့် စီးပွားရေးစင်္ကြံများ၏ အရေးပါမှုကို အလေးထား ပြောကြားလိုကြောင်း၊ စီးပွားရေးစင်္ကြံများ ဖွံ့ဖြိုးမှုသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုကို အရှိန်မြှင့်တင်ရန်၊ ဒေသတွင်း ပေါင်းစည်းမှုကို မြှင့်တင်ရန်နှင့် အားလုံးပါဝင်နိုင်သော ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန်အတွက် လွန်စွာ အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နေခြင်းဖြစ်ကြောင်း၊ ထုတ်လုပ်သူများနှင့် ဈေးကွက်များအကြား ချိတ်ဆက်မှုကို တိုးမြှင့်ခြင်းဖြင့် စီးပွားရေးစင်္ကြံတစ်လျှောက် ကုန်သွယ်မှု တိုးတက်စေသည့်အပြင် နိုင်ငံဖြတ်ကျော် ကုန်သွယ်မှုတွင် ဈေးကွက်အသစ်များ ပေါ်ထွန်းလာစေနိုင်ကြောင်း၊ ယင်း စီးပွားရေးစင်္ကြံများကို အသုံးပြုပြီး အဖွဲ့ဝင်နိုင်ငံများ အားလုံးပါဝင်သော ဒေသတွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ရရှိအောင် အလေးထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

လက်ရှိမြန်မာနိုင်ငံ၏ ဦးတည်ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်းပြီး အကျဉ်းမျှ အသိပေး ပြောကြားလိုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးလျက်ရှိကြောင်း၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး ၅ ရပ်အပေါ်တွင် အခြေခံပြီး နိုင်ငံအားလုံးနှင့် မိတ်ဝတ်မပျက် ဆက်ဆံရေး မူဝါဒကို ကျင့်သုံးနေခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွား များကို အလေးထားပြီး ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ဦးတည်ချက် (၉) ရပ် ချမှတ်ကာ ကဏ္ဍအလိုက် အကောင်အထည်ဖော်နေခြင်း ဖြစ်ကြောင်း။

လျင်မြန်စွာပြောင်းလဲနေသည့် အခြေအနေများကြားမှ လက်ရှိ နိုင်ငံအချင်းချင်းနှင့် ဘက်စုံပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်များအပါအဝင် အခြားသော နိုင်ငံတကာ ကတိကဝတ်များကို အကောင်အထည်ဖော်ရာတွင် မြန်မာ နိုင်ငံအနေဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွင် တန်းတူညီမျှမှုနှင့် အားလုံးပါဝင်မှုသည် အဓိကကျသည့် အခြေခံမူပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ဂျီအမ်အက်စ် ဒေသ တွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို ထောက်ပံ့ပေးနိုင်မည့် ကဏ္ဍအလိုက် စီမံချက်များကို အကောင်အထည်ဖော် ရာတွင် အဖွဲ့ဝင်နိုင်ငံအချင်းချင်း ပူးပေါင်းမှု၊ ဂျီအမ်အက်စ် အတွင်းရေးမှူးရုံး၏ ပံ့ပိုးကူညီမှုများသာမက ဖွံ့ဖြိုးမှု မိတ်ဖက်များ၊ ပုဂ္ဂလိကကဏ္ဍနှင့် ဒေသန္တရအစိုးရများ အပါအဝင် အခြားသက်ဆိုင်သူများအားလုံး အတူတကွ လက်တွဲပူးပေါင်း ဆောင်ရွက်သွားကြရန် တိုက်တွန်းလို ကြောင်း။

ယခုထိပ်သီးအစည်းအဝေးတွင် နိုင်ငံ့ခေါင်းဆောင် များ၏ အကြံပြုချက်များသည် အနာဂတ်တွင် ပိုမိုကြံ့ခိုင်၍ ခံနိုင်ရည်ရှိပြီး ရေရှည်တည်တံ့မှုရှိသည့် ဂျီအမ်အက်စ် အသိုက်အဝန်းတစ်ရပ် ဖြစ်ပေါ်လာရေးအတွက် များစွာ အထောက်အကူဖြစ်စေမည်ဟု ယုံကြည်ပါကြောင်း ပြော ကြားသည်။

■ ■ ■

# (၁၀) ကြိမ်မြောက် ဧရာဝတီ - ကျောက်ဖရား - မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (အက်မက်စ်) ထိပ်သီး အစည်းအဝေးတွင် ပြောကြားသည့် အမှာစကား

( ၇ - ၁၁ - ၂၀၂၄ )




(၁၀) ကြိမ်မြောက် ဧရာဝတီ–ကျောက်ဖရား–မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(အက်မက်စ်) ထိပ်သီးအစည်းအဝေး (10th Ayeyawady– Chao Phraya–Mekong Economic Cooperation Strategy (ACMECS))ကို နိုဝင်ဘာလ ၇ ရက်နေ့ မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကူမင်းမြို့ရှိ Wyndham Grand Hotel ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပါဝင်တက်ရောက်သည်။

အဆိုပါ အစည်းအဝေးသို့ကမ္ဘောဒီးယားနိုင်ငံဂန်ကြီးချုပ် H.E. Mr. Hun Manet၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် H.E. Ms. Paetongtarn Shinawatra နှင့် အဖွဲ့ဝင်များ၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် H.E. Mr. Pham Minh Chich ၊ လာအိုနိုင်ငံဝန်ကြီးချုပ် H.E. Mr. Sonexay Siphandone ၊ အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အရာရှိကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ရောက်ရှိလာရာ(အက်မက်စ်) ထိပ်သီးအစည်းအဝေးဥက္ကဋ္ဌ၊ လာအိုနိုင်ငံဝန်ကြီးချုပ်က ကြိုဆိုနှုတ်ဆက်ပြီး တက်ရောက်လာကြသည့် အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးချုပ်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**အဖွင့်မိန့်ခွန်းပြောကြား**

ထို့နောက် (၁၀)ကြိမ်မြောက် ဧရာဝတီ–ကျောက်ဖရား–မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ (အက်မက်စ်) ထိပ်သီးအစည်းအဝေးဥက္ကဋ္ဌ၊ လာအိုနိုင်ငံဂန်ကြီးချုပ်က အဖွင့်မိန့်ခွန်းကိုလည်းကောင်း၊ ကမ္ဘောဒီယားနိုင်ငံဝန်ကြီးချုပ်က အမှာစကားကိုလည်းကောင်း ပြောကြားကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ၂၀၀၃ ခုနှစ် မြန်မာနိုင်ငံ၌ ပုဂံမြို့တွင် အခြေတည်ခဲ့သည့် အက်မက်စ် ပူးပေါင်းဆောင်ရွက်မှုသည် ယခုဆိုလျှင် (၂၁) နှစ်သက်တမ်းရှိခဲ့ပြီဖြစ်ကြောင်း၊ စတင်တည်ထောင်ချိန်ကစ၍ အက်မက်စ်သည် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရေး၊ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်ကို လျှော့ချရေးနှင့် ဒေသဆိုင်ရာ စီးပွားရေးပေါင်းစည်းမှုကို မြှင့်တင်ရေးတို့အတွက် အရေးပါသည့် အခန်းကဏ္ဍက ပါဝင်လျက်ရှိကြောင်း၊ မဲခေါင်နိုင်ငံ ငါးနိုင်ငံနှင့် စုစည်းထားသော အက်မက်စ်ဖြစ်သည့်အတွက် ငါးနိုင်ငံရှိပြည်သူများ၏ ချစ်ကြည်ရင်းနှီးမှု နှောင်ကြိုးများသည် ကာလရှည်ကြာ ချစ်ကြည်ရင်းနှီးမှုနှင့် အိမ်နီးချင်းကောင်းဆက်ဆံရေးအပေါ် အခြေခံထားခြင်းပင်ဖြစ်ကြောင်း။

**ပူးပေါင်းမှု အရှိန်အဟုန်ကို ပိုမိုမြှင့်တင်ပေးနိုင်ခဲ့**

ပူးပေါင်းဆောင်ရွက်မှု နှစ်များအတွင်း မိမိတို့ ပူးပေါင်းဆောင်ရွက်မှု၏ အရှိန်အဟုန်ကို သက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်များတွင် အစည်းအဝေးများ ကျင်းပ၍ ဆောင်ရွက်ဆဲ လုပ်ငန်းစဉ်များနှင့် သက်သေပြနိုင်ခဲ့ကြောင်း၊ မိမိအနေဖြင့် အက်မက်စ် ယာယီအတွင်းရေးမှူးရုံး (AIS) တည်ထောင်နိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းပြီး အက်မက်စ်အဖွဲ့ဝင်နိုင်ငံများနှင့် မဲခေါင်သိပ္ပံ (MI)တို့အကြား စာချုပ်လွှာအောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ရေးအတွက် ထိုင်းနိုင်ငံ၏ ဦးဆောင်ဦးရွက်ပြုမှုနှင့် အက်မက်စ် အဖွဲ့ဝင်နိုင်ငံများ၏ စုပေါင်းကြိုးပမ်းမှုများကို အသိအမှတ်ပြုလိုကြောင်း၊ အက်မက်စ် ယာယီအတွင်းရေးမှူးရုံး၏ လုပ်ဆောင်နိုင်စွမ်းသည် အက်မက်စ်မူဘောင်အောက်တွင် ဒေသတွင်း ပေါင်းစည်းမှုကို ဖော်ဆောင်မည့် အက်မက်စ်၏ ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်ကို ပိုမိုမြှင့်တင်ပေးနိုင်ခဲ့ကြောင်း။

အက်မက်စ်နှင့် ပထမအသုတ် ဖွံ့ဖြိုးတိုးတက်မှု မိတ်ဖက်များအကြား ပူးတွဲဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်ခြောက်ခုကို အတည်ပြုနိုင်ခဲ့သည့်အတွက်လည်း ကျေးဇူးတင်ရှိကြောင်း၊ ယင်းပူးတွဲဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များတွင် ဖော်ပြထားသည့်အတိုင်း မိမိတို့၏ မိတ်ဖက်များနှင့် သီးခြားပူးပေါင်းဆောင်ရွက်မှု နယ်ပယ်များတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်သည့် အခွင့်အလမ်းကောင်းများ ရရှိလာမည်ဖြစ်ပြီး အလုံးစုံ ဖွံ့ဖြိုးတိုးတက်ပြီး ခံနိုင်ရည်ရှိသည့်အက်မက်စ်အသိုက်အဝန်းကိုတည်ဆောက်ရာတွင် ထပ်လောင်းအားဖြည့်နိုင်မည်ဖြစ်ကြောင်း။

အပြန်အလှန် ချိတ်ဆက်ထားသည့် သယ်ယူပို့ဆောင်ရေး ကွန်ရက်စနစ်သည် အက်မက်စ်ဒေသကို ဖွံ့ဖြိုးတိုးတက်မှု ဗဟိုချက်အဖြစ် ဖန်တီးရန်ခိုင်မာသည့် အခြေခံအုတ်မြစ်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အက်မက်စ်နိုင်ငံများအကြား အကြားအလပ်မရှိ ချိတ်ဆက်နိုင်စေရန်အတွက် ဒေသတစ်ခုလုံးကို လွှမ်းခြုံနိုင်သည့် ဘက်စုံသယ်ယူပို့ဆောင်ရေးစနစ်ကို ဖော်ဆောင်သင့်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများနှင့် ပိုမိုကောင်းမွန်သည့် နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှု အခွင့်အလမ်းများ ဖန်တီးနိုင်ရန်နှင့် ဒေသတွင်း စီးပွားရေးစကြံများနှင့် ချိတ်ဆက်နိုင်ရန် သယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အအုံများဖွံ့ဖြိုးတိုးတက်ရေးကိုအာရုံစိုက်ကြိုးပမ်းလျက်ရှိကြောင်း၊ နိုင်ငံအတွင်း မြို့ပြနှင့် ကျေးလက်ဒေသများအကြား ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်ကို လျှော့ချ

> မြန်မာနိုင်ငံအနေဖြင့် အက်မက်စ်အဖွဲ့ဝင် နိုင်ငံများနှင့် ပိုမိုကောင်းမွန်သည့် နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှု အခွင့်အလမ်းများ ဖန်တီးနိုင်ရန်နှင့် ဒေသတွင်း စီးပွားရေးစကြံများနှင့် ချိတ်ဆက်နိုင်ရန် သယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးကို အာရုံစိုက် ကြိုးပမ်းလျက်ရှိ၊ နိုင်ငံအတွင်း မြို့ပြနှင့် ကျေးလက်ဒေသများ အကြား ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်ကို လျှော့ချနိုင်စေရန် စွမ်းအင်ပို့လွှတ်ရေးနှင့် လျှပ်စစ်ဓာတ်အား ပေးဝေရေး ကွန်ရက်များကို တိုးမြှင့်ရန်ကြိုးပမ်း ဆောင်ရွက်မှုသည် အက်မက်စ်ဒေသတစ်ခုလုံး အတွက်လည်း အကျိုးရှိစေမည်ဖြစ်။

နိုင်စေရန် စွမ်းအင်ပို့လွှတ်ရေးနှင့် လျှပ်စစ်ဓာတ်အား ပေးဝေရေး ကွန်ရက်များကို တိုးမြှင့်ရန်ကြိုးပမ်း ဆောင်ရွက်မှုသည် အက်မက်စ်ဒေသတစ်ခုလုံးအတွက် လည်း အကျိုးရှိစေမည်ဖြစ်ကြောင်း။

**ဒစ်ဂျစ်တယ်စီးပွားရေးနှင့် E-Governance ကွန်ရက်များကို အဆင့်မြှင့်တင်**

ယနေ့ခေတ် ဖွံ့ဖြိုးတိုးတက်မှု လိုအပ်ချက်များအရ ဒေသတွင်း အကြားအလပ်မရှိ ချိတ်ဆက်မှု မြှင့်တင်ရာတွင် ခေတ်မီတိုးတက်သည့် နည်းပညာ၏ အရေးပါမှုကို မိမိအနေဖြင့် အလေးထားပြောကြားလိုကြောင်း၊ မိမိတို့အနေဖြင့် လုံခြုံမှုရှိသည့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာများနှင့်အညီ အက်မက်စ်နိုင်ငံများအကြား ငွေကြေးနှင့် ကုန်သွယ်မှုဆိုင်ရာ အစီအမံများ၊ ဒစ်ဂျစ်တယ်စီးပွားရေးနှင့် E-Governance ကွန်ရက်များကို အဆင့်မြှင့်တင်ပေးရန် လိုအပ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လိုအပ်ချက်များနှင့် ပန်းတိုင်များကို အကောင်အထည်ဖော်ရာတွင် အက်မက်စ် ပင်မစီမံချက်သည် ဖြည့်စွက်ထောက်ပံ့မှုတစ်ခုဖြစ်လာနိုင်မည်

> ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍသည်
> အက်မက်စ်စီးပွားရေးအတွက်
> အဓိကမောင်းနှင်အားတစ်ခုဖြစ်ပြီး
> မိမိတို့နိုင်ငံများ၏ ပြည်တွင်းအသားတင်
> ထုတ်ကုန်(GDP)၊ ငွေကြေးဖောင်းပွမှုနှုန်း၊
> စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်း၊
> အလုပ်အကိုင်ရရှိမှုနှင့် လူမှုဘဝဆိုင်ရာ
> အချက်အလက်များအပေါ် လွှမ်းမိုးမှုရှိ၊
> ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ
> စည်းမျဉ်းစည်းကမ်းများကို ရိုးရှင်း၍
> တိကျခိုင်မာစေခြင်းဖြင့် ဒေသတွင်း
> စီးပွားရေးနှင့် ပြည်သူလူထု၏
> လူနေမှုအဆင့်အတန်းတို့အပေါ်
> သိသာထင်ရှားစွာ အကျိုးပြုစေမည်ဖြစ်။

ဟု မိမိအနေဖြင့် ယုံကြည်ကြောင်း။

ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍသည် အက်မက်စ်စီးပွားရေးအတွက် အဓိကမောင်းနှင်အားတစ်ခုဖြစ်ပြီး မိမိတို့နိုင်ငံများ၏ ပြည်တွင်းအသားတင် ထုတ်ကုန်(GDP)၊ ငွေကြေးဖောင်းပွမှုနှုန်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်း၊ အလုပ်အကိုင်ရရှိမှုနှင့် လူမှုဘဝဆိုင်ရာ အချက်အလက်များအပေါ် လွှမ်းမိုးမှုရှိကြောင်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ရိုးရှင်း၍ တိကျခိုင်မာစေခြင်းဖြင့် ဒေသတွင်းစီးပွားရေးနှင့် ပြည်သူလူထု၏ လူနေမှုအဆင့်အတန်းတို့အပေါ် သိသာထင်ရှားစွာ အကျိုးပြုစေမည်ဖြစ်ကြောင်း။

**ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်**

ထို့ကြောင့် မိမိအနေဖြင့် အက်မက်စ်နိုင်ငံများအား ပိုမိုကောင်းမွန်သည့် ဒေသတွင်းအဆင့် စီးပွားရေး ပေါင်းစည်းမှုများ ဖော်ဆောင်ရေးအတွက် ပေါင်းစည်းအင်အားဖြင့် အနီးကပ်ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန် တိုက်တွန်းလိုကြောင်း၊ မိမိအနေဖြင့် အက်မက်စ် အဖွဲ့ဝင်နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုမိတ်ဖက်များကို မြန်မာနိုင်ငံသို့ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ကြရန် ဖိတ်ခေါ်လိုကြောင်း၊ စိုက်ပျိုးရေးသည် မြန်မာနိုင်ငံ အပါအဝင် အက်မက်စ်ဒေသ၏ အစားအစာထုတ်လုပ်ခြင်း အဓိကအရင်းအမြစ်အဖြစ် ရပ်တည်လျက်ရှိပြီး အက်မက်စ် ဒေသတွင်း လူဦးရေ၏အများစုကို ကိုယ်စားပြုသည့် ကျေးလက်ဒေသ ပြည်သူများအတွက် အဓိက အသက်မွေးဝမ်းကျောင်း လုပ်ငန်းတစ်ခုလည်းဖြစ်ကြောင်း၊ ထို့ပြင် စိုက်ပျိုးရေးသည် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်လျှော့ချရေးတို့အတွက် နည်းလမ်းတစ်သွယ်လည်းဖြစ်ကြောင်း။

မိမိအနေဖြင့် အက်မက်စ်နိုင်ငံများအတွင်းရှိ ပုဂ္ဂလိကကဏ္ဍများ၊ အထူးသဖြင့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် စွန့်ဦးတီထွင် လုပ်ငန်းသစ်များကို အက်မက်စ်မူဘောင်အောက်ရှိ ခေတ်မီစီးပွားရေးလုပ်ငန်း အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ကြရန် အားပေးလိုကြောင်း၊ မြန်မာနိုင်ငံသည် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် စီးပွားရေးတည်ငြိမ်မှုကို မြှင့်တင်ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြှင့်ရန်အတွက် ပုဂ္ဂလိကကဏ္ဍဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု နည်းလမ်းများနှင့် ကြိုးပမ်း

လျက်ရှိသည်ကို အသိပေးပြောကြားလိုကြောင်း။

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုသည် ဒေသတွင်း ဝင်ငွေစီးဆင်းမှုကို သိသာစွာ ထောက်ပံ့ပေးလျက်ရှိပြီး ဆင့်ပွားအကျိုးသက်ရောက်မှုအဖြစ် ခရီးသွားလုပ်ငန်း ဒေသများရှိ ဒေသခံပြည်သူများ၏ လူနေမှုအဆင့်အတန်း၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးတို့ကို ထောက်ပံ့ပေးလျက်ရှိကြောင်း၊ ခရီးသွားလုပ်ငန်းသည် ဖွံ့ဖြိုးတိုးတက်မှုလိုအပ်ချက်နှင့် အလုပ်အကိုင် အခွင့်အလမ်း အခက်အခဲရှိသည့် ဝေးလံခေါင်ဖျား ဒေသများကို ဖွံ့ဖြိုးတိုးတက်စေသည့် နည်းလမ်းတစ်ခုလည်းဖြစ်ကြောင်း။

မိမိအနေဖြင့်အက်မက်စ်နိုင်ငံများအား ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များမှတစ်ဆင့် လူမှု-ယဉ်ကျေးမှုဆိုင်ရာ ထိတွေ့ဆက်ဆံမှုများကို မြှင့်တင်ရန်နှင့် မိမိတို့ သဘောတူညီထားသည့် "ငါးနိုင်ငံ၊ ခရီးစဉ်တစ်ခု" အစီအစဉ်ကို အကောင်အထည်ဖော်ပြီး ငြိမ်းချမ်း၍ အကျိုးစီးပွားဖြစ်ထွန်းသည့် အက်မက်စ်အဖွဲ့အစည်း တည်ဆောက်ရေးကို အားပေးကြဖို့ ဆန္ဒပြုလိုကြောင်း၊ ယခုအခါ မြန်မာနိုင်ငံသည် အက်မက်စ်၏ ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ရန် အလှည့်ကျရောက်လာပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများနှင့် အတူတကွ ပေါင်းစည်းအင်အားဖြင့် အက်မက်စ်ဒေသ ဘက်စုံစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဖော်ဆောင်ရန် ဝမ်းမြောက်ဝမ်းသာစွာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**ဦးစားပေးဆောင်ရွက်လျက်ရှိ**

မြန်မာနိုင်ငံသည် မဲခေါင်ဒေသခွဲအတွင်းရှိ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုကို အထူးအလေးထား ဦးစားပေးဆောင်ရွက်လျက်ရှိသည်နှင့်အညီ အက်မက်စ်မူဘောင်အောက်တွင် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများ၏ ထားရှိခဲ့သည့် ကာလရှည်ကြာချစ်ကြည်ရင်းနှီးမှု၊ အိမ်နီးချင်းကောင်းပီသမှု၊ အပြန်အလှန်နားလည်မှု၊ အပြန်အလှန်လေးစားမှုနှင့် အကျိုးအမြတ် မျှဝေမှုတို့အပေါ်တွင် အခြေခံပြီး တက်ကြွစွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံဝန်ကြီးချုပ်၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်နှင့် လာအိုနိုင်ငံဝန်ကြီးချုပ်တို့က အမှာစကားများပြောကြားကြပြီး နယူးဇီလန်နိုင်ငံကို ဒုတိယအသုတ် အက်မက်စ် ဖွံ့ဖြိုးတိုးတက်မှုနိုင်ငံအဖြစ် အတည်ပြုကြေညာ၍ (၁၀)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (အက်မက်စ်)ထိပ်သီးအစည်းအဝေး၏ "ဗီယင်ကျန်း ကြေညာစာတမ်း"ကို ထုတ်ပြန်ကြေညာကာ အက်မက်စ်ပင်မစီမံချက်၏ နောက်ဆက်တွဲအဖြစ် "မဲခေါင်ဒေသတွင်း ရေအရင်းအမြစ် ပူးပေါင်းဆောင်ရွက်မှု သဘောတရားစာတမ်း"ကို ထည့်သွင်းသည်။

ယင်းနောက် လာအိုနိုင်ငံဝန်ကြီးချုပ်က အက်မက်စ် အလှည့်ကျဥက္ကဋ္ဌတာဝန်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ လွှဲပြောင်းပေးအပ်ပြီး အမှာစကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အလှည့်ကျဥက္ကဋ္ဌတာဝန်ယူရခြင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအနေဖြင့် အက်မက်စ် ဥက္ကဋ္ဌတာဝန် ထမ်းဆောင်စဉ်ကာလတွင် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များမှရရှိသည့် အကျိုးကျေးဇူးများကို အက်မက်စ် အဖွဲ့ဝင်နိုင်ငံများအားလုံး ရရှိခံစားနိုင်ရန်အတွက် ယခင်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သကဲ့သို့ အခြေခံကျသော ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မဟာဗျူဟာများ ရေးဆွဲဖော်ဆောင်ခြင်းဖြင့်လည်း ထိရောက်စွာကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အက်မက်စ်ပူးပေါင်းဆောင်ရွက်မှုကို ယခင်ဥက္ကဋ္ဌများ ချမှတ်ခဲ့သည့် လမ်းစဉ်အတိုင်း ပြီးပြည့်စုံ၍ ဖွံ့ဖြိုးတိုးတက်သည့် အက်မက်စ်ဒေသတစ်ခုအဖြစ် မြှင့်တင်ဆောင်ရွက်ရေး ရှေ့ဆက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ ဥက္ကဋ္ဌအသစ်တာဝန်ကိုစတင်ထမ်းဆောင်သည့်အခါ မိမိအနေဖြင့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်နှင့် အက်မက်စ် ပူးပေါင်းဆောင်ရွက်မှု၏ ရည်မှန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် အဖွဲ့ဝင်နိုင်ငံအားလုံး၏ အမြော်အမြင် ကြီးမားမှု၊ ပံ့ပိုးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို ရရှိလိမ့်မည်ဟု မျှော်လင့်ပါကြောင်း၊ လာမည့် အက်မက်စ်ထိပ်သီးအစည်းအဝေးကို မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပပြီး အဆွေတော်တို့ကို တွေ့ဆုံနိုင်မည့် အခွင့်အလမ်းကို မျှော်လင့်စောင့်စားလျက်ရှိကြောင်း ပြောကြားသည်။

■ ■ ■

# (၁၁) ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု (စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးတွင် ပြောကြားသည့် အမှာစကား

( ၇ - ၁၁ - ၂၀၂၄ )






(၁၁) ကြိမ်မြောက် ကမ္ဘောဒီးယား–လာအို–မြန်မာ–ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု (စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေး 11th Cambodia–Lao PDR–Myanmar–VietNam (CLMV) Summit ကို နိုဝင်ဘာလ ၇ ရက်နေ့ မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကူမင်းမြို့ရှိ Wyndham Grand Hotel ၌ ကျင်းပရာ ထိပ်သီးအစည်းအဝေးဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးချုပ်များဖြစ်ကြသည့် ကမ္ဘောဒီးယားနိုင်ငံဂန်ကြီးချုပ် H.E. Mr. Hun Manet၊ လာအိုနိုင်ငံဝန်ကြီးချုပ် H.E. Mr. Sonexay Siphandone၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် H.E. Mr. Pham Minh Chich၊ အာဆီယံအတွင်းရေးမှူးချုပ် H.E.Dr. KAO KIM HOURN၊ အဖွဲ့ဝင်နိုင်ငံများမှဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အရာရှိကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ(၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား–လာအို–မြန်မာ–ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု (စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ရောက်ရှိလာကြသည့် အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးချုပ်များနှင့်အဖွဲ့ဝင်များကို ကြိုဆိုနှုတ်ဆက်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် (၁၁) ကြိမ်မြောက် ကမ္ဘောဒီးယား–လာအို–မြန်မာ–ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု (စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် (၈) ကြိမ်မြောက် ဂျီအမ်အက်စ် ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ကျင်းပသည့် (၁၁)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးသို့ ပါဝင်တက်ရောက်ကြသည့် ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့မှ အဆွေတော် နိုင်ငံ့ခေါင်းဆောင် အကြီးအကဲများကို ကြိုဆိုပါကြောင်း။

မိမိအနေဖြင့် စီအယ်လ်အမ်ဗွီ အဆင့်မြင့်အရာရှိကြီးများနှင့် စီအယ်လ်အမ်ဗွီ ပူးပေါင်းဆောင်ရွက်မှုအောက်မှ သက်ဆိုင်ရာ ဦးဆောင်နိုင်ငံအလိုက် ဖွဲ့စည်းထားသည့် လုပ်ငန်းအဖွဲ့များ၏ “(၁၁)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေး ပူးတွဲကြေညာချက် (မူကြမ်း)”

ကိုအပြီးသတ်ရေးဆွဲနိုင်အောင် အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့မှုများကိုလည်း ချီးကျူးဂုဏ်ပြုလိုကြောင်း၊ တိုင်ဖွန်းရာဂီ၏ ဆက်စပ်အကျိုးဆက်များဖြစ်သည့် ရေကြီး၊ မြေပြိုမှုများကြောင့် စီအယ်လ်အမ်ဗွီအဖွဲ့ဝင်နိုင်ငံများတွင်ရှိသည့် ပြည်သူများ၏ အသက်အိုးအိမ်၊ စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုများအပေါ် များစွာဝမ်းနည်းရပါကြောင်းကို ပြောကြားလိုကြောင်း။

လက်ရှိဖြစ်ပေါ်နေသည့် ကမ္ဘာ့နိုင်ငံရေးရှုပ်ထွေးမှု၊ နိုင်ငံတကာပဋိပက္ခ၊ စီးပွားရေးကျဆင်းမှု၊ စားနပ်ရိက္ခာနှင့် စွမ်းအင်မလုံလောက်မှု စသည်များကြားတွင် မိမိတို့သည် ကြံ့ကြံ့ခံနိုင်စွမ်းရှိရန် မဖြစ်မနေလိုအပ်ကြောင်း၊ ယနေ့ မိမိတို့ တွေ့ဆုံဆွေးနွေးမှုသည် စီအယ်လ်အမ်ဗွီ ပူးပေါင်းဆောင်ရွက်မှု၏ တိုးတက်မှုကိုပြန်လည်လေ့လာ ဆန်းစစ်ခွင့်ရရှိသည့်အပြင် "ချစ်ကြည်ရင်းနှီးမှုနှင့် စည်းလုံးညီညွတ်မှုမှသည် ကြံ့ကြံ့ခံနိုင်၍ သာယာဝပြောသော အသိုက်အဝန်းဆီသို့" ခေါင်းစဉ်အောက်တွင် စီအယ်လ်အမ်ဗွီမူဘောင်ကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် ဆွေးနွေးခွင့်ရရှိခြင်းလည်းဖြစ်ကြောင်း ပြောကြားသည်။

> လက်ရှိဖြစ်ပေါ်နေသည့် ကမ္ဘာ့နိုင်ငံရေး ရှုပ်ထွေးမှု၊ နိုင်ငံတကာပဋိပက္ခ၊ စီးပွားရေး ကျဆင်းမှု၊ စားနပ်ရိက္ခာနှင့် စွမ်းအင် မလုံလောက်မှု စသည့်များကြားတွင် မိမိတို့သည် ကြံ့ကြံ့ခံနိုင်စွမ်းရှိရန် မဖြစ်မနေလိုအပ်၊ ယနေ့ မိမိတို့ တွေ့ဆုံဆွေးနွေးမှုသည် စီအယ်လ်အမ်ဗွီ ပူးပေါင်းဆောင်ရွက်မှု၏ တိုးတက်မှုကို ပြန်လည်လေ့လာ ဆန်းစစ်ခွင့် ရရှိသည့် အပြင် "ချစ်ကြည်ရင်းနှီးမှုနှင့် စည်းလုံးညီညွတ်မှု မှသည် ကြံ့ကြံ့ခံနိုင်၍ သာယာဝပြောသော အသိုက်အဝန်းဆီသို့" ခေါင်းစဉ်အောက်တွင် စီအယ်လ်အမ်ဗွီ မူဘောင်ကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် ဆွေးနွေးခွင့်ရရှိခြင်းလည်းဖြစ်။

ယင်းနောက် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၊ လာအိုနိုင်ငံဝန်ကြီးချုပ်၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်နှင့် အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်တို့က "ချစ်ကြည်ရင်းနှီးမှုနှင့် စည်းလုံးညီညွတ်မှုမှသည် ကြံ့ကြံ့ခံနိုင်၍ သာယာဝပြောသော အသိုက်အဝန်းဆီသို့"ခေါင်းစဉ်ဖြင့် စီအယ်လ်အမ်ဗွီ ပူးပေါင်းဆောင်ရွက်မှု၏ အနာဂတ် ဦးတည်ချက်အပေါ် အမြင်ချင်းဖလှယ်ခြင်းနှင့် ဖြစ်ပေါ်တိုးတက်မှုများကို သုံးသပ်ဆွေးနွေးကြသည်။

ထို့နောက် (၁၁) ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု (စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က "ချစ်ကြည်ရင်းနှီးမှုနှင့် စည်းလုံးညီညွတ်မှုမှသည် ကြံ့ကြံ့ခံနိုင်၍ သာယာဝပြောသော အသိုက်အဝန်းဆီသို့" ခေါင်းစဉ်ဖြင့် စီအယ်လ်အမ်ဗွီ ပူးပေါင်းဆောင်ရွက်မှု၏ အနာဂတ် ဦးတည်ချက်အပေါ် အမြင်ချင်းဖလှယ်ခြင်းနှင့် ဖြစ်ပေါ်တိုးတက်မှုများကို သုံးသပ်ဆွေးနွေးရာ၌ ယနေ့ တရုတ်နိုင်ငံ၊ ကူမင်းမြို့တွင် ကျင်းပပြုလုပ်သည့် (၁၁) ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးကို အလှည့်ကျဥက္ကဋ္ဌအနေဖြင့် ဆောင်ရွက်ခွင့်ရသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိကြောင်း၊ ၂၀၀၃ ခုနှစ်၊ မြန်မာနိုင်ငံ ပုဂံမြို့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် အက်မက်စ်ထိပ်သီးအစည်းအဝေးတွင် စတင်သန္ဓေတည်ခဲ့သည့် စီအယ်လ်အမ်ဗွီ ပူးပေါင်းဆောင်ရွက်မှုယန္တရားကို မိမိတို့အနေဖြင့် ပြန်လည်အမှတ်ရမိကြောင်း၊ ယင်းအချိန်မှစ၍ အဖွဲ့ဝင်နိုင်ငံများသည် ဒေသတွင်းငြိမ်းချမ်းရေး၊ သာယာဝပြောရေးနှင့် ပေါင်းစည်းထားသည့် အသိုက်အဝန်းတစ်ခု ဖန်တီးရန်အတွက် အားသွန်ခွန်စိုက် အတူတကွ ကြိုးစားခဲ့ကြကြောင်း။

**"စီအယ်လ်အမ်ဗွီ ဖွံ့ဖြိုးတိုးတက်မှုမူဘောင်"နှင့် "စီအယ်လ်အမ်ဗွီ ဖွံ့ဖြိုးတိုးတက်မှု မူဘောင် အကောင်အထည်ဖော်ရေးအစီအစဉ်"များကို အတည်ပြုထုတ်ပြန်ခဲ့**

မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေး၊ စက်မှုနှင့် စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဦးဆောင်နိုင်ငံအဖြစ်

ဆောင်ရွက်လျက်ရှိကြောင်း၊ စီအယ်လ်အမ်ဗွီအဖွဲ့ဝင်နိုင်ငံများ၏ အခြေခံအဆောက်အအုံနှင့် နည်းပညာချိတ်ဆက်ဆက်သွယ်မှုများ ဆက်လက်တိုးတက်စေခြင်းသည် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါဆုံးကိစ္စရပ် ဖြစ်ကြောင်း၊ စီအယ်လ်အမ်ဗွီ ပူးပေါင်းဆောင်ရွက်မှုအောက်မှ ဒေသတွင်း

> စီအယ်လ်အမ်ဗွီ နိုင်ငံများသည် ဒေသတွင်းနိုင်ငံများအတွင်း ထိခိုက်လွယ်ပြီး ထိခိုက်ခံရမှု အများဆုံးပင်ဖြစ်၊ ရာသီဥတုပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုကို လျော့ပါးသက်သာအောင် ဆောင်ရွက်ခြင်းသည် မိမိတို့ဒေသအတွက် အရေးကြီးသည့် စိန်ခေါ်မှုပင်ဖြစ်၊ ထို့ကြောင့် မိမိတို့အနေဖြင့် သဘာဝနှင့် လူလုပ်ဘေးအန္တရာယ်များ၏ စိန်ခေါ်မှုကို စုပေါင်းအားဖြင့် ကိုင်တွယ်ဖြေရှင်းရမည်ဖြစ်သကဲ့သို့ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုယန္တရားနှင့် ရာသီဥတုပြောင်းလဲမှု လျော့ပါးသက်သာစေရေး၊ ဒေသတွင်း ထိခိုက်မှုလျှော့ချရေးနှင့် ကြိုတင်အသိပေးခြင်းဆိုင်ရာ ထိရောက်သော အစီအစဉ်များနှင့် စီမံခန့်ခွဲမှုများကို အားဖြည့်ဆောင်ရွက်ရမည်ဖြစ်၊ မြန်မာနိုင်ငံသည် စီအယ်လ်အမ်ဗွီ အဖွဲ့ဝင်နိုင်ငံများနှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်ရင်း မိမိတို့၏ ဘုံရည်မှန်းချက်ဖြစ်သည့် ရေရှည်တည်တံ့သော အလုံးစုံလွှမ်းခြုံသည့် ဖွံ့ဖြိုးတိုးတက်မှုရရှိအောင် ဆောင်ရွက်သွားမည် ဖြစ်သည်ကို ထပ်လောင်းအတည်ပြု။

စီးပွားရေးပေါင်းစည်းမှုအတွက် မိမိတို့သည် “စီအယ်လ်အမ်ဗွီ ဖွံ့ဖြိုးတိုးတက်မှု မူဘောင်”နှင့် “စီအယ်လ်အမ်ဗွီ ဖွံ့ဖြိုးတိုးတက်မှု မူဘောင်အကောင်အထည်ဖော်ရေးအစီအစဉ်” များကို အတည်ပြုထုတ်ပြန်ခဲ့ကြောင်း။

ကပ်ရောဂါဆိုးကြောင့် စီအယ်လ်အမ်ဗွီနိုင်ငံများ၏ စက်မှုကဏ္ဍသည် သိသာထင်ရှားစွာ ထိခိုက်ခဲ့ရကြောင်း၊ အဆိုပါကဏ္ဍ ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့အနေဖြင့် စီးပွားရေးစင်္ကြံများ၊ စီးပွားရေးစင်္ကြံများအကြား ချိတ်ဆက်မှုများနှင့် အထူးစီးပွားရေးဇုန်များမှတစ်ဆင့် စက်မှုနည်းပညာဆိုင်ရာ အခြေခံအဆောက်အအုံများနှင့် စက်မှုအဆောက်အအုံများကို တည်ဆောက်၊ အဆင့်မြှင့်တင်ပေးရန် လိုအပ်ကြောင်း။

ဘေးအန္တရာယ်များနှင့်ပတ်သက်၍ စီအယ်လ်အမ်ဗွီနိုင်ငံများသည် ဒေသတွင်းနိုင်ငံများအတွင်း ထိခိုက်လွယ်ပြီး ထိခိုက်ခံရမှု အများဆုံးပင်ဖြစ်ကြောင်း၊ ရာသီဥတုပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုကို လျော့ပါးသက်သာအောင် ဆောင်ရွက်ခြင်းသည် မိမိတို့ဒေသအတွက် အရေးကြီးသည့် စိန်ခေါ်မှုပင်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် သဘာဝနှင့် လူလုပ်ဘေးအန္တရာယ်များ၏ စိန်ခေါ်မှုကို စုပေါင်းအားဖြင့် ကိုင်တွယ်ဖြေရှင်းရမည်ဖြစ်သကဲ့သို့ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုယန္တရားနှင့် ရာသီဥတုပြောင်းလဲမှု လျော့ပါးသက်သာစေရေး၊ ဒေသတွင်း ထိခိုက်မှုလျှော့ချရေးနှင့် ကြိုတင်အသိပေးခြင်းဆိုင်ရာ ထိရောက်သော အစီအစဉ်များနှင့် စီမံခန့်ခွဲမှုများကို အားဖြည့်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**ပြည်တွင်းစီးပွားရေးလုပ်ငန်းများနှင့် MSMEs ကဏ္ဍများကို အားပေးသင့်**

စီအယ်လ်အမ်ဗွီ အဖွဲ့ဝင်နိုင်ငံများအကြား ခရီးသွားလာရေးလုပ်ငန်းသည် ပြည်သူချင်း ထိတွေ့ဆက်ဆံမှုအတွက် အလွန်ပင်အရေးပါကြောင်း၊ ထို့ပြင် အဖွဲ့ဝင်နိုင်ငံများတွင် ရေမြေတောတောင်သဘာဝကို အခြေခံသည့် ခရီးသွားလုပ်ငန်းသည် ဒေသခံပြည်သူများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူ ဖြစ်စေကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် သဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှု အလေ့အထများကို ထိန်းသိမ်းနိုင်သည့် ခရီးသွားလုပ်ငန်းနှင့်ပတ်သက်သည့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများနှင့် MSMEs ကဏ္ဍများကို အားပေးသင့်

ကြောင်း။

စီအယ်လ်အမ်ဗွီ နိုင်ငံများတွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များ ဆောင်ရွက်ခြင်းသည် အရေးကြီးဆုံးဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် စီအယ်လ်အမ်ဗွီ မူဘောင်အောက်မှ နယ်ပယ်အသီးသီးတွင်ရှိသည့် ပညာသင်ဆုပေးအပ်ခြင်းနှင့် အတွေ့အကြုံဖလှယ်ရေး အစီအစဉ်များကို ဆက်လက်ဆောင်ရွက်သွားသင့်ကြောင်း။

ရန်ပုံငွေရရှိခြင်းသည် စီအယ်လ်အမ်ဗွီ ပူးပေါင်းဆောင်ရွက်မှု ယန္တရားအပါအဝင် ပူးပေါင်းဆောင်ရွက်မှုယန္တရားတိုင်း၏ အောင်မြင်တိုးတက်မှုအတွက် အရေးပါသည်ဟု သုံးသပ်မိကြောင်း၊ မိမိအနေဖြင့် IAI လုပ်ငန်းအစီအစဉ်များမှတစ်ဆင့်အကူအညီများရအောင် ဆောင်ရွက်ပေးသည့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးကို ကျေးဇူးတင်ရှိကြောင်း၊ ထို့ပြင် စီအယ်လ်အမ်ဗွီ စီမံကိန်းများအတွက် ကူညီပေးသည့် ဖွံ့ဖြိုးတိုးတက်မှု မိတ်ဖက်နိုင်ငံများ၏ ကူညီဆောင်ရွက်ပေးမှုများကိုလည်း အလေးထားကြောင်း။

မြန်မာနိုင်ငံသည် စီအယ်လ်အမ်ဗွီ အဖွဲ့ဝင်နိုင်ငံများနှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်ရင်း မိမိတို့၏ ဘုံရည်မှန်းချက်ဖြစ်သည့် ရေရှည်တည်တံ့သော အလုံးစုံလွှမ်းခြုံသည့် ဖွံ့ဖြိုးတိုးတက်မှု ရရှိအောင် ဆောင်ရွက်သွားမည် ဖြစ်သည်ကို ထပ်လောင်းအတည်ပြုကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးချုပ်များက (စီအယ်လ်အမ်ဗွီ)ထိပ်သီးအစည်းအဝေး၏ ထုတ်ပြန်ချက်များကို ဆွေးနွေးကြပြီး အတည်ပြုထုတ်ပြန်သည်။

**ပိုမိုခိုင်မာသည့် ကတိကဝတ်များနှင့်ပူးပေါင်းဆောင်ရွက်**

ထို့နောက်(၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု (စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့မြန်မာနိုင်ငံက ဥက္ကဋ္ဌတာဝန်ထမ်းဆောင်နေချိန် ကာလအတွင်းတွင် အဆွေတော်တို့၏ တက်ကြွစွာပူးပေါင်းဆောင်ရွက်မှု၊ နားလည်ပေးမှုနှင့် အဖိုးမဖြတ်နိုင်သည့် အားပေးထောက်ခံမှုများအတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ ထို့ပြင် မိမိတို့သည် စည်းလုံးညီညွတ်မှု၊ ခံနိုင်ရည်ရှိမှုများနှင့် ယခုနှစ်များအတွင်း ဖြစ်ပေါ်လာသည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ခဲ့ကြောင်း၊ စီအယ်လ်အမ်ဗွီ ပူးပေါင်းဆောင်ရွက်မှု မူဘောင်အောက်တွင် သက်ဆိုင်ရာ လုပ်ငန်းစီမံချက်များကို ထိရောက်စွာ အကောင်အထည်ဖော်ခြင်းဖြင့် မိမိတို့ဒေသတွင်းရှိပြည်သူများ၏ သာယာဝပြောမှုနှင့် ကြီးပွားတိုးတက်မှုကို ပိုမိုအထောက်အကူပြုမည်ဟု ယုံကြည်ကြောင်း၊ မိမိတို့သည် ပိုမိုခိုင်မာသည့် ကတိကဝတ်များနှင့် စီအယ်လ်အမ်ဗွီ ပူးပေါင်းဆောင်ရွက်မှုယန္တရား၏အရှိန်အဟုန်ကိုဆက်လက် အရှိန်မြှင့်တင်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေးတွင် ပြောကြားသည့် အမှာစကား

( ၁၉ - ၁၁ - ၂၀၂၄ )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေးကို နိုဝင်ဘာလ ၁၉ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စီးပွားရေးဆိုင်ရာ ဆွေးနွေးမှုရလဒ်များရရှိ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မကြာသေးမီက မိမိဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည့်ခရီးစဉ်အတွင်း ကူမင်းမြို့၌ကျင်းပသည့် ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခြင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် H.E. Mr. Li Qiang နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါလစ်ဗျူရိုအဖွဲ့ဝင်၊ ချုံချင့်မြူနီစီပယ်ပါတီ ကော်မတီ အတွင်းရေးမှူး Mr. Yuan Jiajun နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ တရုတ်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ယူနန်ပြည်နယ်ပါတီကော်မတီ အတွင်းရေးမှူး H.E. Mr. Wang Ning နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်လာကြသည့် နိုင်ငံများမှ ဝန်ကြီးချုပ်များနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ကူမင်းမြို့၊ ချုံချင့်မြို့နှင့် ရှန်းကျန့်တို့မြို့ရှိ အထင်ကရနေရာများ၊ တက္ကသိုလ်များနှင့် စက်ရုံ၊ အလုပ်ရုံများသို့ လေ့လာခြင်း စသည်ဖြင့် သက်ဆိုင်ရာ ကဏ္ဍများအလိုက် တွေ့ဆုံဆွေးနွေးခြင်းများကို ဆောင်ရွက်နိုင်ခဲ့ပြီး နိုင်ငံ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြုသဘောဆောင်သည့် စီးပွားရေးဆိုင်ရာဆွေးနွေးမှုရလဒ်များ ပေါ်ထွက်လာအောင်ဖော်ဆောင်နိုင်ခဲ့ကြောင်း၊ နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရေး၊ စီးပွားရေးနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာအောင် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့ပြီး နိုင်ငံတော်အတွက် အပြုသဘောဆောင်နိုင်ခဲ့သော အောင်မြင်သည့် ခရီးစဉ်တစ်ခုဖြစ်ခဲ့ကြောင်း။

ခရီးစဉ်အတွင်း GMS အစည်းအဝေးသို့ တက်ရောက်

လာကြသည့် နိုင်ငံများမှ ဝန်ကြီးချုပ်များနှင့် သီးခြားစီ တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်စဉ် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေ၊ မြန်မာနိုင်ငံဆောင်ရွက်နေသည့်အခြေအနေ၊ နိုင်ငံအလိုက်နှစ်ဦးနှစ်ဖက် ပူးပေါင်းဆောင်ရွက်နေသည့် အခြေအနေ၊ နိုင်ငံတကာမျက်နှာစာများတွင် မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး မိတ်ဆွေနိုင်ငံများမှ ထောက်ခံအားပေးမှု အခြေအနေနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့ကြောင်း။

တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် H.E. Mr. Li Qiang အနေဖြင့် GMS အစည်းအဝေးတက်ရောက်သည့် ဝန်ကြီးချုပ်များအနက် မြန်မာဝန်ကြီးချုပ်နှင့်သာ သီးခြားတွေ့ဆုံမှု ပြုလုပ်ခဲ့သည်ကိုတွေ့ရကြောင်း၊ သီးခြားတွေ့ဆုံဆွေးနွေးစဉ် မိမိအနေဖြင့် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးပြောကြားခဲ့ကြောင်း၊ ထိုသို့ဆွေးနွေးစဉ် တရုတ်နိုင်ငံဝန်ကြီးချုပ်၏ ဆွေးနွေးချက်များမှ အဓိကကျသည့် ဆွေးနွေးချက်များမှာ မြန်မာနိုင်ငံအစိုးရ၏ ပြည်တွင်းတည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်ချက်များကို တရုတ်နိုင်ငံဘက်က အစဉ်အမြဲထောက်ခံအားပေးနေကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ တရုတ်နိုင်ငံအနေဖြင့် တက်တက်ကြွကြွ ထောက်ခံအားပေးပြီး မြန်မာနိုင်ငံ၏ နိုင်ငံရေးတည်ငြိမ်မှုရှိစေရန်နှင့် နိုင်ငံရေးအသွင်ကူးပြောင်းမှု လုပ်ငန်းစဉ်များကို ဆက်လက်တွန်းအားပေး ဆောင်ရွက်နေမှုကိုလည်း ထောက်ခံအားပေးပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နယ်မြေပိုင်ဆိုင်မှုတို့ကိုထပ်လောင်းအတည်ပြုပါကြောင်း၊ မြန်မာနိုင်ငံအစိုးရ၏ တရုတ်-မြန်မာ နယ်စပ်ဒေသ ကုန်သွယ်ရေးဂိတ်များနှင့်ပတ်သက်ပြီး စီမံခန့်ခွဲအုပ်ချုပ်မှုများကို တရုတ်နိုင်ငံအနေဖြင့် အားပေးပါကြောင်း၊ တရုတ်ဘက်အနေဖြင့် မြန်မာနိုင်ငံနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် အတူတကွ ဖွံ့ဖြိုးတိုးတက်မှု ရရှိလိုပါကြောင်း ဆွေးနွေးပြောကြားခဲ့ပြီး တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် မိမိတို့အစိုးရ၏ ဆောင်ရွက်ချက်များအပေါ် ပြတ်ပြတ်သားသား ရပ်တည်သည့်ပြောကြားချက်များပင်ဖြစ်ကြောင်း၊

ရွေးကောက်ပွဲနှင့်ပတ်သက်၍ လိုအပ်သည့် ကူညီမှုများ ထောက်ပံ့ပေးမည့် အခြေအနေနှင့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူမှုနှင့်ပတ်သက်၍ ကူညီမှုများ ဆောင်ရွက်ပေးမည့် အခြေအနေနှင့်ပတ်သက်၍လည်း ပြောကြားခဲ့ကြောင်း၊ မိမိအနေဖြင့် တရုတ်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ယူနန်ပြည်နယ်ပါတီကော်မတီ အတွင်းရေးမှူး H.E. Mr. Wang Ning နှင့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါလစ်ဗျူရိုအဖွဲ့ဝင်၊ ချုံချင့်မြူနီစီပယ်ပါတီကော်မတီအတွင်းရေးမှူး Mr. Yuan Jiajun တို့နှင့်လည်း တွေ့ဆုံဆွေးနွေးမှု ဆောင်ရွက်ခဲ့ပြီး ၎င်းတို့အနေဖြင့် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် အပြည့်အဝ ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေကိုပြောကြားခဲ့ကြောင်း၊ အပြုသဘောဆောင်သော ကောင်းမွန်သည့် ဆွေးနွေးမှုများကို တွေ့ရှိခဲ့ရကြောင်း၊ မြန်မာနိုင်ငံနှင့်ပတ်သက်၍

> မြန်မာနိုင်ငံ၏ နိုင်ငံရေးတည်ငြိမ်မှု ရှိစေရန်နှင့် နိုင်ငံရေးအသွင်ကူးပြောင်းမှု လုပ်ငန်းစဉ်များကို ဆက်လက်တွန်းအားပေး ဆောင်ရွက်နေမှုကိုလည်း ထောက်ခံအားပေး၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နယ်မြေပိုင်ဆိုင်မှုတို့ကို ထပ်လောင်းအတည်ပြု၊ မြန်မာနိုင်ငံအစိုးရ၏ တရုတ်-မြန်မာ နယ်စပ်ဒေသ ကုန်သွယ်ရေးဂိတ်များနှင့်ပတ်သက်ပြီး စီမံခန့်ခွဲအုပ်ချုပ်မှုများကို တရုတ်နိုင်ငံအနေဖြင့် အားပေး၊ မြန်မာနိုင်ငံနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် အတူတကွ ဖွံ့ဖြိုးတိုးတက်မှု ရရှိလို၊ မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် ဆောင်ရွက်ချက်များအပေါ် ပြတ်ပြတ်သားသား ရပ်တည်သည့် ပြောကြားချက်များပင်ဖြစ်။

အထူးအလေးထားသော ပြောဆိုဆက်ဆံမှု၊ ဆွေးနွေးမှုများကို ထင်ရှားစွာ တွေ့ရှိခဲ့ရကြောင်း။

GMS အစည်းအဝေးသို့ တက်ရောက်လာသည့် အရှေ့တောင်အာရှနိုင်ငံ လေးနိုင်ငံမှ ဝန်ကြီးချုပ်များနှင့် သီးခြားစီ တွေ့ဆုံဆွေးနွေးချိန်တွင်လည်း မိမိတို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့မှုအခြေအနေ၊ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိမှု အခြေအနေနှင့် ပွင့်လင်းမြင်သာသည့် ရွေးကောက်ပွဲဖြစ်စေရေး နိုင်ငံတကာမှ လေ့လာအကဲခတ်ရေး ကိုယ်စားလှယ်အဖွဲ့များကို ဖိတ်ခေါ်ဆောင်ရွက်သွားမည့် အခြေအနေကို ရှင်းလင်းပြောကြားခဲ့ရာ နိုင်ငံများအလိုက် ထောက်ခံသည့် ဆွေးနွေးချက်များကို ပြန်လည်ပြောကြားခဲ့ကြကြောင်း၊ တရုတ်နိုင်ငံ ခရီးစဉ်အတွင်း တရုတ်-မြန်မာ စီးပွားရေးပူးပေါင်းမှု အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နိုင်ရန်နှင့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေး ပညာတော်သင်များ ပိုမိုစေလွှတ်နိုင်ရေး ဆွေးနွေးနိုင်ခဲ့သဖြင့် အောင်မြင်သည့် ခရီးစဉ်တစ်ခုပင်ဖြစ်ကြောင်း။

## NCA ပါ ကတိကဝတ်များအတိုင်း အတတ်နိုင်ဆုံး ထိန်းသိမ်းဆောင်ရွက်

မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်ကို ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ လုံခြုံရေးနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် အထူးကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)သည် အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ နိုင်ငံရေးပါတီများ၊ အဖွဲ့အစည်းများ၊ တိုင်းရင်းသား ကိုယ်စားလှယ်များနှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများက ကမ္ဘာ့ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာမှ အသိသက်သေများ၊ ပြည်တွင်းအသိသက်သေများ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးပြီး ပြည်ထောင်စုလွှတ်တော်က Union Accord အဖြစ် အတည်ပြုပေးထားသည့် သမိုင်းဝင်စာချုပ်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် NCA သဘောတူစာချုပ်အတိုင်း အတတ်နိုင်ဆုံးရအောင် ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ လာမည့် လွှတ်တော်ကာလတွင်လည်း အချို့ကိစ္စရပ်များကို လွှတ်တော်၌ ဆက်လက်ဆွေးနွေးရန်အတွက် EAO များ၊ နိုင်ငံရေးပါတီများနှင့် သဘောတူဆွေးနွေးချက်များ ရရှိပြီးဖြစ်ကြောင်း။

## လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်

ရွေးကောက်ပွဲနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို နိုင်ငံ့လူဦးရေ၏ ၆၃ ရာခိုင်နှုန်းကျော် ကောက်ယူနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ဆက်လက်၍လည်း ကောက်ယူရန် ကျန်ရှိနေသည့် နေရာများ၌ အတတ်နိုင်ဆုံး၊ အနီးစပ်ဆုံးအထိရရှိအောင် ဆက်လက်ကောက်ယူလျက်ရှိကြောင်း၊ ယခုနှစ်ကုန်ပိုင်းတွင် အပြီးသတ်ကောက်ယူနိုင်မည်ဟု ခန့်မှန်းထားကြောင်း၊ ရွေးကောက်ပွဲနှင့်ပတ်သက်၍ ပါတီများ မှတ်ပုံတင်ခြင်းများကိုဥပဒေနှင့်အညီ ခွင့်ပြုပေးထားပြီးဖြစ်ကြောင်း၊ ဒေသနှင့် တိုင်းရင်းသားအကျိုးကို တရားဥပဒေနှင့်အညီ တောင်းဆို ဆွေးနွေးနိုင်ရေးအတွက် တိုင်းရင်းသား ကိုယ်စားလှယ်များအနေဖြင့် နိုင်ငံရေးစင်မြင့်တွင် ပိုမိုပါဝင်လာနိုင်ရန် လိုအပ်ကြောင်း၊ လွှတ်တော်အတွင်း တိုင်းရင်းသားများနှင့် လူထုလူတန်းစားအလွှာများကို ကိုယ်စားပြုသူများ ကျယ်ပြန့်စွာ ပါဝင်လာရေး အချိုးကျ ကိုယ်စားပြုစနစ်(PR)ကို တိုင်းဒေသကြီး၊ ပြည်နယ်နှင့် အမျိုးသားလွှတ်တော်တွင် ဖော်ဆောင်နိုင်ရေး ဆောင်ရွက်နေကြောင်း။

ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံအတွက် အင်မတန်အကျည်းတန် အရုပ်ဆိုးသည့် မဲမသမာမှုဖြစ်ပေါ်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံ၌ပါလီမန်ဒီမိုကရေစီခေတ်တွင်လည်း ရွေးကောက်ပွဲများ ပြုလုပ်ခဲ့ကြောင်း၊ ထိုအချိန်တွင် မဲမသမာမှုများ ရှိခဲ့သော်လည်း မဲဆန္ဒနယ်အနည်းအကျဉ်းသာ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မဲမသမာမှုဖြစ်အောင် ပြုလုပ်သူများသည် ၎င်းတို့၏ သက်ဆိုင်ရာ ရွေးကောက်ခံ မဲဆန္ဒနယ်တစ်ခုတည်းတွင်သာမကဘဲ ဒေသတစ်ခုလုံးတွင် အနိုင်ရရှိအောင် မဲမသမာမှု

များကို ပြုလုပ်ခဲ့ကြခြင်းဖြစ်ကြောင်း၊ မဲမသမာမှုများကို ပြန်လည်စိစစ်ခဲ့ချိန်တွင် မဲစာရင်းအချိုးအရ ပဲခူးတိုင်းဒေသကြီး၌ မဲစာရင်း မှားယွင်းမှုအများဆုံးဖြစ်ကြောင်း၊ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း မဲမသမာမှုများကို စိစစ်တွေ့ရှိခဲ့ရကြောင်း၊ ဦးဆောင်ပြုလုပ်သူများသည် ၎င်းတို့ သက်ဆိုင်ရာမဲဆန္ဒနယ်များတွင်သာမက တိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ်တစ်ခုလုံး အတိုင်းအတာအထိ မဲမသမာမှုများကိုပြုလုပ်ခဲ့သဖြင့် ရွေးကောက်ပွဲမသမာမှု ကျူးလွန်မှုသည် အတိမ်အနက် ကြီးမားကြောင်း၊ ထို့ကြောင့် ကျူးလွန်ခဲ့သည့်ပါတီအား ရွေးကောက်ပွဲဥပဒေအရ ထိထိရောက်ရောက် အရေးယူဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အဆိုပါ ရွေးကောက်ပွဲ မဲမသမာမှုများတွင် တာဝန်ရှိသူများသည် NLD ပါတီမှ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် (CEC) များဖြစ်ကြောင်း၊ ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် (CEC)များသည် ပါတီကို ကိုယ်စားပြုသူများဖြစ်ကြောင်း၊ တစ်ဦးတစ်ယောက်တည်း ကျူးလွန်ခြင်းမဟုတ်ဘဲ အဖွဲ့လိုက် လုပ်ဆောင်ခြင်းဖြစ်သဖြင့် အလားတူဖြစ်စဉ်မျိုး မဖြစ်ပွားအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

လာမည့်ရွေးကောက်ပွဲတွင် မဲစာရင်းများ မှားယွင်းမှုမရှိစေရေး၊ မဲစာရင်းများ မှန်ကန်မှုရှိစေရေး အဓိကဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကောင်စီဝင်များအနေဖြင့် မဲစာရင်းများ မှန်ကန်မှုရှိစေရေး တာဝန်ခွဲဝေ၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လာမည့်ရွေးကောက်ပွဲတွင် Myanmar Electronic Voting Machine စနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံတွင်လည်း အဆိုပါမဲပေးစနစ်ကို အသုံးပြုလျက်ရှိပြီး မဲစာရင်း မှန်ကန်စေရန်အတွက် အထောက်အကူပြုသည့် စနစ်တစ်ခုဖြစ်ကြောင်း၊ ရွေးကောက်ပွဲအား လုံခြုံရေးအရ အပိုင်းလိုက် ခွဲခြား၍လည်း ပြုလုပ်နိုင်ကြောင်း။

**သဘာဝဘေးအန္တရာယ်ကြောင့်ထိခိုက်ခဲ့သည့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေး**

ပြီးခဲ့သည့် စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သည့် ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားခဲ့သည့် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ပြည်နယ်နှင့်တိုင်းဒေသကြီး ကိုးခုရှိ မြို့နယ်များတွင် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ပြီး မိမိတို့နိုင်ငံ၏ သမိုင်းတွင် ရေကြီးရေလျှံမှုကြောင့် ထိခိုက်ပျက်စီးမှုတွင် အဆိုးရွားဆုံးဖြစ်ကြောင်း၊ သဘာဝဘေးကြောင့် ဖြစ်ပေါ်ခဲ့သည့် ထိခိုက်သေဆုံးပျက်စီးမှုများအတွက် မိမိတို့အနေဖြင့် ထိုက်သင့်သည့် ထောက်ပံ့မှုများ ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ကြောင်း။

**အကြမ်းဖက်လုပ်ရပ်များကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများမှာ ရှေ့သို့မရောက်နိုင်ဖြစ်နေ**

သဘာဝဘေးအန္တရာယ်ကြောင့်မဟုတ်ဘဲ လူတို့၏ လုပ်ဆောင်မှုများကြောင့် နိုင်ငံတော်အတွင်း လမ်း၊ တံတားများ၊ စာသင်ကျောင်းများနှင့် အဆောက်အဦများ ကြီးမားစွာ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရမှုရှိကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု အဆောက်အအုံများ၊ လမ်း၊ တံတားများကို ဆင်ခြင်တုံတရားမဲ့စွာ မိုက်လုံးကြီးစွာဖြင့် ဖျက်ဆီးလျက်ရှိကြောင်း၊ ၎င်းတို့ ဖျက်ဆီးခဲ့မှုကြောင့် ပျက်စီးခဲ့ရသည်များကို ပြန်လည်ပြုပြင်တည်ဆောက်ခြင်းများ ဆောင်ရွက်နေရသဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများမှာ ရှေ့သို့မရောက်နိုင်ဖြစ်နေရကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် သုံးစွဲရမည့်ငွေကြေးများကို ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် သုံးစွဲကုန်ကျနေခြင်းသည် နိုင်ငံတော်အတွက် ထိခိုက်နစ်နာစေခြင်းပင်ဖြစ်ကြောင်း။

ထိုကဲ့သို့ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေကြခြင်းသည် ပြည်ပမှ သွေးထိုးမြှောက်ပင့်ပေးမှုများနှင့် အသိပညာ၊ အတတ်ပညာအားနည်းခြင်း၊ ဝေဖန်ပိုင်းခြားနိုင်မှု အားနည်းခြင်းများကြောင့်ပင်ဖြစ်ကြောင်း၊ ပညာရေးအရ အားနည်းသည့် ဒေသများ၌ အကြမ်းဖက်မှုများ၊ ဒုစရိုက်မှုများ ပိုမိုဖြစ်ပေါ်နေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် အနာဂတ်တွင် ဖွံ့ဖြိုးတိုးတက်ပြီး တည်ငြိမ်အေးချမ်းသည့် နိုင်ငံတော်ကို ပုံဖော်ပေးနိုင်ရေး ပညာရေးကို အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အတန်းပညာရှိမှသာ အတတ်ပညာများ ရရှိမည်ဖြစ်ပြီး စဉ်းစားတွေးခေါ်မှုများ ရရှိမည်ဖြစ်ကြောင်း။

**နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများ အားပေးဆောင်ရွက်**

မိမိတို့အနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး စီးပွားရေး

အားကောင်းမွန်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ တိုးတက်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်စေရေးအတွက် အချက်သုံးချက်ဖြစ်သည့် ပန်းတိုင်အထွက်နှုန်း ပြည့်မီရေး၊ သီးထပ်စွမ်းအား မြှင့်တင်ရေး၊ စိုက်ဧက တိုးချဲ့ရေးကို အလေးထား ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

**မြစ်ချောင်းများကို အကျိုးရှိစွာအသုံးချရန်လို**

စိုက်ပျိုးရေးတွင် ရေသည်မရှိမဖြစ် လိုအပ်သဖြင့် ရေအရင်းအမြစ်များရရှိရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကောင်စီဝင်များအနေဖြင့် ရောက်ရှိသည့် ဒေသများတွင် နည်းလမ်းများ ရှာဖွေဆောင်ရွက်သွားကြရန်လိုကြောင်း၊ စိုက်ပျိုးရေ အသုံးချရာတွင် မိုးကောင်းသောက်၊ ဆည်ရေ၊ မြစ်ရေတင်၊ မြေအောက်ရေ စသည်ဖြင့် သုံးစွဲကြကြောင်း၊ ဆည်ရေသောက်စိုက်ပျိုးရေးအတွက် ဆည်များတည်ဆောက်ရန် လိုနေသေးကြောင်း၊ ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်တို့အား စနစ်တကျဖြင့် ထိန်းသိမ်းဆောင်ရွက်သွားမည်ဆိုပါက စိုက်ပျိုးရေများကို များစွာရရှိမည်ဖြစ်ကြောင်း၊ မြစ်ဘေးတစ်လျှောက်တွင် စိုက်ပျိုးမြေများစွာရှိကြောင်း၊ မြစ်ကြောင်းများ ထိန်းသိမ်းခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မြစ်ကြောင်းများတစ်လျှောက် အရေးကြီးသည့်နေရာများတွင် Low Head Dam များ တည်ဆောက်၍ စိုက်ပျိုးရေများရရှိအောင် ဆောင်ရွက်နိုင်ကြောင်း၊ မြစ်ကြောင်းများ ထိန်းသိမ်းခြင်းမှတစ်ဆင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်ကြောင်း၊ မိမိတို့နိုင်ငံအတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အားနှင့် စိုက်ပျိုးရေများ ရရှိစေရေးအတွက် မြစ်ချောင်းများကို အကျိုးရှိစွာအသုံးပြုရမည်ဖြစ်ကြောင်း၊ မိုးနည်းသည့် ဒေသများတွင် နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင် စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးရေများ လုံလောက်စွာရရှိနိုင်ကြောင်း။

ရေအရင်းအမြစ်များကို မှန်မှန်ကန်ကန် အကျိုးရှိရှိ အသုံးချနိုင်ရေး ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ရေနှင့်ဆက်စပ်ပြီး စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင် ဖော်ဆောင်ပေးရန်လိုကြောင်း၊ မြို့ပြဧရိယာများ၌ သုံးမိုင်ပတ်လည် အကွာအဝေးအတွင်း၌ Green Zone များ ဖော်ဆောင်ပေးထားရန်လိုကြောင်း၊ အိမ်ခြံဝင်းများ၊ လမ်းဘေးဝဲယာများ၌ သစ်ပင်များ စိုက်ပျိုးစေရေး ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရ တာဝန်ထမ်းဆောင်ချိန်အတွင်း Green Zone များကို ဖော်ဆောင်ပေးသွားရမည်ဖြစ်ကြောင်း၊ မကြာမီကာလအတွင်း ပွင့်လင်းရာသီသို့ ရောက်ရှိတော့မည်ဖြစ်သဖြင့် စိုက်ပျိုးထားသည့် သစ်ပင်များ ဆက်လက်ရှင်သန်ဖြစ်ထွန်းစေရေး ဆောင်ရွက်ကြရန်လိုကြောင်း။

**စက်မှုကုန်ထုတ်လုပ်ငန်းများ အားပေးဆောင်ရွက်**

ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်စေရေး

> လာမည့်ရွေးကောက်ပွဲတွင် မဲစာရင်းများ မှားယွင်းမှုမရှိစေရေး၊ မဲစာရင်းများ မှန်ကန်မှုရှိစေရေး အဓိကဆောင်ရွက်သွားရမည်ဖြစ်၊ ရွေးကောက်ပွဲတွင် Myanmar Electronic Voting Machine စနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်၊ မိမိတို့နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံတွင်လည်း အဆိုပါမဲပေးစနစ်ကို အသုံးပြုလျက်ရှိပြီး မဲစာရင်း မှန်ကန်စေရန်အတွက် အထောက်အကူပြုသည့် စနစ်တစ်ခုဖြစ်၊ သဘာဝဘေးအန္တရာယ်ကြောင့်မဟုတ်ဘဲ လူတို့၏ လုပ်ဆောင်မှုများကြောင့် နိုင်ငံတော်အတွင်း လမ်း၊ တံတားများ၊ စာသင်ကျောင်းများနှင့် အဆောက်အအုံများ ကြီးမားစွာ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရမှုရှိ၊ အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု အဆောက်အအုံများ၊ လမ်း၊ တံတားများကို ဆင်ခြင်တုံတရားမဲ့စွာ မိုက်လုံးကြီးစွာဖြင့် ဖျက်ဆီးလျက်ရှိ။

အတွက် MSME လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ၅၀ ရာခိုင်နှုန်းခန့်သည် စားသောက်ကုန် ထုတ်လုပ်သည့် လုပ်ငန်းများဖြစ်သည်ကို တွေ့ရကြောင်း၊ စက်မှုကုန် ထုတ်လုပ်ငန်းများကိုလည်း အားပေးဆောင်ရွက်ကြရန် လိုကြောင်း၊ စက်ရုံအကြီးများ ဆောင်ရွက်ရန် မဆိုလိုဘဲ စက်ယန္တရားအနည်းငယ်ဖြင့် ဆောင်ရွက်၍လည်းရကြောင်း၊ ပြည်တွင်းလိုအပ်ချက်ရှိသည့် အထည်အလိပ်လုပ်ငန်း၊ အီလက်ထရွန်နစ်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းများ၊ သံနှင့် သံမဏိလုပ်ငန်းကိုလည်းအားပေးဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ပေးခြင်းဖြင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း၊ ဒေသအလိုက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးခြင်း၊ စီးပွားရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးခြင်းတို့ဖြင့် ဒေသ၏ လူသားအရင်းအမြစ်များကိုထိန်းသိမ်းဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ကောင်စီဝင်များအနေဖြင့်လည်း မိမိတို့တာဝန်ယူထားရသည့် ဒေသများအလိုက် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အားပေးဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

**ကောင်စီအဖွဲ့ဝင်များက အသီးသီးဆွေးနွေးတင်ပြ**

ယင်းနောက် ကောင်စီဝင်များက လက်ရှိအချိန်တွင် လွိုင်ကော်ဒေသသည် ပြန်လည်တည်ငြိမ် အေးချမ်းနေပြီဖြစ်သဖြင့် လွိုင်ကော်ဒေသမှ ယာယီနေရပ်စွန့်ခွာနေရသူများအနေဖြင့် ၎င်းတို့နေရပ်တွင် ပြန်လည်အခြေချနေထိုင်လိုမှု၊ နိုင်ငံတော်၏ အနာဂတ်ကောင်းကို ပုံဖော်တည်ဆောက်ရာတွင် နိုင်ငံတော် အစိုးရနှင့်တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရန်လိုအပ်မှု၊ သက်ဆိုင်ရာ ဒေသများအလိုက် ခရီးစဉ်များသွားရောက်၍ ဒေသခံပြည်သူလူထုများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးဆောင်ရွက်သူများနှင့် ထိတွေ့၍ ၎င်းတို့ တင်ပြချက်များ၊ လိုအပ်ချက်များအပေါ် ဖြည့်ဆည်းပေးနိုင်မှုနှင့် နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် လုပ်ငန်းစဉ်များကိုရှင်းလင်းပြောကြားခဲ့မှု၊ လက်နက်ကိုင် အကြမ်းဖက်အဖွဲ့များအနေဖြင့် ဒေသနှင့် နိုင်ငံတော်အတွက် အကျိုးမရှိသည့် လက်နက်ကိုင် အကြမ်းဖက်သည့်လမ်းစဉ်ကို စွန့်လွှတ်ကာ ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်သို့ ရောက်ရှိလာစေရေး ဆွေးနွေးအဖြေရှာ ဆောင်ရွက်ကြရန်လိုအပ်မှု၊ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ဒေသများ၌ စားရေးအတွက် အခက်အခဲမရှိအောင် နိုင်ငံတော်မှ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိမှုတို့နှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် တည်ငြိမ်အေးချမ်းရေးနှင့်ပတ်သက်၍ နိုင်ငံတစ်ခု၊ ဒေသတစ်ခု၌ ပဋိပက္ခကိုဖြစ်ပေါ်လာအောင် ဖန်တီးသည်မှာ ၎င်းဒေသနှင့် နိုင်ငံတို့တွင် နေထိုင်ကြသူများပင်ဖြစ်ပြီး တည်ငြိမ်အေးချမ်းရေးကိုမလိုလားသူများ၏သွေးဆောင်မြှောက်ပင့်မှုများကြောင့်လည်းဖြစ်ကြောင်း၊ အလားတူ ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးအတွက်လည်း ၎င်းဒေသတွင်နေထိုင်သူများကပင်လုပ်ဆောင်ကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသအတွင်း တည်ငြိမ်အေးချမ်းရေးနှင့်ဒေသခံများ၏ လုံခြုံရေးကိုဖျက်ဆီးနေသည့် ဒေသတွင်းနေထိုင်သော လက်နက်ကိုင်အဖွဲ့အစည်းများ၏ အကြမ်းဖက်လုပ်ဆောင်မှုများ လျော့ပါးစေရေးအတွက် ကောင်စီဝင်များအနေဖြင့်လည်း ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ ဝိုင်းဝန်းတားဆီး ဆောင်ရွက်ပေးကြစေလိုကြောင်း။

ရွေးကောက်ပွဲကျင်းပနိုင်ရေးနှင့်ပတ်သက်ပြီး ရှေ့လုပ်ငန်းစဉ် (၅)ရပ် နောက်ဆုံးအချက်၌ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွှတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် တတ်နိုင်သမျှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး သိက္ခာရှိသည့် ရွေးကောက်ပွဲနှင့် သိက္ခာရှိသည့် လွှတ်တော်တစ်ရပ်ကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

■ ■ ■

# မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ် (၁၀၀) ပြည့် ရာပြည့်သဘင်နှင့် Naypyitaw State Polytechnic University ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့် အမှာစကား

( ၂၁ - ၁၁ - ၂၀၂၄ )




မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်နှင့် Naypyitaw State Polytechnic University ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာလ ၂၁ ရက်နေ့ နံနက်ပိုင်းတွင် အဆိုပါတက္ကသိုလ်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ပြီး ဂုဏ်ပြုအမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများမှ အင်ဂျင်နီယာပညာရှင်ကြီးများ၊ ဖိတ်ကြားထားသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် အင်ဂျင်နီယာ ကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မြတ်၊ ဗိသုကာကောင်စီဥက္ကဋ္ဌ ဦးဝင်းဇော်တို့က မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်နှင့် Naypyitaw State Polytechnic University ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့် ရာပြည့်သဘင် အထိမ်းအမှတ်ရုပ်တုနှင့် Naypyitaw State

Polytechnic University ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် Naypyitaw State Polytechnic University ကမွည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် Naypyitaw State Polytechnic University ကမွည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ယင်းနောက် အခမ်းအနားအစီအစဉ်ဒုတိယပိုင်းကို တက္ကသိုလ်စုဝေးခန်းမ၌ ဆက်လက်ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်နှင့် Naypyitaw State Polytechnic University ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် မျိုးဆက်သစ် အင်ဂျင်နီယာ ကျောင်းသား ကျောင်းသူများ၏ မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့် ရာပြည့်သဘင် အထိမ်းအမှတ် "အင်ဂျင်နီယာနှစ် ၁၀၀" သီချင်းဖြင့် သရုပ်ဖော် ကပြတင်ဆက်မှု၊ "Welcome To NSPU" သီချင်းဖြင့် သရုပ်ပြ ဖျော်ဖြေမှုတို့ကို ကြည့်ရှုအားပေး ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံအင်ဂျင်နီယာ ပညာရေး နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်နှင့် Naypyitaw State Polytechnic University ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် အမှာစကားပြောကြားရာတွင် ယနေ့ပြုလုပ်သည့် အခမ်းအနားသည် မြန်မာနိုင်ငံ၏ အင်ဂျင်နီယာပညာရေး နှစ် (၁၀၀) ပြည့်မြောက်သော အချိန်ဖြစ်သည့်အပြင် အဆင့်မြင့် သိပ္ပံနှင့် နည်းပညာကဏ္ဍတွင် ထူးခြားဆန်းသစ်စေမည့် နိုင်ငံ့ထိပ်တန်းတက္ကသိုလ်တစ်ခုဖြစ်လာစေမည့် Naypyitaw State Polytechnic University ကို နိုင်ငံ၏ မြို့တော် နေပြည်တော် ပြည်ထောင်စုနယ်မြေတွင် ဖွင့်လှစ်နိုင်ခဲ့ပြီ ဖြစ်သည့်အတွက် ကျက်သရေမင်္ဂလာအပေါင်းနှင့် ခညောင်း ပြည့်ဝသည့် နေ့ထူးနေ့မြတ် အခမ်းအနားဖြစ်ကြောင်း။

**ဂုဏ်ယူဖွယ်ရာတည်ရှိ**

မြန်မာ့အင်ဂျင်နီယာနှင့် ဗိသုကာပညာရပ်များသည် ပျူခေတ်၊ ပုဂံခေတ်မှစပြီး ထွန်းကားခဲ့သည်ကို သမိုင်း အထောက်အထား မှတ်တမ်းများအရ တွေ့ရှိရကြောင်း၊ ပျူခေတ် မြန်မာ့ဗိသုကာ အမွေအနှစ်လက်ရာများကို ဗိဿနိုးမြို့ဟောင်း၊ ဟန်လင်းမြို့ဟောင်းနှင့် သရေခေတ္တရာ မြို့ဟောင်းတို့တွင် အထင်အရှားတွေ့ရှိရကြောင်း၊ ပုဂံခေတ်တွင် တည်ထားခဲ့သည့် အာနန္ဒာဘုရား၊ သဗ္ဗညု ဘုရား၊ ဓမ္မရံကြီးဘုရားများတွင်ရှိသည့် ဗိသုကာလက်ရာ များသည် မြန်မာတို့၏ ဗိသုကာပညာရပ်အဆင့်အတန်း မြင့်မားမှုကို အထင်အရှားဖော်ပြနေကြောင်း၊ ထို့ပြင် ပုဂံမင်း လက်ထက် အမရပူရမြို့စာရေး ဦးပိန် တည်ဆောက်ခဲ့သည့် တစ်မိုင်နီးပါးရှည်လျားသော ဦးပိန်တံတားသည် ကျွန်းသစ် ကိုသာ အသုံးပြုထားသည့် ကမ္ဘာ့အရှည်ဆုံး သစ်သား တံတားတစ်ခုအဖြစ် ဂုဏ်ယူဖွယ်ရာ တည်ရှိနေကြောင်း။

ရတနာပုံခေတ်တွင် အင်ဂျင်နီယာပညာများ ဖွံ့ဖြိုး တိုးတက်ရာ၌ ၁၈၅၈ ခုနှစ်မှ ၁၈၇၄ ခုနှစ်အတွင်း မင်းတုန်းမင်း ၏ညီတော် ကနောင်မင်းသားကြီးက ဒင်္ဂါးစက်ရုံ၊ မဲနယ် စက်ရုံ၊ သကြားစက်ရုံ၊ သင်္ဘောစက်ရုံ၊ ဝါဂွမ်းစက်ရုံ၊ ရက်ကန်းစက်ရုံစသည့် ရတနာပုံခေတ် စက်ရုံများကို တည်ထောင်ခဲ့ကြောင်း၊ ၁၈၆၆ ခုနှစ်မှာ မောင်ရွှေအိုးက ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့တွင်ရှိသည့် ဗဟုဝိဇ္ဇာတက္ကသိုလ်မှ သိပ္ပံပညာ မဟာဝိဇ္ဇာဘွဲ့အပြင် မြို့ပြအင်ဂျင်နီယာဘွဲ့ကို ရရှိခဲ့ကြောင်း၊ ၁၈၆၇ ခုနှစ်တွင် ဖန်ချက်ပညာဆိုင်ရာ စာတမ်းကို ဆက်သွင်းခဲ့သဖြင့် ဖန်ချက်ဝန်အဖြစ် ခန့်အပ် ခံရသည့် မြန်မာ့ပထမဦးဆုံးသော အင်ဂျင်နီယာလည်း ဖြစ်ကြောင်း၊ ၁၈၆၆ ခုနှစ်တွင် ယောမင်းကြီး ဦးဘိုးလှိုင်သည် အီတလီနိုင်ငံ၏ ဟိုတယ်ဒီဇိုင်းကိုအခြေခံပြီး ယောမင်းကြီး အုတ်ကျောင်းကိုမန္တလေးမြို့တွင် တည်ဆောက်နိုင်ခဲ့ကြောင်း၊ ၁၈၆၉ ခုနှစ်တွင် ယောမင်းကြီး ဦးဘိုးလှိုင်က မြန်မာ့ကြေးနန်း ရိုက်နည်းဆိုင်ရာ လီပိဒီပိကာကျမ်းကို ရေးသားပြုစုခဲ့ပြီး ၁၈၇၀ ပြည့်နှစ်တွင် မြန်မာ့ကြေးနန်းလိုင်းများကို စတင် သွယ်တန်းခဲ့ကြောင်း။

**စတင်ဆောက်လုပ်နိုင်ခဲ့**

၁၈၇၂ ခုနှစ်တွင် ကင်းဝန်မင်းကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဗြိတိန်နှင့် အခြားဥရောပနိုင်ငံ

များကို သွားရောက်ခဲ့ပြီး လမ်းနှင့်တံတား တည်ဆောက်မှု အပါအဝင် အနောက်တိုင်းပညာရေးစနစ်များ၊ အုပ်ချုပ်မှုနှင့် အခြေခံအဆောက်အအုံများကို လေ့လာခဲ့ကြောင်း၊ ၁၈၇၄ ခုနှစ်တွင် စစ်ကိုင်းသံဖိုရုံကို အုတ်မြစ်ချ စတင်ဆောက်လုပ်နိုင်ခဲ့ပြီး ပြင်သစ်တွင် သံချက်ပညာသင်ယူခဲ့သည့် သံချက်ဝန်မင်း ဦးမြူက ကြီးကြပ်ပြီး သံပွတ်လုံးမှအစ သံပြား၊ သံလုံး၊ သံမြောင်းများ၊ လက်နက်များ ပြုလုပ်နိုင်ခဲ့ကြောင်း။

လွတ်လပ်ရေးရပြီးနောက်ပိုင်း ၁၉၆၀ ပြည့်နှစ်တွင် "လျှပ်စစ်မီးဖြင့် လောကနိဗ္ဗာန် တည်ဆောက်အံ့" ကြွေးကြော်သံဖြင့် ၈၄ မဂ္ဂါဝပ်ရှိသည့် ဘီလူးချောင်း အမှတ်(၂)လောပိတရေအားလျှပ်စစ်စက်ရုံကိုတည်ဆောက်ခဲ့ပြီး ၁၉၇၄ ခုနှစ်တွင် (၁၆၈) မဂ္ဂါဝပ်အထိ တိုးမြှင့်ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း၊ ၁၉၇၀ ပြည့်နှစ် အစောပိုင်းတွင် တက္ကသိုလ်များ ကွန်ပျူတာစင်တာကို တည်ထောင်ခဲ့ပြီး ICL-1902S Mainframe အမျိုးအစား ကွန်ပျူတာစက်ကြီးတစ်လုံးကို ပထမဆုံးကွန်ပျူတာအဖြစ် တပ်ဆင်ခဲ့ပြီး ၁၉၇၃ ခုနှစ် မြန်မာနိုင်ငံ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းတွင် အသုံးပြုခဲ့ကြောင်း။

ခေတ်အဆက်ဆက်တွင် မြန်မာ့အင်ဂျင်နီယာနှင့် ဗိသုကာပညာရှင် အမြောက်အမြား ပေါ်ထွန်းခဲ့ကြောင်း၊ ရန်ကုန်မြို့တော်ခန်းမကို မြန်မာ့ဗိသုကာပညာရှင် စည်သူဦးတင်က နိုင်ငံခြားသား ပညာရှင်များနှင့် ပူးပေါင်းပြီး ဥရောပလက်ရာနှင့် မြန်မာ့ရိုးရာဗိသုကာလက်ရာတို့ ပေါင်းစပ်ပြီး ဒီဇိုင်းရေးဆွဲခဲ့ကြောင်း။

ယခု ၂၁ ရာစုတွင်လည်း နေပြည်တော် မြို့တော် တည်ဆောက်ရေးနှင့် နေပြည်တော်တွင်ရှိသည့် လွှတ်တော် အဆောက်အအုံများကို မြန်မာ့ရိုးရာယဉ်ကျေးမှု၊ မြန်မာ့ဗိသုကာလက်ရာများနှင့် ခြယ်မှုန်းပြီး မြန်မာဗိသုကာပညာရှင်များ၊ မြန်မာအင်ဂျင်နီယာများက တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ပြင် နေပြည်တော်ကောင်စီနယ်မြေ၊ ဒက္ခိဏသီရိမြို့နယ်၊ ဗုဒ္ဓဥယျာဉ်တော်တွင် တည်ထားကိုးကွယ်ထားသည့် မာရဝိဇယရုပ်ပွားတော်မြတ်ကြီးသည် ဘူမိဖဿမုဒြာစကျင်ကျောက်ရုပ်ပွားတော်ဖြစ်ပြီး ကမ္ဘာ့အမြင့်ဆုံးနှင့် အလေးချိန်အများဆုံး စကျင်ကျောက်ရုပ်ပွားတော်ကြီးတစ်ဆူအဖြစ် မြန်မာ့အင်ဂျင်နီယာနှင့် ဗိသုကာပညာရှင်များ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် CNC နည်းပညာကို အသုံးပြုပြီး အောင်မြင်စွာ တည်ထားခဲ့ခြင်းဖြစ်ကြောင်း၊ ထို့အပြင် အရှည်ပေ ၈၆၃၈ ပေရှိသည့် Cable-Stayed တံတားအမျိုးအစား ပဲခူးမြစ်ကူးတံတား (သန်လျင်တံတား အမှတ်-၃)ကိုလည်း မြန်မာ့အင်ဂျင်နီယာပညာရှင်များ၏ ကြိုးပမ်းအားထုတ်မှုဖြင့် တည်ဆောက်ခဲ့ပြီး ၂၀၂၄ ခုနှစ်၊ ဇွန်လတွင် ဂုဏ်ယူဝင့်ကြွားစွာ ဖွင့်လှစ်နိုင်ခဲ့ကြောင်း။

မြန်မာနိုင်ငံအင်ဂျင်နီယာ ပညာရေးသမိုင်းကြောင်းကို ပြန်ပြောင်းကြည့်မည်ဆိုပါက (၁၉၂၃-၁၉၂၄) ပညာသင်နှစ်တွင် ရန်ကုန်တက္ကသိုလ်၌ အင်ဂျင်နီယာဌာန စတင်ဖွင့်လှစ်နိုင်ခဲ့ခြင်းကို မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး၏ အစဟု ဆိုနိုင်မည်ဖြစ်ကြောင်း၊ ၁၉၂၄-၁၉၂၅ ပညာသင်နှစ်တွင် မြို့ပြအင်ဂျင်နီယာသင်တန်းကို စတင်ဖွင့်လှစ်နိုင်ခဲ့ပြီး ၁၉၂၈ ခုနှစ်တွင် မြန်မာ့ပထမဦးဆုံး အင်ဂျင်နီယာဘွဲ့ရ ၂၅ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ကြောင်း။

၁၉၆၁ ခုနှစ်တွင် ယခုလက်ရှိအင်းစိန်မြို့နယ်၊ ကြို့ကုန်းတွင်ရှိသည့်ရန်ကုန်နည်းပညာတက္ကသိုလ်နေရာကိုပြောင်းရွှေ့ဖွင့်လှစ်နိုင်ခဲ့ပြီး ၁၉၉၁ ခုနှစ်တွင် မန္တလေးစက်မှုတက္ကသိုလ်၊ ၁၉၉၄ ခုနှစ်တွင် တပ်မတော်နည်းပညာတက္ကသိုလ်၊ ၁၉၉၆ ခုနှစ်တွင် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ ၁၉၉၈ ခုနှစ်တွင် ပြည်နည်းပညာတက္ကသိုလ်၊ ၂၀၀၂ ခုနှစ်တွင် အရှေ့တောင်အာရှတွင် တစ်ခုတည်းသောတက္ကသိုလ်ဖြစ်သည့်မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ်၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တို့ကို တည်ထောင်ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း။

လက်ရှိအချိန်တွင် နိုင်ငံတော်က အားထားရသည့် အင်ဂျင်နီယာ၊ ဗိသုကာနှင့် ကွန်ပျူတာပညာရှင်များကို အရည်အချင်းပြည့်မီစွာ မွေးထုတ်ပေးနိုင်ရန်အတွက် Naypyitaw State Polytechnic University & Polytechnic University ခုနစ်ခု၊ နည်းပညာတက္ကသိုလ်(၂၇)ခု၊ ကွန်ပျူတာတက္ကသိုလ် ၁၉ ခု၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်တစ်ခု၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် တစ်ခု၊ စုစုပေါင်း အင်ဂျင်နီယာပညာရပ် သင်ကြားပို့ချပေးသည့် တက္ကသိုလ်(၅၆)ခုအထိ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယနေ့ဖွင့်လှစ်သည့် Naypyitaw State Polytechnic University နှင့် အတူ Polytechnic University ၅ ခုကို ကျိုင်းတုံမြို့၊

ပင်လုံမြို့၊ မြိတ်မြို့၊ ထားဝယ်မြို့နှင့် မအူပင်မြို့တို့တွင် ယနေ့တစ်ပြိုင်နက်တည်း ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်ကို တစ်ပါတည်း ပြောကြားလိုကြောင်း။

Polytechnic University ဆိုသည်မှာ သိပ္ပံ၊ နည်းပညာ၊ အင်ဂျင်နီယာ၊ သင်္ချာပညာရပ်နှင့် အသုံးချသိပ္ပံ၊ စီးပွားရေး၊ စီမံခန့်ခွဲမှုဆိုင်ရာအဆင့်မြင့်ပညာရပ်များကိုဘွဲ့ကြိုသင်တန်းများသာမက ဘွဲ့လွန်သင်တန်းများအထိ လက်တွေ့ကျကျ လေ့ကျင့်သင်ကြားမှုများအပြင် လက်တွေ့လုပ်ငန်းခွင်နှင့်

> **နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် လိုအပ်သည့် အရည်အသွေးမြင့် လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်ရေး၊ နိုင်ငံတော်အတွက် လိုအပ်သည့် အင်ဂျင်နီယာ ပညာရှင်များကို ပိုမိုမွေးထုတ် လေ့ကျင့်ပေးနိုင်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရေး စသည့် ရည်ရွယ်ချက်များဖြင့် နေပြည်တော် နည်းပညာတက္ကသိုလ်ကို ၂၀၂၂ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် အစိုးရနည်းပညာကောလိပ်(နေပြည်တော်)အဖြစ်မှ တက္ကသိုလ်အဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးခဲ့၊ ယခု ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် နေပြည်တော် နည်းပညာတက္ကသိုလ်ကို Naypyitaw State Polytechnic University အဖြစ် ပြောင်းလဲတိုးချဲ့ ဖွင့်လှစ်နိုင်ခဲ့ပြီး အင်ဂျင်နီယာ အထူးပြုဘာသာရပ်များသာမက ကွန်ပျူတာသိပ္ပံနှင့် ကွန်ပျူတာနည်းပညာ ဘာသာရပ်များကိုပါ တိုးချဲ့ဖွင့်လှစ် သင်ကြားပေးနိုင်ခဲ့။**

ချိတ်ဆက်သင်ကြားပို့ချပေးသည့် တက္ကသိုလ်တစ်ခုဖြစ်ကြောင်း၊ ကျောင်းသားများ၏ အသက်မွေးဝမ်းကျောင်းမှုအတွက် လက်တွေ့ကျသည့် ပညာရေးကို သင်ကြားပို့ချပေးခြင်း၊ ခေတ်မီနည်းပညာနှင့် သုတေသနဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အထူးအလေးထားဆောင်ရွက်ခြင်း၊ လုပ်ငန်းခွင်တွင် လိုအပ်သည့် ကျွမ်းကျင်ပညာရှင်များနှင့် လုပ်ငန်းလိုအပ်ချက် ကိုက်ညီပြီး ကောင်းစွာကျွမ်းကျင်တတ်မြောက်သည့်ဘွဲ့ရများ မွေးထုတ်ပေးခြင်း၊ စက်မှုလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်ရသည့် Real World Project များ ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းနှင့် လုပ်ငန်းခွင် အတွေ့အကြုံများရရှိနိုင်သည့် အခွင့်အလမ်းများ ဖန်တီးပေးခြင်းစသည့် ရည်ရွယ်ချက်များဖြင့် ပိုလီတက္ကနစ်တက္ကသိုလ်များကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် Polytechnic University များသည် ဘာသာရပ်နယ်ပယ်စုံလင်စွာ ပေါင်းစည်းပို့ချသည့် နေရာတစ်ခုဖြစ်ပြီး ဘွဲ့ကြိုသင်တန်းများသာမက ဘွဲ့လွန်သင်တန်းများ၊ သုတေသနလုပ်ငန်းများကိုပါ ကျယ်ကျယ်ပြန့်ပြန့် လေ့လာသင်ယူနိုင်သည့် နေရာတစ်ခုဖြစ်ကြောင်း။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် လိုအပ်သည့် အရည်အသွေးမြင့် လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်ရေး၊ နိုင်ငံတော်အတွက် လိုအပ်သည့် အင်ဂျင်နီယာပညာရှင်များကို ပိုမိုမွေးထုတ်လေ့ကျင့်ပေးနိုင်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရေးစသည့် ရည်ရွယ်ချက်များဖြင့် နေပြည်တော် နည်းပညာတက္ကသိုလ်ကို ၂၀၂၂ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် အစိုးရနည်းပညာကောလိပ်(နေပြည်တော်)အဖြစ်မှ တက္ကသိုလ်အဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးခဲ့ကြောင်း။

၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် အင်ဂျင်နီယာ အထူးပြုဘာသာရပ်ခြောက်ခုဖြင့် စတင်ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် စိုက်ပျိုးရေးအင်ဂျင်နီယာ အထူးပြုဘာသာရပ်ကိုပါ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ယခု ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် နေပြည်တော် နည်းပညာတက္ကသိုလ်ကို Naypyitaw State Polytechnic University အဖြစ် ပြောင်းလဲတိုးချဲ့ ဖွင့်လှစ်နိုင်ခဲ့ပြီး အင်ဂျင်နီယာ အထူးပြုဘာသာရပ်များသာမက ကွန်ပျူတာသိပ္ပံနှင့် ကွန်ပျူတာနည်းပညာ

ဘာသာရပ်များကိုပါ တိုးချဲ့ဖွင့်လှစ် သင်ကြားပေးနိုင်ခဲ့ပြီ ဖြစ်ကြောင်း။

Naypyitaw State Polytechnic University ကို ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် ရန်ကုန်ကွန်ပျူတာ တက္ကသိုလ်များနည်းတူ နိုင်ငံ့ထိပ်တန်းတက္ကသိုလ်ကြီး တစ်ခု ဖြစ်လာစေရန်ရည်ရွယ်ပြီး တိုးချဲ့ဖွင့်လှစ်ပေးခဲ့ခြင်း ဖြစ်ကြောင်း၊ အင်ဂျင်နီယာ အထူးပြုဘာသာရပ်ဌာန ခုနစ်ခု၊ ကွန်ပျူတာအထူးပြုဘာသာရပ်ဌာန လေးခု၊ အခြား အထောက်အကူပြု ဘာသာရပ်ဌာန ငါးခု၊ သင်ကြားရေး ဌာနစုစုပေါင်း ၁၆ ခုဖြင့် ပြည့်စုံအောင် တိုးမြှင့်ဖွင့်လှစ် ပေးခဲ့ခြင်းဖြစ်ကြောင်း။

ယခုအချိန်တွင် အင်ဂျင်နီယာအထူးပြုဘွဲ့ ခုနစ်မျိုးနှင့် ကွန်ပျူတာအထူးပြုဘွဲ့ နှစ်မျိုး၊ စုစုပေါင်းဘွဲ့ ကိုးမျိုး အပ်နှင်းသွားမည်ဖြစ်ကြောင်း၊ တစ်နှစ်လျှင် အင်ဂျင်နီယာ အထူးပြုကျောင်းသား ၂၇၀၊ ကွန်ပျူတာအထူးပြု ကျောင်းသား ၁၂၀၊ စုစုပေါင်း ၃၉၀ ခေါ်ယူသွားမည် ဖြစ်ပြီး အင်ဂျင်နီယာ အထူးပြုဘာသာရပ်ကို စာသင်နှစ် ငါးနှစ်၊ ကွန်ပျူတာအထူးပြုဘာသာရပ်ကို စာသင်နှစ် လေးနှစ် စသဖြင့် သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း၊ Naypyitaw State Polytechnic University of Smart University ဖြစ်လာစေရေး၊ နိုင်ငံတကာ ပိုလီတက္ကနစ် တက္ကသိုလ်များနည်းတူ အထူးပြုနယ်ပယ်ပေါင်းစုံနှင့် ဘွဲ့လွန်ဒီဂရီသင်တန်းများကိုပါ တိုးမြှင့်ဖွင့်လှစ်နိုင်ရေး၊ နိုင်ငံ့အကျိုးပြု သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး အဆင့်ဆင့် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

နိုင်ငံတော်က တည်ဆောက်ပေးလိုက်သည့် Naypyitaw State Polytechnic University ကို ယခုထက်ပိုမို ဥပမိရုပ် ကောင်းမွန်စေရေး၊ သန့်ရှင်းသာယာလှပစေရေး၊ တက္ကသိုလ်မှ မွေးထုတ်ပေးလိုက်သည့် မျိုးဆက်သစ် အင်ဂျင်နီယာပညာရှင်များသည် ဒေသတွင်းနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်သည့် ပညာရှင်များ ဖြစ်လာစေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

**နိုင်ငံ့အကျိုးကို ဆောင်ရွက်**

မြန်မာနိုင်ငံ သမိုင်းစဉ်တစ်လျှောက်တွင် မြန်မာ့ရိုးရာ အင်ဂျင်နီယာနှင့် ဗိသုကာအတတ်ပညာနှင့် နိုင်ငံ၏ ဂုဏ် အဖုံဖုံကို မြှင့်တင်ပေးခဲ့ကြသည့် ရှေးပညာရှင် အကျော် အမော်များအားလုံး ခေတ်သစ်အင်ဂျင်နီယာပညာများနှင့် နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် အင်ဂျင်နီယာပညာရှင်များ အားလုံးကို အထူးပင် ဂုဏ်ပြုချီးကျူးပါကြောင်းနှင့် ကျေးဇူးဥပကာရတင်ရှိသည်ကို ပြောကြားလိုကြောင်း၊ ဆက်လက်၍လည်း မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး သမိုင်းတစ်ခေတ်တွင်ခဲ့သည့် နှစ်(၁၀၀)ပြည့်မှသည် နောင်နှစ်ပေါင်း ထောင်ချီတိုင် စဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်စေရေးအတွက် အင်ဂျင်နီယာ ကျောင်းသား ဟောင်းကြီးများ၊ အင်ဂျင်နီယာလုပ်ငန်းရှင်များ၊ စီမံခန့်ခွဲ သူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ များက လက်တွဲညီညီ ဝိုင်းဝန်းကြိုးပမ်း အကောင်အထည် ဖော်၍ နိုင်ငံ့အကျိုးကို ဆောင်ရွက်သွားကြရန် တိုက်တွန်း ပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

■ ■ ■

# (၂၃) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့် အဖွင့်ဂုဏ်ပြုမိန့်ခွန်း

( ၂၂ - ၁၁ - ၂၀၂၄ )



**အားလုံးမင်္ဂလာပါ။**

မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနဲ့ မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကို တက်ရောက်လာကြတဲ့ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများ၊ ဆက်စပ်နှီးနွှယ်ပညာရှင်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံနိုင်ကြပါစေ၊ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့နဲ့ ပြည့်စုံကြပါစေ၊ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်ဆေးပညာကို မြတ်နိုးတန်ဖိုးထားထိန်းသိမ်းမြှင့်တင်နိုင်သူများ ဖြစ်ကြပါစေလို့ ဆုမွန်ကောင်းတောင်းလျက် ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။

မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနဲ့ မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲတွေကို ၂၀၀၀ ပြည့်နှစ်က စတင်ပြီး နှစ်စဉ်ကျင်းပလာခဲ့တာ အခုဆိုရင် (၂၃)ကြိမ်မြောက် ကျင်းပနိုင်ပြီဖြစ်ပါတယ်။ ယခုနှစ် ညီလာခံကို “တိုင်းရင်းဆေးပညာ သင်ကြားရေးဆိုင်ရာ အရည်အသွေး အသိအမှတ်ပြုနိုင်စေရန်” “တိုင်းရင်းဆေးပညာ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် တိုင်းရင်းဆေးဝါးများ ခေတ်စနစ်နှင့်အညီ ထုတ်လုပ်နိုင်စေရန်” “အရည်အသွေးပြည့်ဝသည့် တိုင်းရင်းဆေးပညာရှင်များ ပိုမိုမွေးထုတ်ပေးနိုင်စေရန်” “မြန်မာ့တိုင်းရင်းဆေးပညာ ရိုးရာယဉ်ကျေးမှု အမွေအနှစ်အား လေးစားတန်ဖိုးထားတတ်စေရန်” ဆိုတဲ့

ရည်ရွယ်ချက်တွေနဲ့ ကျင်းပသွားမယ်လို့ သိရပါတယ်။ ညီလာခံနဲ့ နှီးနှောဖလှယ်ပွဲတွေကို နှစ်စဉ်ကျင်းပပေးနေရခြင်းက မြန်မာ့သမိုင်းစဉ်တစ်လျှောက်မှာ ပြည်သူလူထုရဲ့ ကျန်းမာရေးကို မြန်မာ့တိုင်းရင်းဆေးပညာ၊ တိုင်းရင်းဆေးဝါးတွေနဲ့ ထိထိရောက်ရောက် စောင့်ရှောက်ကုသမှုပေးခဲ့ကြတဲ့ အစဉ်အလာအတိုင်း ပြည်သူလူထုရဲ့ ကျန်းမာရေးကို မိမိနိုင်ငံရဲ့ တိုင်းရင်းဆေးပညာ၊ တိုင်းရင်းဆေးဝါးတွေနဲ့ ပိုမိုစောင့်ရှောက်မှုပေးနိုင်ရေး ရည်ရွယ်ပြုလုပ်ပေးခြင်း ဖြစ်ပါတယ်။

ဒီနေ့အချိန်အခါဟာ နိုင်ငံတော်ရဲ့အမျိုးသားရေးဦးတည်ချက်တစ်ရပ်ဖြစ်တဲ့ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျုံးဝင်မယ့် ကျန်းမာရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ လူသားအရင်းအမြစ်ဟာ အဓိကကျပြီး ကျန်းမာရေးနဲ့ပတ်သက်တဲ့ အသိပညာရှင်၊ အတတ်ပညာရှင်၊ ကျွမ်းကျင်ပညာရှင်များနဲ့သာ နိုင်ငံတော်ကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။ မြန်မာ့တိုင်းရင်းဆေးပညာ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး အဆင့်အတန်းမြင့်မားလာစေရေးအတွက် ပုံဖော်စွမ်းဆောင်နိုင်မယ့် တိုင်းရင်းဆေးတက္ကသိုလ်ကြီးကို ဖွင့်လှစ်ပြီး မြန်မာ့တိုင်းရင်းဆေးပညာရှင် လူ့စွမ်းအားအရင်းအမြစ်များကို နှစ်စဉ်မွေးထုတ်ပေးလျက်ရှိပါတယ်။

ပြည်သူများရဲ့ မျှော်မှန်းသက်တမ်း ပိုမိုမြင့်မားလာစေဖို့နဲ့ လူတိုင်းလက်လှမ်းမီ အရည်အသွေးပြည့်ဝတဲ့ ကျန်းမာရေး စောင့်ရှောက်မှုစနစ်ကိုအားလုံးရရှိစေဖို့အတွက် တိုင်းရင်းဆေးသမားတော်များနဲ့ လုပ်ငန်းရှင်များကလည်း တိုင်းရင်းဆေးကဏ္ဍကနေ တစ်တပ်တစ်အားပါဝင်ဆောင်ရွက်ကြဖို့ တိုက်တွန်းမှာကြားလိုပါတယ်။ မြန်မာ့တိုင်းရင်းဆေး ပညာရပ်ဆိုင်ရာ ယဉ်ကျေးမှုအမွေအနှစ်တွေဖြစ်တဲ့ ဒေသနာနယ၊ ဘေသဇ္ဇနယ၊ ဝိဇ္ဇာ ဓရနယ၊ နက္ခတ္တနယဆိုတဲ့ နယကြီးလေးပါးကို အခြေတည်ပြီး လက်တွေ့ ပျောက်ကင်းအောင် ကုသနိုင်ခဲ့တဲ့ ကုထုံးများ၊ စာပေမှတ်တမ်းများ၊ ခေတ်အဆက်ဆက် ရေးသားခဲ့တဲ့ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ ပေ၊ ပုရပိုက်များ၊ စာပေကျမ်းဂန်တွေနဲ့ ဆေးကျမ်းတွေဟာ တန်ဖိုးအလွန်ကြီးမားပါတယ်။ ဒါ့ကြောင့်လည်း မြန်မာ့တိုင်းရင်းဆေးပညာဆိုင်ရာ ဒြပ်ရှိ၊ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်တွေကို ခိုင်မြဲတည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ပြီး လက်ဆင့်ကမ်းမျှဝေပေးဖို့နဲ့ ပိုမိုတိုးတက်လာစေဖို့ကတော့ မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးတွေရဲ့ တာဝန်ပဲဖြစ်ပါတယ်။

ဒီနှစ် နှီးနှောဖလှယ်ပွဲမှာ စာတမ်း(၁၃)စောင်ကို ဖတ်ကြားသွားမယ်လို့ သိရပါတယ်။ အဲဒီစာတမ်းတွေမှာ တိုင်းရင်းသားတွေရဲ့ ရိုးရာဆေးဝါးတွေ၊ ကုထုံးတွေ ပါဝင်နေတာ တွေ့ရှိရတဲ့အတွက် တိုင်းရင်းသားတွေ လက်တွေ့အသုံးပြုနေတဲ့ အဆိုပါ ဆေးဝါးတွေနဲ့ ကုထုံးတွေကို အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့် သိရှိအသုံးပြုနိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြဖို့ အလေးထား မှာကြားလိုပါတယ်။

ဆက်လက်ပြီးတော့လည်း အရည်အသွေး စစ်မှန်

အရည်အသွေး စစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းတဲ့၊ အကျိုးအာနိသင်ရှိတဲ့ တိုင်းရင်းဆေးဝါးတွေကို အများပြည်သူသုံးစွဲနိုင်ဖို့အတွက် တိုင်းရင်းဆေး သုတေသနလုပ်ငန်းတွေကို ပိုမိုဆောင်ရွက်ပြီး မှတ်တမ်းတင် ထားရှိဖို့လို၊ တိုင်းရင်းဆေးပညာကို ခေတ်နဲ့အညီ ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် နိုင်ငံတကာကို ပညာသင်များ စေလွှတ်ပြီး နည်းပညာများ သင်ယူခြင်း၊ မျှဝေခြင်း၊ မိမိနိုင်ငံနဲ့ လိုက်လျောညီထွေ ပြန်လည်အသုံးချပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်တာတွေ လုပ်ကြရမှာဖြစ် နိုင်ငံတော်က ကျန်းမာရေးစောင့်ရှောက်မှုတွေမှာ တိုင်းရင်းဆေးပညာနဲ့ ပါဝင်အားဖြည့်နိုင်ဖို့အတွက် တိုင်းရင်းဆေးကဏ္ဍကို အလေးအနက်ထား ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိ။

ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းတဲ့၊ အကျိုးအာနိသင်ရှိတဲ့ တိုင်းရင်းဆေးဝါးတွေကို အများပြည်သူ သုံးစွဲနိုင်ဖို့အတွက် တိုင်းရင်းဆေး သုတေသနလုပ်ငန်းတွေကို ပိုမိုဆောင်ရွက်ပြီး မှတ်တမ်းတင် ထားရှိဖို့လိုပါတယ်။ ဆောင်ရွက်ပြီး သုတေသနတွေကို မှတ်ကျောက်တင်နိုင်ဖို့အတွက် နှစ်စဉ်စာတမ်းဖတ်ပွဲတွေကို ကျင်းပပေးခဲ့ရာမှာ ယခုနှစ်မှာ(၁၃)ကြိမ်မြောက် တိုင်းရင်းဆေးသုတေသန စာတမ်းဖတ်ပွဲ ကျင်းပနိုင်ခဲ့တာကို တွေ့ရပါတယ်။ ဒါကြောင့် တိုင်းရင်းဆေးသမားတော်တွေ၊ သုတေသနပညာရှင်တွေ၊ ဆေးဝါးပညာရှင်တွေ၊ နှီးနွှယ်ပညာရှင်တွေနဲ့ တိုင်းရင်းဆေးဝါး ထုတ်လုပ်သူတွေအားလုံးတို့က မျက်ခြည်မပြတ် ဆန်းစစ်လေ့လာပြီး ကြိုးပမ်းအားထုတ်ကြရမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်က ပြုလုပ်ခဲ့တဲ့ (၂၂) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနဲ့ မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲ ဆောင်ရွက်ခဲ့မှုတွေကို မှတ်တမ်းစာအုပ် အဖြစ် ပြုစုထားတာတွေ့ရလို့ ဝမ်းသာမိပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ နိုင်ငံတကာ အဖွဲ့အစည်းများနဲ့ ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်လျက်ရှိရာမှာ တိုင်းရင်းဆေးဆိုင်ရာကဏ္ဍကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ တိုင်းရင်းဆေးပညာကို ခေတ်နဲ့အညီ ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် နိုင်ငံတကာကို ပညာသင်များ စေလွှတ်ပြီး နည်းပညာများသင်ယူခြင်း၊ မျှဝေခြင်း၊ မိမိနိုင်ငံနဲ့ လိုက်လျောညီထွေ ပြန်လည်အသုံးချပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်တာတွေ လုပ်ကြရမှာဖြစ်ပါတယ်။ တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)နဲ့ တရုတ်နိုင်ငံ၊ ယူနန် တိုင်းရင်းဆေးတက္ကသိုလ်တို့ ၂၀၂၄ ခုနှစ်၊ ဇွန်လ (၂၅) ရက်နေ့မှာ နားလည်မှုစာချွန်လွှာ(MoU) လက်မှတ်ရေးထိုးပြီး တိုင်းရင်းဆေးပညာ ပိုမိုဖွံ့ဖြိုးရေးအတွက် လမ်းညွှန်ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်နေတာတွေ့ရလို့ ဝမ်းမြောက်မိပါတယ်။

နိုင်ငံတော်က ကျန်းမာရေးစောင့်ရှောက်မှုတွေမှာ တိုင်းရင်းဆေးပညာနဲ့ ပါဝင်အားဖြည့်နိုင်ဖို့အတွက် တိုင်းရင်းဆေးကဏ္ဍကို အလေးအနက်ထား ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါတယ်။ နိုင်ငံတော်ရဲ့ အားပေးမှုနဲ့အတူ တိုင်းရင်းဆေးပညာရှင်များကလည်း ပြည်သူလူထုရဲ့ ကျန်းမာရေးကို အစဉ်အမြဲ စောင့်ရှောက်ပေးနေတာတွေ့ရပါတယ်။ ဒါ့အပြင် သဘာဝဘေးအန္တရာယ်နဲ့ ကပ်ရောဂါများ တွေ့ကြုံရင်ဆိုင်လာရင်လည်း ပြည်သူကိုတိုင်းရင်းဆေးပညာနဲ့ စောင့်ရှောက်ကူညီပေးနေတာတွေ့ရလို့ ကျေနပ်အားရမိပါတယ်။

ဒါ့အပြင် နိုင်ငံတော်ရဲ့ စီးပွားရေးဦးတည်ချက်တစ်ရပ်ဖြစ်တဲ့ တိုးတက်ကောင်းမွန်လာတဲ့ စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြုပြီး (MSME)စက်မှုလုပ်ငန်းတွေကို အားပေးဆောင်ရွက်ရေးနဲ့ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာမှာ တိုင်းရင်းဆေးကုန်ကြမ်းတွေကို အခြေခံတဲ့ မြန်မာ့တိုင်းရင်းဆေးဝါး ထုတ်ကုန်တွေရဲ့ အသေးစား၊ အငယ်စားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်း(MSME)တွေကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပံ့ပိုးပေးလျက်ရှိပါတယ်။ မြန်မာ့တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးနဲ့ပတ်သက်ပြီး (MSME) လုပ်ငန်းတွေကို အိမ်တွင်းစက်မှုလုပ်ငန်းအဆင့်သာ မဟုတ်ဘဲ ဒေသအဆင့်၊ နိုင်ငံအဆင့်မှသည် ပြည်ပပို့ကုန်အထိ ဖြစ်စေရေးအတွက် တိုင်းရင်းဆေးဝါးတွေကို အရည်အသွေးမြှင့်တင်ပြီး ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်နိုင်ကြမယ်ဆိုရင် နိုင်ငံ့စီးပွားရေးကို အထောက်အပံ့ပေးနိုင်မှာ ဖြစ်ပါတယ်။

မြန်မာ့တိုင်းရင်းဆေးပညာအဆိုအရ သက်ရှည်ကျန်းမာပြီး ရောဂါဘယ ကင်းရှင်းနိုင်စေဖို့ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ သမုဋ္ဌာန်လေးပါး နည်းစနစ်နဲ့အညီ ပြုမူနေထိုင်စားသောက်ရင် ကျန်းမာခြင်းအကျိုးရရှိမှာဖြစ်ပါတယ်။ တိုင်းရင်းဆေးပညာရှင်တွေက ကျေးလက်ဒေသအောက်ခြေအထိ ကွင်းဆင်းဆေးကုသခြင်းနဲ့အတူ ပြည်သူလူထုကို တိုင်းရင်းဆေးပညာ နည်းစနစ်တွေ နေ့စဉ်မျှတစွာ ပြုမူနေထိုင် စားသောက်တတ်ကြစေဖို့ ကျန်းမာရေး အသိပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးနေတာတွေ့ရတဲ့အတွက် ဝမ်းသာကျေနပ်အားရမိပါတယ်။ ယခုထက်ပိုမိုပြီး ဆောင်ရွက်ကြဖို့လည်း တိုက်တွန်းလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနဲ့ မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲကို နှစ်စဉ်ကျင်းပပေးတဲ့ ရည်ရွယ်ချက်ကတော့ ပြည်သူလူထုရဲ့ ကျန်းမာရေးကို တိုင်းရင်းဆေးပညာနဲ့ အရှည်တည်တံ့စွာ စောင့်ရှောက်နိုင်ပြီး ပြည်သူတွေအနေနဲ့လည်း တိုင်းရင်းဆေးပညာကို ပိုမိုယုံကြည်လေးစား အားကိုးအားထားပြုနိုင်ကြစေဖို့ ဖြစ်ပါတယ်။ ဒီလိုရည်မှန်းချက်

နဲ့ တွေ့ဆုံကြတဲ့ ဒီညီလာခံကြီးမှာ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းရင်းဆေးတက္ကသိုလ်၊ ကျန်းမာရေးဝန်ကြီးဌာနနဲ့ နှီးနွှယ်ဆက်စပ်ဝန်ကြီးဌာနတွေက ပညာရှင် ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးထုတ်လုပ်သူများနဲ့ ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်များ၊ နိုင်ငံတစ်ဝန်းလုံးမှ တိုင်းရင်းဆေးပညာရှင်များ ချစ်ခင်ရင်းနှီးစွာဖြင့် စုပေါင်းညီညာတိုင်ပင်ဆွေးနွေး နှီးနှောနိုင်ကြပါစေ၊ မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်မှုအရှိန်ကိုမြှင့်တင်ပြီး ပြည်သူလူထုရဲ့ ကျန်းမာရေးကို အရည်အသွေးပြည့်ဝစွာနဲ့ ပိုမိုတိုးမြှင့် စောင့်ရှောက်ပေးနိုင်ကြပါစေလို့ ဆန္ဒပြုဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်လိုက်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

■ ■ ■

# ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေးတွင် ပြောကြားသည့်အမှာစကား

( ၂၇ - ၁၁ - ၂၀၂၄ )





ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အစည်းအဝေးကို နိုဝင်ဘာလ ၂၇ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အတွင်းရေးမှူး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

ဦးစွာဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင် အစည်းအဝေးတွင် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများကို ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်က အတည်ပြုပေးရန်ဖြစ်ကြောင်း၊ အတည်ပြုပြီးပါက ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဆက်လက်ပေးပို့တင်ပြ အတည်ပြုပြဋ္ဌာန်းသွားရမည်ဖြစ်ကြောင်း။

ဖြည့်စွက်ခွင့်ပြုငွေဆိုသည်မှာ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွင်း မဖြစ်မနေ ဆက်လက်ဆောင်ရွက်ရမည့် စီမံကိန်းများ၊ လုပ်ငန်းများအတွက် အသုံးစရိတ်များကို ကျခံသုံးစွဲရန် မူလခွင့်ပြုငွေဖြင့် မလုံလောက်ခြင်း၊ မူလခွင့်ပြုငွေအတွင်း ရန်ပုံငွေလွှဲပြောင်းသုံးစွဲရန် မလုံလောက်ခြင်း၊ အထွေထွေပိုလျှံရန်ပုံငွေမှ လွှဲပြောင်းကျခံသုံးစွဲမှု မပြုနိုင်ခြင်း စသည့်အခြေအနေများကြောင့် ထပ်မံလိုအပ်လာသည့်ငွေကိုသာ တောင်းခံရမည်ဖြစ်ကြောင်း၊ ဌာန၊

အဖွဲ့အစည်းများမှ တောင်းခံလာသည့် ဖြည့်စွက်ခွင့်ပြုငွေများသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေဖြင့် အတည်ပြုပြဋ္ဌာန်းပြီးမှသာ သုံးစွဲရမည်ဖြစ်သည့်အတွက် သုံးစွဲနိုင်မည့်ကာလသည် (၄)လခန့်သာ ကျန်ရှိကြောင်း၊ ထို့ကြောင့် ဘဏ္ဍာရေးနှစ်မကုန်မီ လုပ်ငန်းများပြီးစီးအောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့်အသုံးစရိတ်များကိုသာ တောင်းခံကြရမည်ဖြစ်ပြီး အချိန်မီပြီးစီးအောင်လည်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

အသုံးစရိတ်များ ပိုမိုသုံးစွဲနိုင်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုတိုးတက်ခြင်း၊ ပြည်တွင်းစားသုံးမှုအတွက် အထောက်အကူပြုခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်ခြင်း၊ ကုန်စည်ကူးသန်းရောင်းဝယ်မှုများ တိုးတက်စေခြင်း စသည့် အကျိုးကျေးဇူးများရရှိမည့်အပြင် ပုဂ္ဂလိကကဏ္ဍ၏ ဝယ်လိုအား တိုးတက်စေနိုင်ခြင်းကြောင့် နိုင်ငံ့စီးပွား ပြန်လည်တိုးတက်လာစေရေးအတွက် အစိုးရ၏ ဦးဆောင်မှုနှင့် စီးပွားရေးအခြေအနေ ပြန်လည်နိုးထလာစေရန် ဆောင်ရွက်ခြင်းဟုလည်း ဆိုနိုင်ကြောင်း။

> **မြန်မာနိုင်ငံ၏ GDP သည် အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများထက် နည်းပါးလျက်ရှိသည်ကို တွေ့ရ၍ GDP တိုးတက်လာရေး ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန်လို၊ နိုင်ငံ့ GDP တိုးတက်စေရန်အတွက် ကုန်ထုတ်လုပ်မှုတိုးတက်ရန်လို၊ ကုန်ထုတ်လုပ်မှုဆိုရာ၌ နိုင်ငံအတွက် အခြေခံကျသော လယ်ယာစိုက်ပျိုးရေးကဏ္ဍကြီးတွင် စိုက်ပျိုးရေးထွက်ကုန် စိုက်ပျိုးသီးနှံများ ပိုမိုထွက်ရှိတိုးတက်လာမည်ဆိုပါက ၎င်းကိုအခြေခံသည့် စက်မှုကဏ္ဍကြီးသည်လည်း ပိုမိုတိုးတက်လာမည်ဖြစ်။**

အချို့သောကိစ္စများကြောင့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားနိုင်ရန် နိုင်ငံတော်၏ အဓိကကုန်ထုတ်လုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ သို့မှသာ ဆက်စပ်နေသည့် ကုန်ထုတ်လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများပါ တိုးတက်လာပြီး နိုင်ငံတော်၏ စီးပွားရေးလည်း ပြန်လည်ဦးမော့လာစေမည်ဖြစ်ကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှသာ ပြည်ပမှ ကုန်ပစ္စည်းတင်သွင်းမှုများ လျှော့ချနိုင်ပြီး နိုင်ငံခြားသုံးငွေသုံးစွဲမှုလည်း လျော့ကျလာမည်ဖြစ်ကြောင်း၊ သို့မှသာ ပြည်တွင်းငွေကြေး လည်ပတ်မှုများ တိုးတက်ကောင်းမွန်လာပြီး နိုင်ငံတော်၏ငွေကြေးကဏ္ဍတည်ငြိမ်မှုကိုအထောက်အကူ ဖြစ်စေမည်ဖြစ်ကြောင်း။

ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် နိုင်ငံတော်က ထပ်မံခွင့်ပြုပေးလိုက်သည့်ဖြည့်စွက်ခွင့်ပြုငွေများအား နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုအလျင်အမြန် အထောက်အကူပြုမည့် လုပ်ငန်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝကို မြှင့်တင်ပေးမည့် လုပ်ငန်းများတွင် ထိထိရောက်ရောက်ဖြစ်စေရေး ကြပ်မတ်စိစစ်သုံးစွဲကြစေလိုကြောင်း။

ထို့ပြင် နိုင်ငံ၏ ဂျီဒီပီတိုးတက်ရန်အတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်ရန် လမ်းညွှန်ထားပြီးလည်းဖြစ်ကြောင်း၊ အသုံးစရိတ်နှင့်ဆက်စပ်နေသည့် GDP ရည်မှန်းချက်များကို ပြည့်မီစွာ အကောင်အထည်ဖော်နိုင်ရေးကို ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက ကြိုးပမ်းဆောင်ရွက်ရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်က ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများ၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်

အညီ ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်သို့ တင်ပြခြင်းဖြစ်ကြောင်း၊ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများကို စိစစ်ရာမှာ သာမန်အသုံးစရိတ်အပိုင်း လိုအပ်ချက်များနှင့် မူလခွင့်ပြုငွေတွင် ပါဝင်ခြင်းမရှိသော်လည်း နိုင်ငံတော်အတွင်း နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်လျက်ရှိကြသည့် ဝန်ထမ်းများ၏ စားဝတ်နေရေး သက်သာချောင်ချိမှုကို အထောက်အကူဖြစ်စေရန်အတွက် ၂၀၂၄ ခုနှစ်၊ ဩဂုတ်လမှစ၍ နိုင်ငံ့ဝန်ထမ်းများအား အပိုထောက်ပံ့ငွေများ တိုးမြှင့်ပေးခဲ့ကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များ၏ လိုငွေအတွက် ပြည်ထောင်စုမှ ထောက်ပံ့ငွေနှင့် အခွန်ဝေစုတို့ကိုလည်း ခွင့်ပြုပေးခဲ့ကြောင်း။

ကြိုတင်မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များနှင့် အခြားဘေးအန္တရာယ်များကြောင့် ကာကွယ်ရေးလုပ်ငန်းများ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် နေရပ်စွန့်ခွာပြည်သူများ၏ စားဝတ်နေရေးနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေသို့ ထပ်မံထောက်ပံ့ပေးရမည်ဖြစ်သည့်အတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းရှိ ထောက်ပံ့ငွေစာရင်းတွင် ကျပ် ၂၇၅ ဘီလီယံခွင့်ပြုပေးခဲ့ကြောင်း၊ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့ကို ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်က အတည်ပြုထောက်ခံပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းနှင့် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ဥပဒေကြမ်းများနှင့်ပတ်သက်သည့် ဥပဒေဆိုင်ရာ အကြံပြုချက်များကိုလည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းများနှင့်စပ်လျဉ်း၍ စစ်ဆေးတွေ့ရှိချက်များအရ အနာဂတ်ကာလတွင် ဆောင်ရွက်သင့်သည့် အချက်များကိုလည်းကောင်း အကြံပြုဆွေးနွေးတင်ပြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက အသီးသီးတင်ပြကြသည်။

**နိုင်ငံ့ GDP တိုးတက်ရေး**

တင်ပြမှုများနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်၏ GDP တိုးတက်လာမည်ဆိုပါက ဘတ်ဂျက်ပိုမိုအသုံးပြု၍ ရနိုင်မည်ဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ GDP သည် အိမ်နီးချင်း နိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများထက် နည်းပါးလျက်ရှိသည်ကို တွေ့ရ၍ GDP တိုးတက်လာရေး ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ရန်လိုကြောင်း။

နိုင်ငံ့ GDP တိုးတက်စေရန်အတွက် ကုန်ထုတ်လုပ်မှု တိုးတက်ရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှုဆိုရာ၌ နိုင်ငံအတွက် အခြေခံကျသော လယ်ယာစိုက်ပျိုးရေးကဏ္ဍကြီးတွင် စိုက်ပျိုးရေးထွက်ကုန် စိုက်ပျိုးသီးနှံများ ပိုမိုထွက်ရှိ တိုးတက်လာမည်ဆိုပါက ၎င်းကိုအခြေခံသည့် စက်မှုကဏ္ဍကြီးသည်လည်း ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ စက်မှုကဏ္ဍကြီးတိုးတက်လာပြီး ကုန်ထုတ်လုပ်မှုများ တိုးမြှင့်လာမည်ဆိုပါက ဝန်ဆောင်မှုကဏ္ဍကြီးသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ပင်ဖြစ်သကဲ့သို့ ငွေကြေးစီးဆင်းမှု များပြားလာပြီး ဘဏ္ဍာရေးကဏ္ဍကလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ ကဏ္ဍများသည် တစ်ခုနှင့်တစ်ခု ဆက်စပ်ချိတ်ဆက် တိုးတက်လာမည်ဖြစ်၍ အခြေခံကျသည့် စိုက်ပျိုးမွေးမြူရေးကဏ္ဍကို တိုးတက်စေရေး အားသွန်ခွန်စိုက် ဆောင်ရွက်ရန်လိုကြောင်း။

ယခုနှစ်အတွင်း သဘာဝဘေးအန္တရာယ်ကြုံတွေ့ခြင်း၊ သွင်းအားစုများ ဈေးနှုန်းမြင့်တက်ခြင်းတို့ကို အကြောင်းပြု၍ အခြေခံစားကုန်များ ဈေးနှုန်းကြီးမြင့်လာခြင်းကြောင့် အခြေခံလူတန်းစားများအနေဖြင့် အခက်အခဲများဖြစ်ပေါ်လျက်ရှိကြောင်း၊ အဓိကစားသုံးသည့် အသားများဖြစ်သည့် ကြက်၊ ဝက်၊ ဆိတ်၊ နွား၊ ငါးတွင် အများစုကို ဒေသအလိုက်၊ နေရာအလိုက် အောင်မြင်စွာမွေးမြူနိုင်သည့် အခြေအနေများ ပိုင်ဆိုင်ပြီးဖြစ်ကြောင်း၊ အမှန်တကယ် အလုပ်လုပ်

ကြမည်ဆိုပါကဒေသတွင်းစားရေးဖူလုံမှုကိုအထောက်အကူ ပြုနိုင်မည်ဖြစ်ကာ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစား သုံးနိုင်မည်ဖြစ်ကြောင်း၊ ဒေသမျိုးများကိုပင် လှောင်မွေး စနစ်ဖြင့် စနစ်တကျမွေးမြူပါက တိုးတက်မှုများပြားလာ မည်ဖြစ်ကြောင်း၊ ဒေသတွင်း၌ ထွက်ရှိသည့် ကုန်ကြမ်း များကို အသုံးပြု၍ အစာကျွေးမွေးမည်ဆိုပါက အောင်မြင် သည့်မွေးမြူရေးလုပ်ငန်းကိုဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ အခြေခံလူတန်းစားများ၏ သက်သာချောင်ချိရေးကို အထူးအလေးထား ဆောင်ရွက်ပေးရန်လိုကြောင်း။

အလားတူ စိုက်ပျိုးရေးလုပ်ငန်းများ၌လည်း ပန်းတိုင် ရည်မှန်းချက် ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်ခြင်း၊ သီးထပ်စွမ်းအားတိုးမြှင့်ခြင်း၊ စိုက်ဧက တိုးချဲ့ခြင်းဟူသည့် နည်းလမ်း ၃ သွယ်ဖြင့် အထွက်နှုန်းတိုးမြင့်အောင် ဆောင်ရွက်နိုင်ကြောင်း၊ ပန်းတိုင်ရည်မှန်းချက် ပြည့်မီအောင် ဆောင်ရွက်ခြင်းနှင့် သီးထပ်စွမ်းအားတိုးမြှင့်ခြင်းသည် မူလရှိပြီး အခြေခံအပေါ် တိုးတက်အောင်ဆောင်ရွက်ရခြင်း ဖြစ်ပြီး ဖြစ်နိုင်ခြေ မြင့်မားသဖြင့် အလေးထားဆောင်ရွက် ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် သွင်းအားစုများ ပြည့်ပြည့်ဝဝ ရရှိစေရေး သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက်မှ တာဝန်ရှိသူများအနေဖြင့် ကြံဆ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေး လုပ်ငန်းများနှင့် သီးထပ်စွမ်းအား မြှင့်တင်ရေး၌ စိုက်ပျိုးရေ ရရှိရေးသည် အရေးကြီးသဖြင့် ရေရရှိရေးနည်းလမ်း လေးခု ဖြစ်သည့် မိုးကောင်းသောက်ရေ၊ ဆည်ရေ၊ မြစ်ချောင်းရေ၊ မြေအောက်ရေ စသည်တို့ကို ဒေသအလိုက် ပေါင်းစပ် အသုံးပြုရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက GDP တိုးတက်လာပြီး နိုင်ငံ၏ ဘဏ္ဍာငွေတိုးတက်ရရှိ လာမည်ဖြစ်ကြောင်း၊ ထုတ်လုပ်လိုက်သည့် ကုန်ပစ္စည်း များကို အရည်အသွေး ပြည့်မီအောင်ထုတ်လုပ်နိုင်မည် ဆိုပါက ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်ပြီး ပြည်ပ ပို့ကုန်များ မြှင့်တင်နိုင်မည်ဖြစ်ကြောင်း။

GDP တိုးတက်ရေးနှင့်ပတ်သက်၍ သစ်တော ထွက်ကုန်တစ်ခုဖြစ်သည့် ဝါးကိုလည်း အဆင့်မြင့် ထုတ်ကုန်များအဖြစ်ထုတ်လုပ်၍ ဆောင်ရွက်နိုင်မည်ဆို ပါက တစ်ဖက်တစ်လမ်းမှ ဝင်ငွေများရရှိမည်ဖြစ်ကြောင်း၊ ပြည်သူများသွားလာမှု အဆင်ပြေစေရေးအတွက် လေယာဉ် ကွင်းများ အဆင့်မြှင့်တင်ခြင်းနှင့် သဘာဝဘေးအန္တရာယ် များကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မီးရထားလမ်းများ ပြန်လည်ပြုပြင်ရေးအတွက်လည်း ထည့်သွင်းစဉ်းစားရန် လိုကြောင်း၊ အလားတူ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်ထမ်းဆောင်စဉ် ထိခိုက်၊ ကျဆုံးခဲ့ရသည့် တပ်မတော်သားများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၏ သား၊ သမီးများ၊ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်စဉ် အကြောင်းအမျိုးမျိုးကြောင့် ထိခိုက်၊ ကျဆုံးခဲ့ရသည့် အငြိမ်းစားဝန်ထမ်းများ၏ သား၊ သမီးများ ပညာသင်ကြားခွင့်ရရှိရေးနှင့် အသက်မွေးဝမ်းကျောင်း ပညာသင်ကြားနိုင်ရေးတို့အတွက်လည်း ထည့်သွင်း စဉ်းစားဆောင်ရွက်သွားရန်လိုကြောင်း၊ တက္ကသိုလ်များ နှင့်ပတ်သက်၍ ပြည်နယ်နှင့် တိုင်းဒေသကြီးတို့ရှိ တက္ကသိုလ်များတွင် ကျောင်းသား၊ ကျောင်းသူများအတွက် လိုအပ်သည့် အခြေခံအဆောက်အဦများကိုလည်း ဆောင်ရွက်ပေးရန်လိုကြောင်း။

**ပြည်သူနှင့် သက်ဆိုင်သော အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးမည်**

သဘာဝဘေးအန္တရာယ်နှင့် လူတို့ကြောင့် ထိခိုက် ပျက်စီးခဲ့ရမှုများအတွက်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက်လည်း ထည့်သွင်းစဉ်းစားရန် လိုကြောင်း၊ လိုအပ်သည့် ဘတ်ဂျက်ငွေများကိုလည်း ချထားပေးသွားမည်ဖြစ်သဖြင့် ထည့်သွင်းတွက်ချက် ဆောင်ရွက်ရန်လိုကြောင်း၊ ဘတ်ဂျက်သုံးစွဲရာ၌ ငွေရှိမှသာ သုံးစွဲနိုင်မည်ဖြစ်သဖြင့် အခွန်အခများ ပြည့်ပြည့်ဝဝရရှိရန် လိုကြောင်း၊ ကုန်ထုတ်လုပ်မှု လုပ်ငန်းများရှိမှသာလျှင် အခွန်အခများလည်း ရရှိမည်ဖြစ်သဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ အောင်မြင်မှုရှိအောင် စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများနှင့် ၎င်းတို့ကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်း များအတွက် ရင်းနှီးမြှုပ်နှံငွေနှင့် အခြားလိုအပ်ချက်များ ရှိပါက နိုင်ငံတော်မှစီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်အားသွန်ခွန်စိုက် ဆောင်ရွက်ရန်လိုကြောင်း၊ ယခုဘဏ္ဍာနှစ်နှင့် နောင်လာမည့်ဘဏ္ဍာနှစ်များ၌ ပြည်သူ

လူထုနှင့်သက်ဆိုင်သော အများပြည်သူ အသုံးပြုနိုင်သည့် အခြေခံလိုအပ်ချက်များကို နေပြည်တော် ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ဖြည့်ဆည်းပေးနိုင်ရေး ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပဒေသာပင်မြေကြီးမှ မပေါက်နိုင်ကြောင်း၊ ကြိုးစားလုပ်ကိုင်ခြင်းဖြင့်သာ ပဒေသာပင်ပေါက်နိုင်သဖြင့် နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးအနက်ထား၍ ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် ဖြည့်စွက်မှာကြားသည်။

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် စီးပွားရေးဦးတည်ချက်များအတိုင်း စိုက်ပျိုးမွေးမြူရေးကဏ္ဍကို အခြေခံထားသည့်အတွက် နိုင်ငံ့စီးပွားရေးကို ပြန်လည်ဦးမော့လာအောင် ကြိုးပမ်းဆောင်ရွက်ရာတွင် ပြည်သူလူထု၏ စားရေရိက္ခာဖူလုံရေး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို အကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အဓိကကုန်ထုတ်လုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများတွင် အင်ပြည့်အားပြည့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပြီး ပြည်ပပို့ကုန် တိုးမြှင့်နိုင်ရေး၊ နိုင်ငံ့စီးပွားရေးကို ပုံမှန်လည်ပတ်နိုင်ရေးမှတစ်ဆင့် ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း။

နိုင်ငံ့ဝန်ထမ်းများအတွက် လက်ရှိလစဉ်ထောက်ပံ့လျက်ရှိသည့် အပိုထောက်ပံ့ကြေး တစ်ဦးလျှင် တစ်လကျပ် ၃၀,၀၀၀ အပြင် ထပ်မံပြီးကျပ် ၃၀,၀၀၀ ကို အပိုထောက်ပံ့ကြေးအဖြစ် ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှစ၍ ထပ်မံတိုးမြှင့်ခံစားခွင့်ပြုခဲ့ကြောင်း၊ ထို့ပြင် နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ခဲ့ပြီး လက်ရှိပင်စင်ခံစားနေကြသည့် နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများအတွက်လည်း အပိုထောက်ပံ့ကြေးအဖြစ် တစ်ဦးလျှင် တစ်လကျပ် ၃၀,၀၀၀ ကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှစ၍ လစဉ်ခံစားခွင့်ပြုပေးခဲ့ကြောင်း၊ ထိုသို့ တိုးပေးခဲ့သည့်အတွက် ထပ်မံလိုအပ်လာသည့် အပိုထောက်ပံ့ကြေးများကိုလည်း ဖြည့်စွက်ခွင့်ပြုငွေခွင့်ပြုပေးခဲ့ကြောင်း။

နိုင်ငံတော်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးတွင် လျှပ်စစ်ဓာတ်အားရရှိရေးသည်လည်း အဓိကကျသည့်အတွက် ပြည်သူလူထုကို တည်ငြိမ်သည့် လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ် ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်သည့်အခါတွင် ဘဏ္ဍာရေးနှစ်အလိုက် ထုတ်လုပ်မှုစရိတ်များ မြင့်မားလာခဲ့ကြောင်း၊ ထို့ကြောင့်လည်း လျှပ်စစ်ဓာတ်အားခ နှုန်းထားများကို တိုးမြှင့်ပြင်ဆင်သတ်မှတ်ပေးခဲ့ပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအသုံးစရိတ်များကိုလည်း တိုးမြှင့်လျာထားပေးခဲ့ကြောင်း။

ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့်၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် နောက်ထပ်ခွဲဝေပေးသည့် ဘဏ္ဍာငွေများနှင့် အကောင်အထည်ဖော်ဆောင်ရွက်ကြရာတွင် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန်၊ အသုံးစရိတ်များ သုံးစွဲရာတွင်လည်း ဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ သုံးစွဲကြရန်၊ လျာထားသည့် ရငွေများကိုလည်း ပြည့်မီရုံသာမက ကျော်လွန်ရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းများ အရည်အသွေးနှင့် စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ပေးကြရန်၊ နိုင်ငံ့ဘဏ္ဍာငွေများကို လေလွင့်ဆုံးရှုံးမှုမရှိအောင် ကြပ်မတ်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်းဖြင့် ပြောကြားခဲ့သည်။

■ ■ ■

# မြန်မာနိုင်ငံ “စီးပွားရေးပညာ နှစ်(၁၀၀)” ရာပြည့်အထိမ်းအမှတ် အခမ်းအနားတွင် ပြောကြားသည့် အမှာစကား

( ၂၈ - ၁၁ - ၂၀၂၄ )





မြန်မာနိုင်ငံ “စီးပွားရေးပညာနှစ် (၁၀၀)” ရာပြည့် အထိမ်းအမှတ် အခမ်းအနားကို နိုဝင်ဘာလ ၂၈ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ပြီး အမှာစကားပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ စီးပွားရေးပညာဘွဲ့ရသူများ၊ မြန်မာနိုင်ငံစီးပွားရေးပညာနှစ် (၁၀၀)ရာပြည့်အထိမ်းအမှတ် အခမ်းအနားကျင်းပရေးဦးဆောင်ကော်မတီနှင့်ဆပ်ကော်မတီဝင်များ၊ စီးပွားရေးနှင့်သက်ဆိုင်သော ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ စီးပွားရေးပညာရပ်ဆိုင်ရာ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နှင့်ညီနောင်အသင်းများ၊ စီးပွားရေးတက္ကသိုလ်နှင့် စီးပွားရေးဆိုင်ရာ တက္ကသိုလ်များမှ ဆရာကြီး/ဆရာမကြီးများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားဟောင်းများ၊ စာတမ်းရှင်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ကြည့်ရှု**

ဦးစွာ အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အခမ်းအနားတက်ရောက်လာကြသူများသည် မြန်မာနိုင်ငံ “စီးပွားရေးပညာနှစ်(၁၀၀)” ရာပြည့် အထိမ်းအမှတ်အခမ်းအနား Video Clip ကိုကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယနေ့သည် ခေတ်ကာလအဆက်ဆက် နိုင်ငံ့စီးပွားရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ရာတိုးတက်ကြောင်းအတွက် စီးပွားရေးပညာကို စတင်သင်ယူခွင့်ရရှိခဲ့ပြီး နိုင်ငံအတွက် အထောက်အကူပြုနိုင်ခဲ့သည်မှာ နှစ်ပေါင်း ၁၀၀ ပြည့်ခဲ့ပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် စီးပွားရေးပညာနှင့်ပတ်သက်ပြီး ထူးခြားသည့် နှစ်တစ်နှစ်ဟု ပြောရမည်ဖြစ်ကြောင်း၊ မြန်မာ့ပညာရေးသမိုင်းတွင် စီးပွားရေး

ပညာရပ်အနေဖြင့် စတင်ပါဝင်လာခဲ့သည်မှာ ၁၉၂၄ ခုနှစ်၌ ရန်ကုန်တက္ကသိုလ် ဘောဂဗေဒဌာန စတင်ဖွင့်လှစ်သင်ကြားခဲ့ချိန်ကဖြစ်ကြောင်း၊ ထို့ကြောင့် "စီးပွားရေးပညာ နှစ် ၁၀၀ သက်တမ်း" ကာလအတွင်း ခေတ်အဆက်ဆက် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဆရာကြီး၊ ဆရာမကြီးများ၊ စီးပွားရေးပညာဘွဲ့ရများ၊ လက်ရှိစီးပွားရေးပညာသင်ယူနေဆဲ ကျောင်းသား၊ ကျောင်းသူများ၊ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍအသီးသီး၌ စီးပွားရေးပညာဖြင့် နိုင်ငံ့အကျိုးသယ်ပိုးနေကြသူများအားလုံး၏ ဂုဏ်ယူဖွယ် နေ့တစ်နေ့ဖြစ်ပြီး နိုင်ငံတော်အနေဖြင့်လည်း များစွာဝမ်းမြောက်ဂုဏ်ယူပါကြောင်း။

စီးပွားရေးပညာ နှစ် ၁၀၀ ခရီးကိုပြန်ကြည့်မည်ဆိုပါက ကိုလိုနီခေတ်ကစတင်ပြီး ယခုနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်အထိခေတ်အဆက်ဆက်တွင်စီးပွားရေးပညာအနေဖြင့် မူဝါဒဆိုင်ရာ ပံ့ပိုးဆောင်ရွက်ပေးခြင်း၊ အကြံပြုခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ နိုင်ငံတော်တည်ဆောက်ရေးတွင် အဓိကကျသည့် စီးပွားရေးကဏ္ဍကို ကောင်းစွာအကျိုးပြုခဲ့သည့် ဘာသာရပ်ကြီးလည်း ဖြစ်ကြောင်း။

မြန်မာနိုင်ငံတွင် စီးပွားရေးပညာရပ် သင်ကြားမှုနှင့် ပတ်သက်ပြီး ရန်ကုန်တက္ကသိုလ် လူမှုသိပ္ပံမဟာဌာန အောက်၌ ဘောဂဗေဒဌာန(စီးပွားရေးပညာဌာန)ကို ၁၉၂၄ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ဘောဂဗေဒဘွဲ့အတွက် သင်ကြားခဲ့ကြောင်း၊ ယခုနှစ်တွင် "စီးပွားပညာနှစ် ၁၀၀" နှင့် "ရန်ကုန်စီးပွားရေးတက္ကသိုလ်အဖြစ် ထူထောင်သည့် နှစ်(၆၀)ပြည့်သည့်နှစ်" တိုက်ဆိုင်နေခြင်းသည်လည်း "ဂုဏ်ယူဖွယ်ရာ သမိုင်းမှတ်တိုင်တစ်ရပ်" ဖြစ်ကြောင်း။

ယနေ့ကာလ ကမ္ဘာ့စီးပွားရေးကို ကြည့်မည်ဆိုပါက ပထဝီနိုင်ငံရေး၊ ပထဝီစီးပွားရေး အားပြိုင်မှုများ၊ ရောဂါကပ်ဘေးသက်ရောက်မှုသဘာဝပတ်ဝန်းကျင်ဘေးအန္တရာယ် ထိခိုက်မှု၊ ကုန်သွယ်ရေးနှင့် ငွေကြေးဆိုင်ရာပြဿနာ၊ နည်းပညာပြိုင်ဆိုင်မှုများ၊ စွမ်းအင်လုံခြုံရေး အခက်အခဲစသည်တို့ကြောင့် ပထဝီစီးပွားရေးအနေဖြင့် ကိုယ်ကျိုးစီးပွား ကာကွယ်ရေးမူဝါဒ ကျင့်သုံးမှုများ ပိုမိုတိုးပွားလာသည်ကိုလည်း တွေ့ရကြောင်း၊ နိုင်ငံရေးနှင့် စီးပွားရေး ရောစပ်ပေါင်းယှက် ဖြစ်ပေါ်လာသည့် စီးပွားရေး အကျပ်အတည်းပြဿနာအသစ်များကို မေခရို စီးပွားရေးပညာရပ်နှင့် နိုင်ငံရေးဘောဂဗေဒရှုထောင့်တို့ ပေါင်းစပ်ပြီး နည်းလမ်းသစ်နှင့် လေ့လာသုံးသပ်ဆောင်ရွက်ကြရန် လိုအပ်လာသည်ကို တွေ့ရှိရကြောင်း။

**နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်**

ကမ္ဘာ့ပထဝီနိုင်ငံရေး၊ ပထဝီစီးပွားရေးတို့၏ အားပြိုင်မှုများကို မိမိတို့နိုင်ငံအနေဖြင့်လည်း အနည်းနှင့်အများ သက်ရောက်ခံစားကြရကြောင်း၊ မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ နိုင်ငံတော်တာဝန်ကို စတင်ယူကတည်းက စီးပွားရေးနှင့်ပတ်သက်ပြီး အဖျက်အမှောင့်၊ ပိတ်ဆို့ဟန့်တားမှုများစွာနှင့် အကျပ်အတည်းများကို ကျော်လွှားနိုင်ရန် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့်နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးအတွက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို မူဝါဒများ၊ ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ ချမှတ်ပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတွင်းရှိ ဒေသအားလုံး ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံတိုင်းရင်းသားအားလုံး၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးတို့ သာမက အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းများ တန်းတူညီမျှရှိစေရေး၊ ဒေသတွင်းအလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးနိုင်ရေးတို့အတွက် အလေးထား အကောင်အထည်ဖော်ပေးနေကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် စီးပွားရေးပညာကို စွမ်းဆောင်ရည် ပြည့်ပြည့်ဝဝဖြင့် လက်တွေ့အသုံးချတတ်မှုသည်လည်း နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)အခန်း(၁)၊ ပုဒ်မ ၃၅ တွင် "နိုင်ငံတော်၏ စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်သည်"ဟု ပြဋ္ဌာန်းထားကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည့်အလျောက် ဈေးကွက်အားနည်းချက်(Market Failure)များစွာရှိသည့်အတွက် အစိုးရက ပါဝင်လုပ်ဆောင်နေရသည့် အခန်းကဏ္ဍများစွာ ရှိနေကြောင်း၊ စီးပွားရေးပိတ်ဆို့မှုများ ရှိနေသေးသည့်အတွက်လည်း ထည့်သွင်းစဉ်းစားရသည့် စီးပွားရေးကိန်းရှင်များစွာရှိနေကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဈေးကွက်နှင့် ပုဂ္ဂလိကအခန်းကဏ္ဍသည် ပိုမိုများပြားအရေးပါလာမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး

ကောင်စီအနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကို အမျိုးသားရေးလုပ်ငန်းစဉ်(၂)ရပ် ချမှတ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေကြောင်း၊ ဦးတည်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အစိုးရနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်နေကြသူများ၊ စီးပွားရေးပညာရှင်များ၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးတွင် ဦးဆောင်သူများ၊ ရင်းနှီးမြှုပ်နှံသူများအားလုံးက ကျရာအခန်းကဏ္ဍမှ တက်ကြွစွာ၊ ခံနိုင်ရည်ရှိစွာ ပါဝင် အကောင်အထည်ဖော်ပေးကြရန်လည်း တိုက်တွန်းလိုကြောင်း၊ နိုင်ငံ၏ အခြေခံအချက်အလက်များပေါ်တွင်မူတည်ပြီး စီးပွားရေးပညာရှင်များအနေဖြင့် နိုင်ငံ့စီးပွားရေးကို မည်သို့မည်ပုံဆောင်ရွက်သင့်သည်၊ မတူညီသည့် ဒေသအခြေအနေများပေါ်မူတည်ပြီး ဒေသအလိုက် စီးပွားရေးကို ရေတို၊ ရေရှည်အတွက် မည်သို့ဆောင်ရွက်သင့်သည် ဆိုသည်ကို ဖော်ထုတ်ကြရန်လိုကြောင်း။

## လက်တွေ့ကျကျ တိုးတက်အောင် ဆောင်ရွက်

ဖွံ့ဖြိုးဆဲတိုင်းပြည်တစ်ခုသည် ဈေးကွက်ဝင်သည့် ကုန်ထုတ်လုပ်မှုမြင့်မားရန် အလွန်အရေးကြီးကြောင်း၊ အကြောင်းအမျိုးမျိုးပြပြီး ကန့်သတ်မှုမျိုးစုံကြုံတွေ့နေရသည့် မိမိတို့နိုင်ငံသည် လက်ရှိ ပြည်ပပို့ကုန်ကို ၂ ဆ တိုးမြှင့်ပို့နိုင်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူရမည်ဖြစ်ကြောင်း၊ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်နေပြည်သူများဖြစ်ပြီး နိုင်ငံလူဦးရေ၏ ၄၁ ရာခိုင်နှုန်းသည် လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍများတွင် လုပ်ကိုင်နေသူများဖြစ်သည်ဟု သန်းခေါင်စာရင်းအစီရင်ခံစာတွင် တွေ့ရှိရကြောင်း၊ အဓိက ကုန်ထုတ်လုပ်ငန်းသည် လယ်ယာထုတ်ကုန်နှင့် မွေးမြူရေးထုတ်ကုန်များသာဖြစ်ပြီး ပြည်နယ်၊ တိုင်းဒေသကြီးအားလုံး အခြေခံအားဖြင့် တူညီကြကြောင်း၊ အသက် ၂၅ နှစ် အထက် လူဦးရေ၏ ၅၀ ရာခိုင်နှုန်းခန့်သည် ပညာရေးအသင့်အတင့်သာရှိသောကြောင့် မိမိတို့အနေဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုများကို အလေးထားဆောင်ရွက်သင့်သည်ဆိုသည်မှာ ပေါ်လွင်နေကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ အဓိကမောင်းနှင်အားသည် စီးပွားရေးပင်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ယခုလက်ရှိအခြေအနေထက် တိုးတက်အောင် ဆောင်ကြဉ်းပေးရန်လိုကြောင်း၊ ထို့အပြင် ပြန်လည်ရရှိနိုင်သည့် သဘာဝကုန်ကြမ်းကို အခြေခံသော ကုန်ထုတ်လုပ်မှုများကို အားပေးကြရမည်။ ဝါ၊ ဝါး၊ ရော်ဘာကုန်ကြမ်းတို့ကို အခြေခံသည့် စက်မှုလုပ်ငန်းများကို တိုးတက်အောင်ဆောင်ရွက်ရမည်၊ ကိန်းဂဏန်းများအရ တိုးတက်မှုသာမက လက်တွေ့ကျကျ တိုးတက်အောင် ဆောင်ရွက်ကြရမည်။ အဓိကကျသည့် စိုက်ပျိုးရေးကဏ္ဍအနေဖြင့် အထွက်နှုန်းကောင်းမွန်ရေး တစ်နည်းအားဖြင့် ပန်းတိုင်ရည်မှန်းချက် ပြည့်မီကျော်လွန်ရေး၊ သီးထပ်စွမ်းအားမြှင့်တင်ရေး၊ စိုက်ဧကတိုးချဲ့ရေးမှု ၃ ရပ်ကို အခြေခံပြီး ဆောင်ရွက်ပေးနိုင်ကြရန် တိုက်တွန်းလိုကြောင်း။

မိမိတို့နိုင်ငံ GDP ၏ ၉၀ ရာခိုင်နှုန်းခန့်သည် ပုဂ္ဂလိကကဏ္ဍ၏ ထုတ်လုပ်မှုများဖြစ်သကဲ့သို့ နိုင်ငံ့စီးပွားရေးလုပ်ငန်းများ၏ ၉၅ ရာခိုင်နှုန်းသည်လည်း အသေးစား၊ အငယ်စား၊ အလတ်စားကုန်ထုတ်လုပ်ငန်းများသာဖြစ်ကြကြောင်း၊ ထို့ကြောင့် ပို့ကုန်တိုးမြှင့်ရေးနှင့် သွင်းကုန်အစားထိုးရေး လုပ်ငန်းများအတွက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးမှုနှင့် Agro–based Industry ကို အဓိကထားပြီး MSME များ ဖွံ့ဖြိုးတိုးတက်မှုတို့ကို တွဲဖက်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းများကို ပံ့ပိုးပေးလျက်ရှိကြောင်း။

ဒစ်ဂျစ်တယ်ဆိုင်ရာ နားလည်တတ်မြောက်မှု၊ စာရင်းနှင့် ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှုမှအစ တီထွင်ဆန်းသစ်မှု၊ ထုတ်ကုန်ဖွံ့ဖြိုးမှု၊ ဈေးကွက်ချဲ့ထွင်မှုနှင့် အမှတ်တံဆိပ်မြှင့်တင်ခြင်းစသည့် စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး Business Idea များကိုလည်း ဖြန့်ဝေဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ **“ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်”** ဟူသည့်အတိုင်း မိမိတို့နိုင်ငံ၏ တိုင်းပြည်ဝင်ငွေ တိုးတက်ရေးအတွက် မိမိတို့ပြည်တွင်း၌ ထုတ်လုပ်နိုင်စွမ်း (Productivity) တိုးတက်ရေး၊ အရည်အသွေးစံချိန်မီ၊ ဈေးကွက်ရရှိရေး မိမိတို့ပြည်တွင်းအားဖြင့် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားရေး မြင့်မားလာအောင် ရိုးရိုးသားသား ကြိုးစားဆောင်ရွက်သူများကို Incentive ပေးခြင်း၊ ချီးမြှင့်ခြင်းများ ပြုလုပ်သွားရမည်

ဖြစ်ကြောင်း။

**စီမံကိန်းများ စနစ်တကျ ချမှတ်အကောင်အထည်ဖော်**

မိမိတို့နိုင်ငံသည် တိုင်းရင်းသားပေါင်းစုံ မှီတင်းနေထိုင်ကြပြီး သဘာဝဘေးအန္တရာယ်ကြောင့်သာမက လူကြောင့်ဖြစ်သည့် ဘေးအန္တရာယ်ပါ ကြုံတွေ့နေရသည့် ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်ကြောင်း၊ လွတ်လပ်ရေးရရှိပြီး ချိန်ကစပြီး ဖွံ့ဖြိုးမှုလုပ်ငန်းများကို စီမံကိန်းများ စနစ်တကျ ချမှတ်အကောင်အထည်ဖော်ခဲ့ကြောင်း၊ သို့သော်လည်း သဘာဝဘေးနှင့် အခြားအနှောင့်အယှက်အမျိုးမျိုးကြောင့် ပျက်စီးခဲ့သည့် လူမှုစီးပွားရေး အခြေခံအဆောက်အဦများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများပါ လုပ်ဆောင်နေရသောကြောင့် ရင်းနှီးမြှုပ်နှံမှုများနှင့် လုပ်သားများ၏ ကြိုးပမ်းမှုများသည် ခရီးရောက်သင့်သလောက် မရောက်ခဲ့သည်ကိုလည်း တွေ့ရကြောင်း။

လက်ရှိကာလတွင်လည်း ပြန်လည်တည်ဆောက်ရေး၊ ထူထောင်ရေးနှင့် နေရာချထားရေးလုပ်ငန်းများဖြစ်သည့် Reconstruction၊ Relief၊ Rehabilitation၊ Resilience စသည်တို့ကို လုပ်ဆောင်နေရသည်မှာ အားလုံးအသိဖြစ်ကြောင်း၊ အနာဂတ်သဘာဝဘေးအန္တရာယ်များကို ခံနိုင်ရည်ရှိအောင်ကြိုတင်ကာကွယ်ရေးများကိုလည်း ဆက်လက်လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတည်ဆောက်ရေး (Nation Building)အတွက် အဓိကငွေကြေးလိုအပ်ချက်များကိုလည်း ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုများက ဖြည့်ဆည်းပေးခဲ့ခြင်းပင်ဖြစ်ကြောင်း၊ ရာဂီမုန်တိုင်းပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင်လည်း အင်တိုက်အားတိုက် ပါဝင်လှူဒါန်းခဲ့ကြသောကြောင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ၏ စေတနာကို ထင်ရှားစွာမြင်တွေ့ရသည့်အတွက် ဂရုတစိုက်နှင့် မျှဝေခံစားတတ်သည့် လူ့အဖွဲ့အစည်း (Caring and Sharing Society) ဆိုသည်ကို သက်သေပြရာ ရောက်ခဲ့ကြောင်း။

အနာဂတ်တွင် တွေ့ကြုံရမည့် စီးပွားရေးနှင့် ပတ်သက်သည့် အခက်အခဲများကို ကမ္ဘာ့နိုင်ငံများအနေဖြင့် လေ့လာသုတေသနပြုပြီး သုံးသပ်တွက်ချက် ပြင်ဆင်လာကြသည်ကို တွေ့ရကြောင်း၊ ထိုကဲ့သို့ ပြင်ဆင်ကြရာတွင် သက်ဆိုင်ရာနိုင်ငံများ၏ ပြည်တွင်းစီးပွားရေးအခြေအနေ၊ လူ့အရင်းအမြစ်၊ သယံဇာတအရင်းအမြစ်နှင့် ငွေကြေးခနအင်အား အခြေအနေအလိုက် ဆီလျော်သည့် နည်းလမ်းအမျိုးမျိုးကို ရှာဖွေချဉ်းကပ်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံအသီးသီးက စီးပွားရေးစိန်ခေါ်မှုများ သက်သာလျော့ပါးစေရေး ချဉ်းကပ်ကြိုးပမ်းဆောင်ရွက်ကြရာတွင် နိုင်ငံများအလိုက် ချဉ်းကပ်ပုံများ ကွဲပြားခြားနားကြကြောင်း၊ အထူးသဖြင့် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုပင်ဖြစ်စေ၊ ပုဂ္ဂလိကကဏ္ဍပင်ဖြစ်စေ အကျပ်အတည်းပြဿနာဖြေရှင်းနိုင်သည့် စွမ်းဆောင်ရည်အပေါ်မူတည်ပြီး ရလဒ်ကွာခြားနိုင်သည်ကို လေ့လာတွေ့ရှိနိုင်ကြောင်း။

စွမ်းဆောင်ရည် အခြေခံလိုအပ်ချက်များကို ပြင်ဆင်တည်ဆောက်နိုင်မှသာ နိုင်ငံအတွက် မျက်မှောက်ကာလသာမက အနာဂတ်ကာလတွင်ပါ ဖြစ်ပေါ်လာနိုင်သည့် ဖွံ့ဖြိုးမှု အလားအလာတို့ကို ချဉ်းကပ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံအနာဂတ်အတွက် "မေခရိုစီးပွားရေးမူဝါဒများ" နှင့် "အမျိုးသား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ" ရေးဆွဲ အကောင်အထည်ဖော်နိုင်ရေး တိုက်တွန်းပြောကြားလိုကြောင်း၊ ယင်းလုပ်ငန်းစဉ်တွင် စီးပွားရေးပညာ၏ ဉာဏစွမ်းအားများပါဝင်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ပထဝီနိုင်ငံရေးနှင့် ပထဝီစီးပွားရေး စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရန် နိုင်ငံရေးဘောဂဗေဒ (Political Economy) အမြင်နှင့် လေ့လာသုတေသနပြုပြီး နိုင်ငံ၏ အနာဂတ်အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ဝိုင်းဝန်းကြိုးပမ်းကြပါဟု တိုက်တွန်းလိုကြောင်း။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် လူသားအရင်းအမြစ်များစွာလိုအပ်ပြီး အခြေခံမှစ၍ ဦးဆောင်မှုအဆင့်အထိ လုပ်တတ်၊ ကိုင်တတ်၊ မြင်တတ်ကြရန်လိုကြောင်း၊ ခေတ်အဆက်ဆက်တွင် မြန်မာနိုင်ငံ၏ စီးပွားရေးပညာရှင်များဖြစ်ကြသည့် ဆရာကြီးဒေါက်တာလှမြင့်၊ ဒေါက်တာအေးလှိုင်၊ ဒေါက်တာမောင်ရှိန်၊ ဒေါက်တာ သန်းညွန့်တို့၏ ဦးဆောင်မှုနှင့် ယခုနှစ် ၁၀၀ ကာလအတွင်း စီးပွားရေးတက္ကသိုလ်အသီးသီးမှ ဘွဲ့ရ ၉၆၆၉၆ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီး ယခုတက်ရောက်နေဆဲ ၁၉၀၄၂ ဦးရှိကြောင်း၊ အဝေးသင်တက္ကသိုလ်အသီးသီးကလည်း ၁၇၀၉၃၁ ဦး မွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ ဒေသအလိုက် စီးပွားရေးအမြင်ရှိမည့် လူသားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ရည်ရွယ်ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ တက္ကသိုလ်အသီးသီးတွင် ဝိဇ္ဇာဘွဲ့(စီးပွားရေး)သင်တန်းများကို ၂၀၂၂-၂၀၂၃

ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ယခုသင်တန်းတက်ရောက်နေသူ ၁၇၈၆ ဦးရှိကြောင်း၊ စီးပွားရေးပညာအခြေခံ၊ စီးပွားရေးအမြင်ရှိမှသာ နိုင်ငံစီးပွားရေးကို ပိုမိုကောင်းမွန်အောင် ဖန်တီးနိုင်ကြမည်ဖြစ်ကြောင်း၊ မြန်မာ့စီးပွားရေးနယ်ပယ်မြင့်မားလာအောင် အဘက်ဘက်က ဦးဆောင်မှုပေးခဲ့ကြသည့် ဆရာကြီးများနှင့် စီးပွားရေးပညာရပ်နယ်ပယ်အသီးသီးမှ ဆရာကြီး၊ ဆရာမကြီးများအားလုံးကို ဂုဏ်ပြုပါကြောင်း။

နယ်ပယ်စုံကဏ္ဍစုံတွင် လက်တွေ့အသုံးချနိုင်သည့် စီးပွားရေးပညာရပ်ကို "စီးပွားရေးပညာ နှစ် ၁၀၀၊ ပြည်သူ့အကျိုး တို့သယ်ပိုး"ဟူသည့် ဆောင်ပုဒ်နှင့်အညီ မိမိအကျိုးစီးပွား၊ မိသားစုအကျိုးစီးပွား၊ လုပ်ငန်းအကျိုးစီးပွားများမှသည် နိုင်ငံနှင့်ပြည်သူများ၏ အကျိုးစီးပွားများကိုပါ မြှင့်တင်ပေးနိုင်မည့် အတ္တ-ပရမှျတသည့် အနာဂတ်မျိုးဆက်သစ်များ၏ စီးပွားရေးဝန်းကျင်တစ်ရပ်ဖြစ်ပေါ်လာစေရေး၊ စီးပွားရေးပညာကို လက်တွေ့ကျင့်သုံးနိုင်သူများဖြစ်အောင် ကျွမ်းကျင်သူများကို မွေးထုတ်ပေးပြီး နောင်နှစ်ပေါင်းများစွာတိုင် အစွန့်ရှည်တည်တံ့စေရေးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

■ ■ ■

# ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းတွင် ခေတ်မီ Diesel Electric Multiple Unit (DEMU) ရထားတွဲဆိုင်းအသစ်များဖြင့် စတင်ပြေးဆွဲခြင်း ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့် အမှာစကား

( ၂၉ - ၁၁ - ၂၀၂၄ )





ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းတွင် ခေတ်မီ Diesel Electric Multiple Unit (DEMU) ရထားတွဲဆိုင်းအသစ်များဖြင့် စတင်ပြေးဆွဲခြင်း ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာလ ၂၉ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ရန်ကုန်ဘူတာကြီး၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ပြီး အမှာစကားပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ မြန်မာ့မီးရထားဝန်ထမ်းများ၊ ဒေသခံပြည်သူများ ခရီးသွားပြည်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့အခမ်းအနားသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားက အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးခဲ့သည့် ရန်ကုန်မြို့ပတ်ရထားလမ်းအဆင့်မြှင့်တင်ခြင်း စီမံကိန်းလုပ်ငန်းများနှင့် စပိန်နိုင်ငံမှ ဝယ်ယူတင်သွင်းထားသည့် ခေတ်မီ DEMU ရထားတွဲဆိုင်းသစ်များကို ရန်ကုန်မြို့ပတ် ရထားခရီးစဉ် စတင်ပြေးဆွဲခြင်း အခမ်းအနားဖြစ်ကြောင်း၊ ထိုကဲ့သို့ဆောင်ရွက်

နိုင်ခဲ့ခြင်းသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိသည့် ပြည်သူများနှင့် နိုင်ငံတစ်ဝန်းလုံးက ပြည်သူများအတွက် မင်္ဂလာအပေါင်းနှင့်ပြည့်စုံပြီး ထူးထူးခြားခြားမှတ်တမ်း ပြုရမည့် နေ့တစ်နေ့ဖြစ်ကြောင်း။

ရထားပို့ဆောင်ရေးလုပ်ငန်းသည် မြန်မာ့သယ်ယူပို့ဆောင်ရေး၏ အဓိကအခန်းကဏ္ဍက ပါဝင်ခဲ့ကြောင်း၊ နိုင်ငံ၏ ပထမဦးဆုံးနှင့် ရှေးအကျဆုံး သယ်ယူပို့ဆောင်မှု စနစ်တစ်ခုဟု ဆိုရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ရထားပို့ဆောင်ရေးလုပ်ငန်း စတင်ဖြစ်ထွန်းပေါ်ပေါက်ခဲ့သည်ကို လေ့လာကြည့်ပါက ၁၈၇၇ ခုနှစ် မေလ ၁ ရက်တွင် ရန်ကုန်–ပြည် ရထားလမ်းပိုင်း (၁၆၁) မိုင်ခရီးကို ယခင်က ကွမ်းခြံကုန်းဘူတာဟု အမည်တွင်ခဲ့သည့် ရန်ကုန်ဘူတာကြီးမှ စတင်ဖောက်လုပ်ပြေးဆွဲခဲ့သည်ကို တွေ့ရကြောင်း၊ ယနေ့ဆိုပါက နှစ်ပေါင်း (၁၄၇) နှစ် ကျော်လွန်ခဲ့ပြီဖြစ်ကြောင်း၊ ထိုကဲ့သို့ ရန်ကုန်–ပြည် ရထားလမ်းပိုင်း စတင်ပြေးဆွဲနိုင်ခဲ့ခြင်းသည် အရှေ့တောင်အာရှနိုင်ငံများ အနက် မြန်မာနိုင်ငံက ပထမဦးဆုံးဖြစ်ခဲ့ကြောင်း၊ အရှေ့တောင်အာရှ၏ သက်တမ်းအရင့်ဆုံး ရထားပို့ဆောင်ရေး လုပ်ငန်းကို ပိုင်ဆိုင်ထားသည့် နိုင်ငံဟုဆိုနိုင်ကြောင်း၊ လက်ရှိကာလတွင် နိုင်ငံအတွင်း ရထားလမ်းခရီးမိုင် စုစုပေါင်း ၃၈၀၀ ကျော်နှင့် ဘူတာရုံပေါင်း ၉၆၂ ခုအထိ တည်ဆောက်နိုင်ခဲ့ကြောင်း။

**ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအကျဆုံးနှင့် အရေးကြီးဆုံး လိုအပ်ချက်ဖြစ်**

အခြေခံလူတန်းစား ပြည်သူအများစု နေ့စဉ်နှင့်အမျှ အဓိက အားကိုးအားထားပြုနေရသည့် ရထားသယ်ယူပို့ဆောင်ရေးလုပ်ငန်းသည် ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအကျဆုံးနှင့် အရေးကြီးဆုံး လိုအပ်ချက်ဖြစ်သည်ဟု သုံးသပ်ဖော်ထုတ်နိုင်ကြောင်း၊ စရိတ်စက သက်သာစွာနှင့် ခရီးသည် အများအပြားကို လိုရာခရီးကို ပို့ဆောင်ပေးနိုင်ကြောင်း၊ ကုန်စည်အမြောက်အမြားကိုလည်း ရထားလမ်းကွန်ရက်ရှိရာ ဒေသအသီးသီးသို့ ကုန်ကျစရိတ်ကျဉ်းကျဉ်းနှင့် အချိန်တိုအတွင်း ပို့ဆောင်ပေးနိုင်ကြောင်း၊ ယင်းတို့သည် ရထားပို့ဆောင်ရေးလုပ်ငန်း၏ ထင်ရှားသည့် အဓိကအားသာချက်များပင်ဖြစ်ကြောင်း။

**ပံ့ပိုးဖြည့်ဆည်းပေး**

ရထားသည် မော်တော်ကားနှင့်နှိုင်းယှဉ်ပါက တူညီသည့် ကုန်စည်ပမာဏနှင့် ခရီးအကွာအဝေးအတွက် လောင်စာဆီကို လေးပုံတစ်ပုံမှ ခြောက်ပုံတစ်ပုံအတွင်းသာ သုံးစွဲကုန်ကျကြောင်း၊ လေထုညစ်ညမ်းမှုနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို များစွာလျော့ပါးသက်သာစေပြီး ယာဉ်ကြောကြပ်တည်းမှု ပြဿနာကိုလည်း လျော့နည်းစေကြောင်း၊ ထိုကဲ့သို့ အချက်များကြောင့် နိုင်ငံအသီးသီးတွင်လည်း ရထားလုပ်ငန်း ရေရှည်ရပ်တည်ရှင်သန်နိုင်ရေးနှင့် တိုးတက်ရေးကို အလေးထားလုပ်ဆောင်နေကြသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့်လည်း အခြားနိုင်ငံများနည်းတူ ရထားသယ်ယူပို့ဆောင်ရေး လုပ်ငန်းများ ခေတ်မီတိုးတက်လာစေရေး ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ပြီး မိမိကိုယ်တိုင်လည်း တာဝန်ရှိသူများနှင့် မကြာခဏတွေ့ဆုံကာ ရထားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိကြောင်း။

ရထားလမ်းများ ကြံ့ခိုင်ကောင်းမွန်ပြီး ချောမွေ့မှုရှိစေရေး ပြုပြင်ထိန်းသိမ်းဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် စံချိန်စံညွှန်းများအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ရန်လိုကြောင်း၊ ပြည်တွင်းအင်ဂျင်နီယာပညာရှင်များကို အဓိကအားထားပြီး နည်းပညာများ တိုးတက်လာစေရေး ဆောင်ရွက်ရန်လိုကြောင်း၊ အနာဂတ်တွင် လျှပ်စစ်ရထားပြေးဆွဲနိုင်ရေးကို မလွဲမသွေ လုပ်ဆောင်ရမည်ဖြစ်သည့်အတွက် လိုအပ်သည့်ကြိုတင်ပြင်ဆင်မှု လုပ်ငန်းများ စက်ခေါင်းနှင့်တွဲများ တည်ဆောက်ရေးကို ပြည်တွင်း၌ပင် ထုတ်လုပ်တည်ဆောက်နိုင်ရေးနှင့် သုတေသနပြုနည်းပညာများမှတစ်ဆင့် တီထွင်ဆန်းသစ်မှုများ ဆောင်ရွက်လျက်ရှိကြောင်း။

ထိုကဲ့သို့ ကြိုးပမ်းဖြည့်ဆည်းဆောင်ရွက်ပေးမှုများ၏ ရလဒ်အသီးအပွင့်တစ်ခုအဖြစ် ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပြီး ခေတ်မီ DEMU ရထားတွဲဆိုင်းအသစ်များဖြင့် စတင်ပြေးဆွဲခြင်းကို ယခုကဲ့သို့ အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်းပင်ဖြစ်ကြောင်း။

မိမိတို့အစိုးရအနေဖြင့် ယခုကဲ့သို့ မီးရထားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနေသကဲ့သို့ မိဘပြည်သူများအနေဖြင့်လည်း စည်းကမ်းတကျ လိုက်နာစီးနင်းပြီး ရထားလမ်းပိုင်းများနှင့် ဘူတာများ သန့်ရှင်း

သပ်ရပ်ရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ မီးရထားလမ်းပန်းဆက်သွယ်ရေးလုံခြုံမှု ပိုမိုကောင်းမွန်လာစေရေးအတွက် ပြည်သူလူထုက ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း။

ခရီးသွားပြည်သူများနှင့် ဒေသခံပြည်သူများအနေဖြင့် ယနေ့စတင်ပြေးဆွဲသည့် ခေတ်မီ DEMU ရထားတွဲဆိုင်းများကို အသုံးပြုပြီး ရထားလမ်းနှင့် ဆက်စပ်ပစ္စည်းများ ရေရှည်တည်တံ့ အသုံးပြုပြေးဆွဲနိုင်စေရေးတို့အတွက် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ပေးကြရန် မေတ္တာရပ်ခံလိုကြောင်း၊ မြန်မာ့မီးရထားဝန်ထမ်းများအနေဖြင့်လည်း ရထားစီးခရီးသွားပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းပြီး လိုရာခရီးကို အဆင်ပြေစိတ်ချမ်းမြေ့စွာ သွားလာနိုင်ရေးနှင့် ပြည်သူကို ကောင်းမွန်သည့်ဝန်ဆောင်မှုများပေးနိုင်ရေး ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အစွမ်းကုန်ကြိုးပမ်းစွမ်းဆောင်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

**လျှပ်စစ်ရထားပြေးဆွဲနိုင်ရေး ပြုပြင်ပြောင်းလဲမှုများကို မဖြစ်မနေ ဆောင်ရွက်သွားရမည်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ရထားလမ်းပိုင်းများတွင် လျှပ်စစ်ရထားပြေးဆွဲနိုင်ရေး ပြုပြင်ပြောင်းလဲမှုများကို မဖြစ်မနေ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အဓိကအားဖြင့်ရထားလမ်းတစ်လျှောက် ဓာတ်အားလိုင်းများ တည်ဆောက်၍ လျှပ်စစ်ရထားကွန်ရက်စနစ် တည်ဆောက်ခြင်းနှင့် ဘက်ထရီဓာတ်အားပေးစနစ်သုံး တွဲဆိုင်းများနှင့် စက်ခေါင်းများကိုအသုံးပြု၍ လျှပ်စစ်ရထား ကွန်ရက်စနစ်တည်ဆောက်ခြင်းဟူ၍ နှစ်မျိုးတွေ့ရှိရကြောင်း၊ ဘက်ထရီဓာတ်အားပေးစနစ်သုံး လျှပ်စစ်ရထားကွန်ရက် တည်ဆောက်ရာတွင် မြို့ပတ်ရထားနှင့် ခရီးရထားများအတွက်ရှိပြီး RBE တွဲများကို ဘက်ထရီစနစ် BEMU အဖြစ် ပြောင်းလဲအသုံးပြုနိုင်ပြီး ခရီးဝေးရထားများအတွက် ရှိပြီး ဒီဇယ်လျှပ်စစ်စက်ခေါင်းအား ဘက်ထရီလျှပ်စစ်စက်ခေါင်း Battery Electric Locomotive (BEL) အဖြစ် ပြောင်းလဲအသုံးပြုနိုင်သည်ကို တွေ့ရကြောင်း၊ နည်းပညာတိုးတက်လာမှု၏အကျိုးကျေးဇူးအရ လျှပ်စစ်ရထားကွန်ရက်စနစ်ကို လက်ရှိရထားစနစ်အတွင်း၌ပင် သက်သာထိုက်သင့်သည့် ငွေကြေးကုန်ကျမှုနှင့် အချိန်တိုအတွင်းတည်ဆောက်နိုင်မည့် အလားအလာဖြစ်ကြောင်း၊ EMU စနစ်မှ BEMU စနစ်ပြောင်းလဲခြင်း၊ ဒီဇယ်လျှပ်စစ်စက်ခေါင်းအား BEL စက်ခေါင်းတွဲအဖြစ် ပြောင်းလဲတည်ဆောက်နိုင်ရေးတို့ကို ဦးစွာဆောင်ရွက်သွားရန်လိုပြီး ဘက်ပေါင်းစုံမှ စနစ်တကျ တွက်ချက်ဆောင်ရွက်သွားရန်လိုကြောင်း၊ ဒီဇယ်လျှပ်စစ် စက်ခေါင်းများသည် စက်မောင်းဆီကို အသုံးပြု၍ မောင်းနှင်ရခြင်းဖြစ်သဖြင့်စက်မောင်းဆီအတွက်ကုန်ကျစရိတ်များရှိကြောင်း၊ BEL စက်ခေါင်းတွဲများအဖြစ် ပြောင်းလဲတည်ဆောက်အသုံးပြုပါက စက်သုံးဆီအတွက် ကုန်ကျမှု မရှိတော့ကြောင်း၊ ကုန်ကျစရိတ် နည်းပါးစွာဖြင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် နိုင်ငံတော်အတွက် အကျိုးရှိသည့် ဆောင်ရွက်ချက်ပင်ဖြစ်ကြောင်း၊ အဆိုပါ စက်ခေါင်းတွဲများသည် ဒီဇယ်လျှပ်စစ်သုံး စက်ခေါင်းများထက် ပိုမိုလျင်မြန် မြန်ဆန်လာမည်ဖြစ်သဖြင့် ဘေးအန္တရာယ်ကင်းရှင်းမှုကို ဦးစားပေးတွက်ချက်ဆောင်ရွက်သွားရန်လိုပြီး အချက်ပြနှင့် ဆက်သွယ်ရေးဆိုင်ရာများကိုလည်း စနစ်တကျ ဆောင်ရွက်သွားရန်လိုကြောင်း၊ ရထားလမ်းပိုင်း လမ်းနယ်တစ်လျှောက် ခြံစည်းရိုးများကာရံခြင်း၊ ရေထွက်စနစ်များ ကောင်းမွန်စေရန် ဆောင်ရွက်ခြင်းအားဖြင့် ဖြစ်ပေါ်လာနိုင်မည့် ဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်ရမည်ဖြစ်ကြောင်း၊ ရထားတွဲများ အဆင့်မြှင့်တင်ခြင်း၊ သံလမ်းများ၊ မီးရထားလမ်းကူးတံတားများ အဆင့်မြှင့်တင်ခြင်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မှာကြားသည်။

■ ■ ■

# လှိုင်သာယာမြို့နယ်၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့် အမှာစကား

( ၂၉ - ၁၁ - ၂၀၂၄ )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များလိုက်ပါ၍ နိုဝင်ဘာလ ၂၉ ရက်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**လှိုင်သာယာမြို့နယ် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လှိုင်သာယာမြို့နယ် အောင်ဇေယျတံတားနှင့် မီးခွက်စျေးအကြားရှိ ရေမြောင်းများ ထိန်းသိမ်းပြင်ဆင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး၊ လမ်းတစ်လျှောက် အရိပ်ရသစ်ပင်များ စနစ်တကျ စိုက်ပျိုးထားရှိရေးနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘုရင့်နောင်ပန်းခြံသို့ ရောက်ရှိရာ ပန်းခြံအတွင်း ဘက်စုံသုံး အဆောက်အဦများ၊ ပျော်ပွဲရွှင်ပွဲ ကျင်းပရန်နေရာများ၊ ယာဉ်ရပ်နားရန်နေရာများ၊ ကစားကွင်းများ၊ ရေကူးကန်များ အပါအဝင် အများပြည်သူ အပန်းဖြေရန်နေရာများ ဆောင်ရွက်လျက်ရှိမှုနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မြို့တော်ဝန် ဦးဘိုဌေးက ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပန်းခြံရှင်းလင်းဆောင်ခန်းမတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် မြို့တော်ဝန်တို့က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် လှိုင်သာယာမြို့နယ်သို့ ရောက်ရှိစစ်ဆေးစဉ် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန် လမ်းညွှန်ချက်များအား ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ဘုရင့်နောင်ပန်းခြံအတွင်း ပျော်ပွဲရွှင်ပွဲများ ကျင်းပခဲ့မှုနှင့် ပြည်သူအများအပြား ပျော်ရွှင်စွာ လာရောက်ဆင်နွှဲခဲ့မှုများ၊

လှိုင်သာယာမြို့နယ်အတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ လှိုင်သာယာ တိုးချဲ့ ပန်းခြံဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ ရန်ကုန် အနောက်ပိုင်းတက္ကသိုလ် ရေကြီးနစ်မြုပ်မှုမှ ကာကွယ် နိုင်ရေးအတွက် ရေစီးရေလာကောင်းမွန်ရေး၊ ရေဝင်ရေထွက် ကောင်းမွန်ရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လှိုင်သာယာ မြို့နယ်သည် စက်ရုံ၊ အလုပ်ရုံများတွင် အလုပ်လုပ်ကိုင် ကြသူများ အများအပြားနေထိုင်ကြသည်ဖြစ်သဖြင့် ပလက်ဖောင်းများ အဆင့်မီကောင်းမွန်ရမည်ဖြစ်ကြောင်း၊ မြို့နယ်စိမ်းလန်းစိုပြည်ရေး၊ သန့်ရှင်းသာယာလှပရေးတို့ အတွက် စနစ်တကျ စီမံကိန်းချ၍ ဆောင်ရွက်သွားရန်လို ကြောင်း၊ မြို့အကွက်ချပုံကို စနစ်တကျဖြင့် ရေးဆွဲဖော် ဆောင်ထားသည့် မြို့ဖြစ်သဖြင့် အဆင့်မီသည့် မြို့တစ်ခု ဖြစ်စေရေး ဆက်လက်အကောင်အထည်ဖော်ဆောင်သွား ရမည်ဖြစ်ကြောင်း၊ မြို့နေပြည်သူလူထုနှင့် ကိုက်ညီသည့် လူနေမှုပတ်ဝန်းကျင်ကို ဖော်ဆောင်ပေးရမည်ဖြစ်ပြီး ပတ်ဝန်းကျင်ကောင်းကို ဖန်တီးပေးနိုင်ရမည်ဖြစ်ကြောင်း၊ နေထိုင်သူများ ကျန်းမာရေး ကောင်းမွန်စေရေး၊ သန့်ရှင်းမှု စနစ်တကျရှိစေရေး၊ ရေလုံလောက်စွာ ရရှိရေးတို့ကို သက်ဆိုင်ရာ တာဝန်ရှိသူများက ဖြည့်ဆည်းဆောင်ရွက် ပေးရန်လိုကြောင်း၊ အများအသုံးပြုရန် ကောင်းမွန်သည့် သုံးရေ ရရှိရေးအတွက်လည်း ဖြည့်ဆည်းဆောင်ရွက် ပေးရမည်ဖြစ်ကြောင်း၊ ကျန်းမာရေး ကောင်းမွန်မှသာလျှင် အလုပ်လုပ်နိုင်မည်ဖြစ်သဖြင့် ပြည်သူလူထုကျန်းမာရေး ကောင်းမွန်မှုရှိရန် မိမိတို့အစိုးရအဖွဲ့မှ တာဝန်ရှိသူများက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ် ကြောင်း၊ လှိုင်သာယာတွင် ရေစီးရေလာကောင်းမွန်ရေး သည် အဓိကဖြေရှင်းဆောင်ရွက်ပေးရမည့် ကိစ္စတစ်ခု ဖြစ်သဖြင့် အလေးထားဆောင်ရွက်သွားရန်လိုကြောင်း၊ တစ်မြို့နယ်လုံး အတိုင်းအတာဖြင့် ရေဝင်ရေထွက် ကောင်းမွန်ရမည်ဖြစ်ကြောင်း၊ မြို့ပြများ၌ စိမ်းလန်း စိုပြည်ရေး Green Zone ကို ဖော်ဆောင်ရာတွင် သုံးမိုင် ပတ်လည်အကွာအဝေးအတွင်း၌ Green Zone များ ဖော် ဆောင်ပေးထားရန်နှင့် အိမ်ခြံဝန်းများ လမ်းဘေးဝဲယာ များ၌လည်း သစ်ပင်များ စိုက်ပျိုးစေရေး ကြပ်မတ် ဆောင်ရွက်သွားရန် မူဝါဒချမှတ်ပေးထားပြီးဖြစ်သဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားသည်။

**ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရန်ကုန် အနောက်ပိုင်း နည်းပညာတက္ကသိုလ်သို့ ရောက်ရှိကြရာ ပါမောက္ခချုပ် ဒေါက်တာကြည်စိုးနှင့် ဆရာ၊ ဆရာမများက ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ကျောင်းပတ်ဝန်းကျင် သန့်ရှင်း သာယာလှပစေရေးနှင့် ဥပဓိရုပ်ကောင်းမွန်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ တက္ကသိုလ်အင်္ဂါရပ်နှင့် ပြည့်မီစေရေးအတွက် တိုးချဲ့စာသင်ဆောင်များနှင့် ခန်းမ များ၊အခြားအထောက်အကူပြုအဆောင်များ တည်ဆောက် ရာတွင် အသေးစိတ်ကအစ ထည့်သွင်းတွက်ချက်စဉ်းစား ကာ ရေရှည်ကိုကြည့်၍ ဆောင်ရွက်ရန်လိုကြောင်း၊ ကျောင်းဝင်းအတွင်း သစ်ပင်ပန်းမန်များစိုက်ပျိုးခြင်း၊ လူသွားလမ်းများ၊ အားကစားပြုလုပ်ရာ နေရာများနှင့် အပန်းဖြေနေရာများ ဆောင်ရွက်ရာ၌ ကျောင်းသားဦးရေ အချိုးနှင့်ကိုက်ညီသည့် အကျယ် အဝန်းများနှင့် အကွာ အဝေးများ ဖြစ်စေရေး စဉ်းစားဆောင်ရွက်သွားရန်လို ကြောင်း မှာကြားသည်။

■ ■ ■

# မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ တာယာစက်ရုံ (ရွှာမ) သို့ သွားရောက် ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့် အမှာစကား

( ၂၉ - ၁၁ - ၂၀၂၄ )






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နိုဝင်ဘာလ ၂၉ရက်နေ့ မွန်းလွဲပိုင်းတွင် ခရီးစဉ်၌ လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ မြန်မာစီးပွားရေးကော်ပိုရေးရှင်း တာယာစက်ရုံ(ရွှာမ) သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် စက်ရုံအတွင်းရှိ မော်တော်ဆိုင်ကယ်တာယာနှင့် ကျွတ်ထုတ်လုပ်သည့် အလုပ်ရုံသို့ ရောက်ရှိပြီး တာယာနှင့်ကျွတ်များ ထုတ်လုပ်နေမှု၊ တာယာအရည်အသွေး စစ်ဆေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ထို့နောက် စက်ရုံအစည်းအဝေးခန်းမတွင် မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ညိုစော၊ စက်ရုံမှူးကြီး ဦးကျော်ကျော်စိုးတို့က စက်ရုံသမိုင်းအကျဉ်း၊ စက်ရုံလုပ်ငန်းဆောင်ရွက်နေမှု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် လာရောက်စစ်ဆေးစဉ် လမ်းညွှန်ချက်များအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ ပြည်တွင်းလိုအပ်ချက်များသည့် မော်တော်ဆိုင်ကယ် တာယာအား တိုးမြှင့်ထုတ်လုပ်နိုင်ရေးဆောင်ရွက်လျက်ရှိမှုနှင့် သုံးဘီးဆိုင်ကယ်တာယာများ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ပြည်တွင်းဈေးကွက်နှင့် ပြည်ပဈေးကွက် ပိုမိုရရှိရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**ဈေးကွက်ရရှိရေးဆောင်ရွက်**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံတွင် ဆိုင်ကယ်အစီးရေ ငါးသန်းခန့်ရှိပြီး ပြည်တွင်းတာယာလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရေးအမြတ်ကို အဓိကမထားဘဲ အရေအတွက်များများဖြင့် အရည်အသွေးပြည့်မီစွာ ရောင်းချပေးနိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့ထုတ်လုပ်သည့် ဆိုင်ကယ်တာယာများအပြင် အခြားပြည်တွင်းမှ ထုတ်လုပ်သည့် မော်တော်ဆိုင်ကယ်တာယာများ ဈေးကွက်ရရှိရေးကိုလည်း

လိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရေး အမြတ်ကို အဓိကမထားဘဲ အရေအတွက်များများဖြင့် အရည်အသွေးပြည့်မီစွာ ရောင်းချပေးနိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်၊ မိမိတို့ ထုတ်လုပ်သည့် ဆိုင်ကယ်တာယာများအပြင် အခြားပြည်တွင်းမှ ထုတ်လုပ်သည့် မော်တော်ဆိုင်ကယ်တာယာများ ဈေးကွက်ရရှိရေးကို လည်း ဆောင်ရွက်ပေးရန်လို၊ ပြည်တွင်း လိုအပ်ချက်အတွက် ပြည်ပမှတင်သွင်း နေရသည့်အတွက် နိုင်ငံခြားငွေများ ကုန်ကျ နေရသကဲ့သို့ ပြည်သူများအနေဖြင့်လည်း ဈေးနှုန်းကြီးမြင့်စွာဖြင့် ဝယ်ယူသုံးစွဲနေရ၊ ထို့ကြောင့် ပြည်တွင်းမှ ထုတ်လုပ်သည့် တာယာများဖြင့် ပြည်သူများ ဈေးနှုန်း သက်သာစွာ ဝယ်ယူသုံးစွဲနိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်။

ဆောင်ရွက်ပေးရန်လိုကြောင်း၊ ပြည်တွင်းလိုအပ်ချက်အတွက် ပြည်ပမှတင်သွင်းနေရသည့်အတွက် နိုင်ငံခြားငွေများ ကုန်ကျနေရသကဲ့သို့ ပြည်သူများအနေဖြင့်လည်း ဈေးနှုန်းကြီးမြင့်စွာဖြင့် ဝယ်ယူသုံးစွဲနေရကြောင်း၊ ထို့ကြောင့် ပြည်တွင်းမှ ထုတ်လုပ်သည့် တာယာများဖြင့် ပြည်သူများ ဈေးနှုန်းသက်သာစွာ ဝယ်ယူသုံးစွဲနိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဈေးကွက်လိုအပ်ချက်နှင့် ဈေးကွက်အတွင်း အသုံးများသည့် အမျိုးအစားများကို သိရှိအောင် ဆောင်ရွက်ပြီး ပြည်တွင်း၊ ပြည်ပဈေးကွက် တိုးမြှင့်ရရှိနိုင်ရေး ဈေးကွက်ရှာဖွေဆောင်ရွက်သွားရန်လိုကြောင်း၊ စက်စွမ်းအားပြည့် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန်နှင့် ဝန်ထမ်းများ၏ စွမ်းဆောင်နိုင်မှုအပေါ်မူတည်၍ သက်သာချောင်ချိရေးနှင့် ထိုက်သင့်သည့် ချီးမြှင့်မှုများ ဆောင်ရွက်ပေးရန်လိုကြောင်း၊ မိမိတို့ နိုင်ငံသည် စိုက်ပျိုးရေးကို အဓိကဆောင်ရွက်သည့် နိုင်ငံဖြစ်သည့်အတွက် လယ်ယာသုံးစက်ကိရိယာများတွင် အသုံးပြုသည့် တာယာများကိုလည်း ထုတ်လုပ်ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်တွင်း၌ အဆင့်မြင့်ရော်ဘာများ ထုတ်လုပ်နိုင်ရေးနှင့် ရော်ဘာထုတ်ကုန်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရန်ကုန်တိုင်း ဒေသကြီးအတွင်း ဘက်စုံစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်စေခြင်းသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လူဦးရေ ခုနစ်သန်းကျော်ရှစ်သန်းခန့်အား အသားငါးနှင့် ဟင်းသီးဟင်းရွက်များ ဈေးနှုန်းသက်သာစွာဖြင့် ဖူလုံပေါများစွာ စားသုံးနိုင်စေရေး အထောက်အကူပြုစေရန် ရည်ရွယ်ဆောင်ရွက်စေခြင်းဖြစ်ကြောင်း၊ တပ်မတော်သားများအပြင် နိုင်ငံ့ဝန်ထမ်းများအား ပြင်ပပေါက်ဈေးထက် သက်သာစွာ ရောင်းချပေးနိုင်ရမည်ဖြစ်ပြီး ပြည်သူများကိုလည်း ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနိုင်မည်ဆိုပါက အကျိုးရှိစေနိုင်မည်ဖြစ်ကြောင်း၊ အထူးသဖြင့် စက်ရုံ၊ အလုပ်ရုံများတွင် လုပ်ကိုင်နေကြသည့် ဝင်ငွေနည်းသည့် အခြေခံလူတန်းစားများ၏ စားရေးသက်သာချောင်ချိမှု ဖြစ်စေရေးတွင် အထောက်အကူဖြစ်စေရမည်ဖြစ်ကြောင်း၊ ပြည်သူလူထုတို့ စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရေး တိုင်းစစ်ဌာနချုပ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန်လိုကြောင်း၊ မဖြစ်မနေ စားသုံးရမည့် အခြေခံစားကုန်များကို ဈေးနှုန်းသက်သာချောင်ချိစွာဖြင့် ဝယ်ယူစားသုံးနိုင်ရေး အလေးထားဆောင်ရွက်သွားရန်လိုကြောင်း၊ အသားတိုးကြက်၊ ဥစားကြက်၊ ဥစားဘဲ တို့ကို တိုးချဲ့မွေးမြူ ဆောင်ရွက်သွားရန်လိုကြောင်း၊ သွင်းအားစုနှင့် ထုတ်လုပ်မှု ကုန်ကျစရိတ်များ နည်းပါးမည်ဆိုပါက စိုက်ပျိုးမွေးမြူရေး အခြေခံစားကုန်များ ဈေးနှုန်းသက်သာစွာဖြင့် ရရှိနိုင်မည်ဖြစ်သဖြင့် တိုင်းစစ်ဌာနချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ မြန်မာစီးပွားရေးဦးပိုင်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်တို့ ပူးပေါင်း၍ အောင်မြင်အောင် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြရန်လိုကြောင်း မှာကြားသည်။

■ ■ ■

# တွံတေးမွေးမြူရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့် အမှာစကား

( ၃၀ - ၁၁ - ၂၀၂၄ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ နိုဝင်ဘာလ ၃၀ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်ရှိ တွံတေး မွေးမြူရေးဇုန် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှု အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးအဆင့် စိုက်ပျိုး မွေးမြူရေးဆိုင်ရာတာဝန်ရှိသူများက တိုင်းဒေသကြီးအတွင်း မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့်ပတ်သက်၍ တိုင်းဒေသကြီးအတွင်း အသားဖူလုံရေးအတွက် ဒေသနွား နှင့် နို့စားနွား၊ ဒေသကျွဲနှင့် နို့စားကျွဲ၊ ဝက်၊ ဆိတ်၊ သိုး၊ ဥစားကြက်၊ အသားစားကြက်၊ တိုင်းရင်းကြက်၊ ဘဲ၊ မန်ဒါလီ၊ ငုံးများမွေးမြူထားရှိမှု၊ မွေးမြူရေးလုပ်ငန်းများ အလိုက်မျိုးခြံများ ဆောင်ရွက်ထားရှိမှု၊ တိရစ္ဆာန်နှင့် တိရစ္ဆာန်ပစ္စည်းထုတ်လုပ်နိုင်မှု၊ အစာစပ်စက်ရုံများမှ အစာများ ထုတ်လုပ်ပေးလျက်ရှိမှု၊ မွေးမြူရေးဇုန်များ အလိုက် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ငါး၊ ပုစွန်၊ ကဏန်းမွေးမြူထားရှိမှု၊ ရွှေမုယင်းဒေသရှိ ငါးမွေးမြူရေးကန်များနှင့် ငါးထုတ်လုပ်နိုင်မှု၊ တိုင်းဒေသကြီးအတွင်း မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များ၊ တွံတေးမွေးမြူရေးဇုန်အား အပိုင်းအလိုက် အကောင်

အထည်ဖော် ဆောင်ရွက်လျက်ရှိမှုနှင့် တိရစ္ဆာန်အမျိုးအစားအလိုက် မွေးမြူထုတ်လုပ်လျက်ရှိမှု၊ ရေရရှိရေးဆောင်ရွက်ပေးထားမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

**ရေရရှိရေးသည်အဓိကကျ**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ရေရရှိရေးသည် အဓိကကျပြီး ဇုန်များအလိုက်ရှိ မွေးမြူရေးလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် လုံလောက်သည့် ရေပမာဏပေးဝေနိုင်ရေး စနစ်တကျတွက်ချက်ဆောင်ရွက်ပေးရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် တိရစ္ဆာန်အစာနှင့် ပတ်သက်၍လည်း ဇုန်များအလိုက် ရပ်ဝေးမှ မှာယူမည်ဆိုပါက ကုန်ကျစရိတ်များ ပိုမိုများပြားနိုင်မည်ဖြစ်ကြောင်း၊ သွင်းအားစုနှင့် ထုတ်လုပ်မှုကုန်ကျစရိတ်များ နည်းပါးမည်ဆိုပါက စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနိုင်မည်ဖြစ်သဖြင့် ဇုန်များအလိုက် ဒေသတွင်းထွက်ရှိသည့် ကုန်ကြမ်းများဖြင့် တိရစ္ဆာန်အစာထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် စွန့်ပစ်ပစ္စည်းများကိုလည်း တိရစ္ဆာန်အစာအဖြစ် အသုံးပြုနိုင်မည်ဖြစ်ကြောင်း။

ဇုန်များအလိုက် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်သကဲ့သို့ Green zone Area များကိုလည်း ဖော်ဆောင်ပေးရန်လိုကြောင်း၊ လမ်းဘေးဝဲယာတစ်လျှောက် မြက်နှင့် အရိပ်ရ လေကာပင်များကိုလည်း စိုက်ပျိုးရန်လိုကြောင်း၊ ဇုန်များအလိုက် လျှပ်စစ်ဓာတ်အား ရရှိရေးအတွက်လည်း ဆောင်ရွက်ရန်လိုပြီး နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ခြင်းများကို ဆောင်ရွက်မည်ဆိုပါက မွေးမြူရေးလုပ်ငန်းများအတွက် အထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဒေသန္တရမွေးမြူခြင်းမဖြစ်စေလိုဘဲ စီးပွားဖြစ် စနစ်တကျမွေးမြူဆောင်ရွက်သွားရန်လိုကြောင်း၊ လှောင်မွေးသည့်စနစ်ဖြစ်သဖြင့် တိရစ္ဆာန်များအတွက်လိုအပ်သည့် ရေနှင့်အစာများကို အပြည့်အဝကျွေးမွေးနိုင်ရန်လိုကြောင်း၊ စနစ်ကျနသည့် မွေးမြူရေးစနစ်ကို ဖော်ဆောင်သွားရန်လိုပြီး မည်ကဲ့သို့ မွေးမြူမည်၊ ထုတ်ကုန်များအား ကုန်ချောအဆင့်သို့ မည်ကဲ့သို့ထုတ်လုပ်မည်၊ ရေရှည်အကျိုးစီးပွားနှင့် စဉ်ဆက်မပြတ်သည့် ထုတ်လုပ်မှုဖြစ်စေရေး မည်ကဲ့သို့ဆောင်ရွက်မည်ကို စနစ်တကျဖြင့် တွက်ချက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို အခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများ (Agro Base Industry)ကို ဖော်ဆောင်သွားရမည်ဖြစ်ပြီး တန်ဖိုးမြင့် စက်မှုကုန်ထုတ်လုပ်ငန်းများကို ထုတ်လုပ်နိုင်ရမည်ဖြစ်ကြောင်း။

**ကြိုတင်တွက်ချက်ပြင်ဆင်**

မွေးမြူရေးဇုန်များအလိုက် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အစီအမံများ၊ တိရစ္ဆာန် ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကိုလည်း ကြိုတင်တွက်ချက်ပြင်ဆင် ဆောင်ရွက်ထားရှိရန်လိုကြောင်း၊ လက်ရှိဆောင်ရွက်ထားသည့် အခြေအနေများအရ ရန်ကုန်တိုင်းဒေသကြီး၏ အသားဖူလုံမှုကို အတိုင်းအတာတစ်ခုအထိ အထောက်အကူပြုနိုင်သည်ကို တွေ့ရှိရပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်မြင်စေရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

ရေအရင်းအမြစ်များတွင် မိုးကောင်းသောက်ရေ၊ ဆည်ရေ၊ မြစ်ချောင်းရေ၊ မြေအောက်ရေ ဟူ၍ရှိပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့်ရေကို မဖြစ်မနေရရှိအောင် ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ နိုင်ငံတကာတွင် အောင်မြင်လျက်ရှိသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို လေ့လာကြည့်မည်ဆိုပါကလည်း ရေသည် အဓိကအရင်းအမြစ်ဖြစ်သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်ခြင်းဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး နိုင်ငံ့စီးပွားတိုးတက်ရေးအတွက်လည်း များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ကိန်းဂဏန်းအချက်အလက်များအရ အောင်မြင်မှုရရှိနေသည်။ အထွက်နှုန်းကောင်းနေသည်ကို ကျေနပ်နေ၍မရဘဲ မြေပြင်လက်တွေ့၌ အမှန်တကယ်အောင်မြင်မှုရှိရန်လိုကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာ ဌာနအလိုက်မှ တာဝန်ရှိသူများအနေဖြင့် မြေပြင်အချက်အလက်များနှင့် ကိန်းဂဏန်းအချက်အလက်များ တူညီမှုရှိစေရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ လူသားတို့၏ နေ့စဉ်ဘဝတွင် စားဝတ်နေရေးဟူ၍ရှိပြီး စားရေးသည် အဓိကအရေးကြီးသည့်

အချက်ဖြစ်ကြောင်း၊ အူမတောင့်မှ သီလစောင့်မည်ဖြစ်သဖြင့် မိမိတို့အုပ်ချုပ်သူ အစိုးရတာဝန်ရှိသူများအနေဖြင့် ပြည်သူများ၏ စားရေးတွင် ဖူလုံမှုရှိစေရေး၊ အခြေခံစားကုန်များ ဈေးနှုန်းသက်သာစွာဖြင့်ရရှိရေး၊ ပတ်ဝန်းကျင်ကောင်းရရှိစေရေး ဖြေရှင်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တွံတေးမွေးမြူရေးဇုန်အတွင်းရှိ ဦးစိုးအောင်၏ ဆိတ်မွေးမြူရေးခြံ၊ ဦးအောင်လင်းဦး၏ ရွှေဘဲ(အသားတိုးဘဲ)မွေးမြူရေးခြံ၊ ဦးဇာရား၏ ဥစားဘဲ မွေးမြူရေးခြံ၊ ဦးမြင့်နိုင်၏ ငုံးမွေးမြူရေးခြံ၊ ဦးကျော်မင်း၏ နို့စားနွားမွေးမြူရေးခြံနှင့် ဒေါ်လဲ့ရည်ဝင်း၏ ဝက်မွေးမြူရေးခြံတို့အား လှည့်လည်ကြည့်ရှု၍ မွေးမြူရေးခြံအလိုက် တာဝန်ခံများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ ပြန်လည်မေးမြန်းဆွေးနွေး အကြံပြုပြောကြားခဲ့သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် မွေးမြူရေးဇုန်ရှင်းလင်းဆောင်၌ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ယခုအခါ မွေးမြူရေးဇုန်အတွင်း လှောင်မွေးစနစ်ဖြင့် စတင်မွေးမြူခြင်းဖြစ်ကြောင်း၊ ခေတ်မီမွေးမြူရေးစနစ်သို့ ရောက်ရှိရဦးမည်ဖြစ်သော်လည်း စနစ်တကျ မွေးမြူနိုင်သည့်စနစ်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ မွေးမြူရေးဇုန် စတင်အကောင်အထည်ဖော်ဆောင်ရွက်သည်မှာ တစ်နှစ်ကျော်ကာလခန့်မျှသာ ရှိသည်ဖြစ်သော်လည်း "အစကောင်းမှ အနှောင်းသေချာ"ဆိုသည့်အတိုင်း လုပ်ငန်းများ စတင်ဆောင်ရွက်စဉ် ကတည်းကပင် စနစ်တကျဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ လှောင်မွေးစနစ်ဖြင့် မွေးမြူခြင်းဖြစ်သဖြင့် အစာ၊ ရေနှင့် အခြားလိုအပ်ချက်များ ပြည့်ဝစွာရရှိစေရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပေးပို့ခဲ့သည့် သဝဏ်လွှာများ

# (၆၉) နှစ်မြောက် ကရင်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

( ၇ - ၁၁ - ၂၀၂၄ )

**ချစ်ခင်လေးစားအပ်ပါသော ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသား မိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျား**

ယနေ့ကျရောက်သော (၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့ နေ့ထူးနေ့မြတ် အခါသမယတွင် ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် နိုင်ငံတစ်ဝန်းရှိ ပြည်ထောင်စုဖွား မိဘပြည်သူ ညီအစ်ကိုမောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် ရှေးနှစ်ပေါင်းများစွာကတည်းက ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်စာပေနှင့် ကိုယ်ပိုင်ဘာသာစကားများကို ပိုင်ဆိုင်သည့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခုဖြစ်ပါသည်။ နိုင်ငံတော်အတွင်းရှိတိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံးတို့သည် နိုင်ငံ၏ နေရာဒေသအသီးသီးတွင် ဥမကွဲ သိုက်မပျက်၊ စည်းလုံးညီညွတ်စွာ ယှဉ်တွဲ၍ စုပေါင်းနေထိုင်လာခဲ့ကြသည်ကို သမိုင်းအထောက်အထားများက ခိုင်မာစွာ သက်သေပြလျက်ရှိပါသည်။

ကရင်ပြည်နယ်တွင်လည်း ကရင်တိုင်းရင်းသားတို့သည် အခြားတိုင်းရင်းသားများနှင့်အတူ ရှေးယခင်ကတည်းကပင် ချစ်ခင်ရင်းနှီးစွာ အတူတကွ နေထိုင်လာခဲ့ကြပါသည်။ ၁၈၈၅ ခုနှစ်တွင် မိမိတို့နိုင်ငံသည် လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီး ကိုလိုနီနယ်ချဲ့လက်အောက်သို့ ကျရောက်ခဲ့ရပါသည်။ ထိုသို့ လွတ်လပ်ရေးဆုံးရှုံးပြီးနောက် ပြည်ထောင်စုကြီး၏ ဒေသအသီးသီးတွင် နေထိုင်သည့် တိုင်းရင်းသားလူမျိုးများသည် မျိုးချစ်စိတ်ဓာတ်၊ သူ့ကျွန်မခံလိုသည့် စိတ်ဓာတ်တို့ဖြင့် ကိုလိုနီနယ်ချဲ့နှင့် ဖက်ဆစ်တို့ကို စည်းလုံးညီညွတ်စွာဖြင့် တွန်းလှန်တိုက်ထုတ်ခဲ့ကြပြီး လွတ်လပ်ရေးကိုအတူတကွရယူခဲ့ကြပါသည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များ ဖွဲ့စည်းတည်ထောင်ခဲ့ရာ ကရင်တိုင်းရင်းသား အများစုနေထိုင်သည့် ဒေသများကို ကရင်ပြည်နယ်အဖြစ် သတ်မှတ်ပေးရန် စတင်ဆောင်ရွက်ခဲ့ကြပါသည်။

၁၉၅၁ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပြင်ဆင်ချက် အက်ဥပဒေအမှတ် ၆၂ အရ သံလွင်ခရိုင် ဖာပွန်ဒေသကို ကရင်ပြည်နယ်အဖြစ် သတ်မှတ်ခဲ့ပါသည်။ ယင်းနောက် ၁၉၅၂ ခုနှစ်၊ ကရင်ပြည်နယ် တိုးချဲ့သတ်မှတ်ရေး အက်ဥပဒေအမှတ် ၁၄ အရ သံလွင်ခရိုင်နှင့် ဆက်စပ်ဒေသများဖြစ်သည့် ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကော့ကရိတ်မြို့နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ဘားအံမြို့နယ်နှင့် သံတောင်ကြီးမြို့နယ်တို့ကို ဒုတိယအဆင့် တိုးချဲ့သတ်မှတ်ခဲ့ပြီး (၆)မြို့နယ်ဖြင့်လည်းကောင်း၊ ၁၉၆၀ ပြည့်နှစ် မတ်လ ၁ ရက်နေ့တွင် မြဝတီမြို့အား မြို့နယ်တစ်ခုအဖြစ် သတ်မှတ်ခဲ့၍ စုစုပေါင်းမြို့နယ် (၇)မြို့နယ်ဖြင့်လည်းကောင်း အဆင့်ဆင့်ပြောင်းလဲ ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

ကရင်ပြည်နယ်ကို မွေးဖွားသန့်စင်သောနေ့ဖြစ်သည့် ၁၉၅၁ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြင်ဆင်ချက် ဥပဒေကို အတည်ပြုပြဋ္ဌာန်းခဲ့သည့် ၁၉၅၅ ခုနှစ် နိုဝင်ဘာလ (၇)ရက်နေ့ကို ကရင်ပြည်နယ်နေ့အဖြစ် ဂုဏ်ယူသတ်မှတ်ပြီး နှစ်စဉ် စည်ကားသိုက်မြိုက်စွာ ကျင်းပလာခဲ့ခြင်းဖြစ်ပြီး ယနေ့ဆိုလျှင် (၆၉)နှစ်တိုင်ခဲ့ပြီ ဖြစ်ပါသည်။ ယခင်က ခရိုင်(၄)ခရိုင်နှင့် မြို့နယ်(၇)မြို့နယ်တို့ဖြင့် ဖွဲ့စည်းထားသော ကရင်ပြည်နယ်ကြီးကို မိမိတို့တာဝန်ယူပြီးနောက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ကြာအင်းဆိပ်ကြီးမြို့နယ်နှင့် သံတောင်ကြီးမြို့နယ်တို့ကို ခရိုင်အဆင့်တိုးမြှင့်ပြီး ခရိုင်(၆)ခရိုင်ဖြင့် တိုးချဲ့ဖွဲ့စည်းထားပြီး ဖြစ်ပါသည်။

ကရင်ပြည်နယ်အတွင်းတွင် ကရင်တိုင်းရင်းသားများနှင့်အတူ ရှမ်း၊ ပအိုဝ်း၊ ဗမာ၊ မွန် အစရှိသည့် တိုင်းရင်းသားများသည် အတူတကွ ချစ်ကြည်အေးချမ်းစွာ နေထိုင်လျက်ရှိပါသည်။ ကရင်ပြည်နယ်သည် နိုင်ငံ၏ အရှေ့တောင်ဘက်တွင်တည်ရှိပြီး ရာသီဥတုမျှတကောင်းမွန်၍ သဘာဝအရင်းအမြစ်များဖြစ်သည့် မြစ်ချောင်းများ၊ ရေတံခွန်စိမ့်စမ်းများ၊ မြင့်မားစိမ်းစိုသည့် တောင်တန်းများ၊ စိမ်းလန်းစိုပြည်သော သစ်တောများရှိသည့်အပြင် ဇွဲကပင်တောင်၏သဘာဝအလှတရားသည်လည်းကရင်ပြည်နယ်၏အမှတ်သင်္ကေတတစ်ခုအဖြစ် တည်ရှိနေပါသည်။ ထို့အပြင် တန်ဖိုးမဖြတ်နိုင်သော ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များဖြစ်သည့် စေတီပုထိုးများနှင့် လှပသော သဘာဝလိုဏ်ဂူများ၊ ချစ်ခင်မြတ်နိုးဖွယ်ရာ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာများကို ပိုင်ဆိုင်ထားသည်မှာ ဂုဏ်ယူဖွယ်ရာဖြစ်ပါသည်။ ကရင်တိုင်းရင်းသားဆိုသည်နှင့် ရွှင်မြူးတက်ကြွဖွယ် ကရင်ဒုံးအကသည် ဖားစည်သံနှင့်အတူ ဇွဲကပင်တောင်တည်ရှိရာနေရာ အထင်ကရဒေသအဖြစ် ပြည်တွင်း၌သာမက ပြည်ပတွင်ပါ ထင်ရှားပါသည်။

လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်ခဲ့မှုကြောင့် တိုင်းရင်းသားညီနောင်များအချင်းချင်း အထင်အမြင်လွဲမှားကာ ကရင်ပြည်နယ်အတွင်းတွင်လည်း လက်နက်ကိုင် ပဋိပက္ခများဖြင့်မတည်ငြိမ်၊ မအေးချမ်းသည့် ကာလများရှိခဲ့ပါသည်။ နောက်ပိုင်းနိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် ရရှိစေပြီး (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်ခဲ့ရာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအနေဖြင့်ပါဝင်လက်မှတ်ရေးထိုးပြီး လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ယနေ့နိုင်ငံတော်တွင် ကြုံတွေ့နေရသည့်နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများကို လက်နက်ဆွဲကိုင်ပြီး တိုက်ပွဲများ၊ အကြမ်းဖက်မှုများဖြင့် ဖြေရှင်းနေကြခြင်းကြောင့် ဒေသခံ တိုင်းရင်းသားပြည်သူများသာဆင်းရဲဒုက္ခမျိုးစုံ ခံစားနေရခြင်းဖြစ်ရာ တွေ့ဆုံဆွေးနွေးညှိနှိုင်းပြီး အဖြေရှာခြင်း နည်းလမ်းဖြင့် NCA လမ်းကြောင်းအတိုင်း လိုက်ပါဆောင်ရွက်ပေးနိုင်ရေး သက်ဆိုင်သူများအား အသိပေးတိုက်တွန်းလိုပါသည်။

ယနေ့အချိန်တွင် နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရှိလာစေရန်နှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အခက်အခဲများကြားမှ ပိုမိုကြိုးစားဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် “လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး၊ ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရှိလာအောင်အလေးထားဆောင်ရွက်သွားမည်”ဟူသည့် ရှေ့လုပ်ငန်းစဉ်သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် နိုင်ငံရေးဦးတည်ချက်များနှင့်အညီ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးတို့ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပြီး မိမိတို့နိုင်ငံနှင့်ကိုက်ညီသည့် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲစနစ် ဖြစ်စေရန်ဖော်ဆောင်လျက်ရှိပါသည်။ သို့ဖြစ်ရာ မိမိတို့နိုင်ငံ တည်ငြိမ်အေးချမ်းရေး၊ ဘက်စုံဖွံ့ဖြိုး တိုးတက်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသား မိဘပြည်သူများက ဝိုင်းဝန်းပူးပေါင်း ကြိုးပမ်းဆောင်ရွက်ပေးကြပါရန် အလေးထားတိုက်တွန်း မှာကြားလိုပါသည်။

**ချစ်ခင်လေးစားအပ်ပါသော ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားများနှင့် မိဘပြည်သူညီအစ်ကိုမောင်နှမများခင်ဗျား**

နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက်စီးပွားရေးနှင့် ဆက်စပ်လျက်ရှိသည့် ပညာရေး၊ ကျန်းမာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု တိုးတက်စေရေး စသည့်လုပ်ငန်းရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ စီးပွားရေးကဏ္ဍတွင် ပြည်တွင်းပြည်ပ ကုန်သွယ်ရေးလုပ်ငန်းများကို ပင်လယ်ရေကြောင်းမှ ဆောင်ရွက်နေသကဲ့သို့ ကရင်ပြည်နယ်အပါအဝင် နယ်စပ်ဒေသများမှလည်း ကုန်သွယ်မှုများဆောင်ရွက်လျက်ရှိပါသည်။ ကုန်သွယ်မှုတွင် ကိန်းဂဏန်းများအရ အပေါင်းလက္ခဏာ တိုးတက်မှုရှိခဲ့သော်လည်း

နယ်စပ်ဒေသများမှ တရားမဝင် ကုန်သွယ်မှုများ နေ့စဉ်ရှိနေသည့်အတွက် နိုင်ငံ့စီးပွားရေးကို ထိခိုက်စေခဲ့ပြီး တိုးတက်သင့်သလောက် မတိုးတက်ခဲ့သည်ကို တွေ့ရှိရပါသည်။ နယ်စပ်ဒေသ ကုန်သွယ်ရေးတွင် လမ်းခရီး၌ မလိုလားအပ်သော ကုန်ကျစရိတ်များကြောင့် ကုန်ဈေးနှုန်းများ မြင့်တက်နိုင်သဖြင့် အဟန့်အတားများ မဖြစ်စေရန် ကြပ်မတ်ဆောင်ရွက်လျက်ရှိရာ ဒေသခံ တိုင်းရင်းသားပြည်သူများအနေဖြင့်လည်း ပူးပေါင်းကူညီဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါသည်။

ထို့ပြင် နိုင်ငံ့စီးပွားမြှင့်တင်ရေးလုပ်ငန်းများတွင် ကုန်ထုတ်လုပ်မှုနှင့် စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းစေရန် အဓိကအားဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိပါသည်။ စပါးစိုက်ပျိုးရာတွင်လည်း ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိစေရန် ဆောင်ရွက်ပြီး ပြည်တွင်းဆန်ဖူလုံမှုသာမက ပြည်ပပို့ကုန်အဖြစ် တင်ပို့နိုင်ရေး မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ပါသည်။

ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အခြေခံအကျဆုံးဖြစ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSMEs)လုပ်ငန်းများ တိုးတက်အောင်မြင်မှုရရှိစေရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းများကို နည်းပညာနှင့်ပေါင်းစပ်ပြီး တန်ဖိုးမြှင့်ထုတ်ကုန်များကို ထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံ့စီးပွားရေးကို တိုးတက်စေမည်ဖြစ်ပါသည်။ ကရင်ပြည်နယ်အတွင်း အခြေခံရှိပြီးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသော MSMEs လုပ်ငန်းများကိုပြည်နယ်အစွန်အဖျားပါမကျန် နိုင်ငံတစ်ဝန်း အကြားအလပ်မရှိ ဆောင်ရွက်ခြင်းဖြင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်သည့်အတွက် ကရင်ပြည်နယ်အပါအဝင် အခြားတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များကလည်း နိုင်ငံ့စီးပွားမြှင့်တင်ရေးကို အားလုံးဆောင်ရွက်သွားကြရမှာ ဖြစ်ပါသည်။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုနှင့် စက်မှုလုပ်ငန်းများကို ပိုမိုလည်ပတ်နိုင်ပြီး ထိုမှတစ်ဆင့် ဝန်ဆောင်မှုလုပ်ငန်းများလည်း တိုးတက်လာမည်ဖြစ်သဖြင့် နိုင်ငံ၏ GDP တိုးတက်လာနိုင်မည်ဖြစ်ပါသည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ရန် လူသားအရင်းအမြစ်များ လိုအပ်သဖြင့် စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်၍ ပညာတတ်များ မွေးထုတ်နိုင်ရန် လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံအတွက် လိုအပ်လျက်ရှိသော ပညာတတ်လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် ပညာရေးကဏ္ဍကို ဘက်စုံပညာရေးအဖြစ် အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။

ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အားပေးဆောင်ရွက်ရာတွင် တစ်နိုင်ငံလုံးအနေဖြင့် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်၌ ၇၀ ရာခိုင်နှုန်းခန့်ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီး ကျောင်းသား၊ ကျောင်းသူ ၉၂ ရာခိုင်နှုန်း ကျောင်းတက်ရောက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ဆူပူအကြမ်းဖက်မှုများနှင့်သဘာဝဘေးအန္တရာယ်ကြောင့် ယာယီရပ်ထားရသည့်ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင်လည်း ကျောင်းသားများအား အချိန်ပိုများသင်ကြားစေပြီး အမှန်တကယ် စာတတ်မြောက်စေရေးဆောင်ရွက်ပေးလျက်ရှိပါသည်။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးနှင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်လျက်ရှိရာ ပြည်သူအားလုံးအနေဖြင့် အသိပညာ၊ အတတ်ပညာ၊ အတွေးအခေါ် အယူအဆများ ပြည့်ဝမှန်ကန်ရန် လိုအပ်ပါသည်။ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ကြားနိုင်ရေးနှင့် ဗလငါးတန်နှင့် ပြည့်ဝသော လူငယ်များဖြစ်အောင် ပြုစုပျိုးထောင်ရာတွင် အားလုံးက ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုပါသည်။

ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်၍ ကိုဗစ်-၁၉ ရောဂါကြောင့် ဖြစ်ပေါ်ခဲ့ရသည့် အခက်အခဲ အကျပ်အတည်းများ၊ သဘာဝဘေးအန္တရာယ်များကြောင့် ကြုံတွေ့ရသည့် အခက်အခဲ အကျပ်အတည်းများကိုကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တိုင်းရင်းသားပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှုများဖြင့် ကျော်ဖြတ်နိုင်ခဲ့ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းစေရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့နိုင်ငံသားများ၏ အခြေခံလူမှုစီးပွားဘဝများ တိုးတက်စေရန်အတွက်လည်း လူတိုင်းကျန်းမာရေးကောင်းမွန်ရန်၊ ပညာရေးကောင်းမွန်ပြီး အလုပ်အကိုင်

များရရှိကာ လူတိုင်းဝင်ငွေရရှိစေရန်၊ ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်စေရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ တိုင်းရင်းသားပြည်သူ တစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝများ တိုးတက်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့် အတွက် လူတစ်ဦးချင်းစီ၏ လူမှုစီးပွားတိုးတက်ရေးကို ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ကဏ္ဍအလိုက်နှင့် ဒေသ အလိုက် ရည်မှန်းချက်များ ချမှတ်ဆောင်ရွက်ရန် တိုက်တွန်းအပ်ပါသည်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် နိုင်ငံတော်အစိုးရကို ဆန့်ကျင်လျက်ရှိသော အကြမ်းဖက် အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ အကြမ်းဖက် ဖျက်ဆီးမှု အန္တရာယ်များကိုလည်း တွန်းလှန်ချေမှုန်း လျက်ရှိရာ တိုင်းရင်းသားပြည်သူများကပါ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြရန် အလေးထားတိုက်တွန်းအပ်ပါ သည်။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံနှင့် လူမျိုးအပေါ် ကျရောက်လာမည့် မည်သည့်အခက်အခဲအကျပ်အတည်း၊ စိန်ခေါ်မှုမျိုးကိုမဆို တိုင်းရင်းသားများ၏ စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံသော မျိုးချစ်စိတ်ဓာတ် တို့ဖြင့် တိုင်းရင်းသားပြည်သူများနှင့်အတူ အခိုင်အမာ ရင်ဆိုင်ကျော်လွှားနိုင်ကြမည်ဟု ယုံကြည်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသား မိဘပြည်သူညီအစ်ကိုမောင်နှမများခင်ဗျား**

ယခုထက်ပို၍ ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက် သည့် ကရင်ပြည်နယ်ကြီး ဖြစ်ပေါ်လာစေရေးအတွက် ပြည်နယ်အတွင်း နေထိုင်ကြသော တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံးက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမှာ ဖြစ်ပါသည်။ နိုင်ငံ၏ အားသည် နိုင်ငံအတွင်းမှာပင်ရှိသလို ပြည်နယ်၏ အင်အားသည်လည်း ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမ များ၏ စုပေါင်းအားပင်ဖြစ်ပါသည်။ ထို့ပြင် ယနေ့အချိန်တွင် တိုင်းရင်းသားပြည်သူများ လိုလားတောင့်တနေသော နိုင်ငံတော်ကြီးအား စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံ ဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ် စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကြီးအဖြစ်တည်ဆောက် နိုင်ရေးတို့အတွက် တွေ့ကြုံနေရသည့် အခက်အခဲများနှင့် စိန်ခေါ်မှုများကို ကြံ့ကြံ့ခံကျော်လွှားပြီး တိုင်းရင်းသား ညီအစ်ကို မောင်နှမများအားလုံး၏ စုပေါင်းစွမ်းအားဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် အလေးအနက်တိုက်တွန်း အပ်ပါသည်။ ကရင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြ သော တိုင်းရင်းသားပြည်သူအားလုံး ယနေ့ကျရောက်သော (၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့မှသည် နောင်နှစ် ပေါင်းများစွာတိုင်အောင် ဒေသတွင်း တည်ငြိမ်အေးချမ်း မှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို ရယူခံစားနိုင် သူများဖြစ်ကြပါစေ။ ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက် သော ပြည်ထောင်စုကြီးအတွင်းမှ ဂုဏ်ယူဖွယ်ရာ ပြည်နယ် ကြီးအဖြစ် တည်ရှိနေစေရေး စည်းစည်းလုံးလုံးညီညီ ညွတ်ညွတ်ဖြင့် ဖော်ဆောင်နိုင်ကြပါစေကြောင်း ဆုမွန် ကောင်းတောင်းရင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

■ ■ ■

# ၂၀၂၄ ခုနှစ်၊ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

( ၂၅ - ၁၁ - ၂၀၂၄ )

**ချစ်ကြည်လေးစားရပါသော မြန်မာပြည်သူပြည်သား အပေါင်းတို့ ခင်ဗျား**

ယနေ့ မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀)ရက်၊ ခရစ်နှစ် ၂၀၂၄ ခုနှစ် နိုဝင်ဘာလ (၂၅)ရက်တွင် ကျရောက်သည့် (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ မင်္ဂလာအခါသမယ၌ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများ၊ တိုင်းရင်းသားပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ၍ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်ဝကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

ဤသမိုင်းဝင် နေ့ထူးနေ့မြတ်သည် ကိုလိုနီနယ်ချဲ့တို့၏ ကျူးကျော်အုပ်စိုးမှုကို သက်ဆိုးရှည်စေမည့် ကျွန်ပညာရေးစနစ်ကို ဆန့်ကျင်တော်လှန်ခဲ့သောနေ့၊ မြန်မာတစ်မျိုးသားလုံး၏ မျိုးချစ်စိတ်နှင့် ဇာတိမာန်ရှင်သန်တက်ကြွလာစေရန် သန္ဓေတည်ပေးခဲ့သောနေ့တို့ ဖြစ်ခြင်းကြောင့် မြန်မာပြည်သူ ပြည်သားအားလုံး မမေ့အပ်သည့်နေ့ဖြစ်ပါသည်။

ကိုလိုနီနယ်ချဲ့တို့သည် ၎င်းတို့၏ အကျိုးစီးပွားအတွက် နိုင်ငံတော်၏ အဖိုးတန်သယံဇာတများကို ထုတ်ယူသုံးစွဲပြီး မတရားဖိနှိပ်အုပ်ချုပ်ခဲ့ကြသည့်အပြင် မြန်မာတိုင်းရင်းသားများ အဆင့်မြင့်ပညာ မသင်ကြားနိုင်အောင်၊ ခေတ်နှင့်အညီ ရင်ပေါင်တန်းမလိုက်နိုင်အောင် နည်းအမျိုးမျိုးဖြင့် ပိတ်ပင်တားဆီးမှုများ ပြုလုပ်ခဲ့ကြပါသည်။ မြန်မာတိုင်းရင်းသားပြည်သူများက မြန်မာနိုင်ငံတွင် တက္ကသိုလ်တစ်ခု ဖွင့်လှစ်ခွင့်ရရှိရေးအတွက် အကြိမ်ကြိမ်တောင်းဆိုမှုများ ပြုလုပ်ခဲ့ကြသဖြင့် ကိုလိုနီနယ်ချဲ့တို့က ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ (၁) ရက်နေ့တွင် တက္ကသိုလ်အက်ဥပဒေကို ပြဋ္ဌာန်းပေးခဲ့ပါသည်။

ဤအက်ဥပဒေသည် မြန်မာလူငယ်များ တက္ကသိုလ်ပညာ ဆက်လက်သင်ယူခွင့်မရနိုင်အောင် အမျိုးမျိုးကန့်သတ်ချုပ်ချယ်ထားသည့်အတွက် မျိုးချစ်စိတ်ပြင်းထန်သည့် ကိုဘရှင်၊ ကိုဖိုးကွန်း၊ ကိုဖေသိန်းတို့ ပါဝင်သည့် ကျောင်းသားကြီး(၁၁)ဦးက ဦးဆောင်ကာ ကျွန်ပညာရေးစနစ်ကိုဆန့်ကျင်ကန့်ကွက်ခဲ့ကြပါသည်။ ဤလှုပ်ရှားမှုသည် မြန်မာနိုင်ငံကို ကိုလိုနီနယ်ချဲ့တို့ သိမ်းပိုက်လိုက်သည့်အချိန်မှစ၍ တိုင်းတစ်ပါးသားလူမျိုးခြားလက်အောက်မှပြန်လည်လွတ်မြောက်ရေးအတွက် မြန်မာတစ်မျိုးသားလုံးကို ဝံသာနုရက္ခိတစိတ်ဓာတ်နိုးကြားတက်ကြွလာအောင် လှုံ့ဆော်နှိုးဆွပေးခဲ့သည်။ နိုင်ငံနှင့် ပြည်သူလူထုအား သူ့ကျွန်ဘဝမှ လွတ်မြောက်ရေးအတွက် ကိုယ်ကျိုးစွန့် အနစ်နာခံလိုစိတ်များ ပေါက်ဖွားရင့်ကျက်လာအောင်လည်း ဖန်တီးလှုံ့ဆော်ပေးခဲ့သည်။

မြန်မာတို့၏ လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းတွင် မျိုးချစ်စိတ်ဓာတ်နှင့် စည်းလုံးညီညွတ်မှုသည် စွမ်းအားဖြစ်ကြောင်း သက်သေပြ ကမ္ပည်းစိုက်ထူနိုင်ခဲ့သော အမျိုးသားအောင်ပွဲနေ့ အခမ်းအနားများကို ပြည်ထောင်စု မြန်မာနိုင်ငံတစ်ဝန်းလုံး၌ နှစ်စဉ်မပျက် သိုက်မြိုက်စွာကျင်းပခဲ့ရာ ယခုဆိုလျှင် (၁၀၄)နှစ်တိုင်ခဲ့ပြီ ဖြစ်ပါသည်။

**ချစ်ကြည်လေးစားရပါသော မြန်မာပြည်သူ၊ ပြည်သား အပေါင်းတို့ ခင်ဗျား**

နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံအတွင်းရှိပြည်သူများ၏ လူမှုဘဝမြင့်မားရေး၊ ပြည်ထောင်စုတစ်ဝန်း အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် ငြိမ်းချမ်းရေးသည် အခြေခံအုတ်မြစ်တစ်ခုဖြစ်ပါသည်။ တိုင်းရင်းသားများအချင်းချင်း အပြန်အလှန်လေးစားခြင်း၊ နားလည်စာနာခြင်းတို့ဖြင့် တစ်ဦးနှင့်တစ်ဦးအကြား ပူးပေါင်းဆောင်ရွက်မှုများ ဖြစ်ပေါ်စေပြီး နားလည်မှုလွဲမှားခြင်းနှင့် ပဋိပက္ခမှုများကို လျှော့ချကာ တွေ့ဆုံ

ဆွေးနွေးခြင်းဖြင့် ဖြေရှင်းနိုင်ပါသည်။ ယုံကြည်မှုအပေါ် အခြေခံသော ဆက်ဆံရေးသည် စိန်ခေါ်မှုများစွာကို အတူတကွ ဖြေရှင်းနိုင်ပြီး အဆုံး၌ ပိုမိုသဟဇာတရှိသော အတူတကွ ယှဉ်တွဲနေထိုင်ရေးကို ဦးတည်စေကာ ရေရှည် တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေး ဖြစ်ထွန်းစေပါသည်။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် မဖြေရှင်းဘဲ လက်နက်ကိုင်၍ဖြေရှင်းနေမည်ဆိုပါက လွတ်လပ်သော်လည်း မငြိမ်းချမ်းသည့် အခြေအနေကိုသာ ပေါ်ပေါက်စေမည် ဖြစ်ပါသည်။ ထို့အပြင် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် အန္တရာယ် ဖြစ်စေမည်ကို သတိထားကြရန် လိုအပ်မည်ဖြစ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ထာဝရ ငြိမ်းချမ်းရေး ရရှိရေးအတွက် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေး လျက်ရှိပြီး နှစ်ဖက်ဆွေးနွေးချက်များမှ ရရှိလာသည့် သဘောထားမှတ်ချက်များကို နောင်လာမည့် လွှတ်တော် အစည်းအဝေးများတွင် ဆွေးနွေးအတည်ပြုနိုင်ရန် မှတ်တမ်းတင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ တွေ့ဆုံဆွေးနွေး မှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပြီး ဆက်လက်၍လည်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ယခုအချိန်သည် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ အချင်းချင်း ယုံမှားသံသယကင်းရှင်းပြီး မလိုလားအပ်သည့် အယူဝါဒများပယ်ဖျောက်ကာ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ယုံကြည်လေးစား ချစ်ခင်မှုများဖြင့် ပါဝင်လက်တွဲ၍ ထာဝရ ငြိမ်းချမ်းရေး တည်ဆောက်ကြရမည့်အချိန်အခါ ဖြစ်ပါသည်။ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမှ ပေးအပ်ထားသည့် အခွင့်အရေးများကို အသုံးချပြီး နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို စည်းလုံးညီညွတ်စွာဖြင့် အကောင်အထည်ဖော်ကြရန် တိုက်တွန်းအပ်ပါသည်။

**ချစ်ကြည်လေးစားရပါသော မိဘပြည်သူ၊ တိုင်းရင်းသား ညီအစ်ကို မောင်နှမအပေါင်းတို့ ခင်ဗျား**

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသူ၊ နိုင်ငံသားများ၏ ဉာဏစွမ်းရည်ကို ပြုစုပျိုးထောင်ပေးရန် လိုအပ်ပါသည်။ ၎င်းတို့၏ ဉာဏ်ရည်ဉာဏ်သွေး တိုးတက်မှု အတွက် အလေးထားဆောင်ရွက်ခြင်းသည် နိုင်ငံစဉ်ဆက် မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေ ပါသည်။ နိုင်ငံတည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အပိုင်းတို့တွင် ကောင်းမွန်သည့် အထောက်အပံ့ကောင်းများ ရရှိနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အဆင့်မြင့်ပညာရပ်များ တတ်ကျွမ်းပြီး အရည်အချင်း ပြည့်မီသည့် လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွန်း လာရေး အားပေးဆောင်ရွက်လျက်ရှိပါသည်။

အခြေခံအားဖြင့် အတန်းပညာရှိမှသာ အသိပညာနှင့် အတတ်ပညာရရန် လွယ်ကူမည်ဖြစ်ပါသည်။ နိုင်ငံတော် က အားကိုးအားထားပြုရသော ဗလငါးတန်ဖွံ့ဖြိုးပြီး ထူးချွန် ထက်မြက်သည့် လူငယ်များ ပေါ်ထွက်လာစေရန် လူတိုင်း ပညာသင်ယူနိုင်မည့် ဘက်စုံပညာရေးစနစ်ဖြင့် ဆောင်ရွက် ပေးလျက်ရှိသကဲ့သို့ ပညာတတ် လူငယ်များကလည်း စိတ်ကောင်းစေတနာဖြင့် လူမှန်နေရာမှန် တာဝန်ထမ်း ဆောင်မည်ဆိုပါက နိုင်ငံအတွက် အကျိုးဖြစ်ထွန်းစေမည် ဖြစ်ပါသည်။ အသိပညာနှင့်အတတ်ပညာ ဟန်ချက်ညီမှသာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး နယ်ပယ်အသီးသီးတို့တွင် အားသာချက်များ ဖြစ်ပေါ်စေပြီး ပြည်တွင်းစည်းလုံး ညီညွတ်မှုအပေါ် အကျိုးရှိဖြစ်ထွန်းမည်ဖြစ်ပါသည်။

အရည်အသွေးပြည့်ဝပြီး စဉ်းစားတွေးခေါ်မှု အားကောင်းသည့် ထူးချွန်ထက်မြက်သော လူ့စွမ်းအား အရင်းအမြစ်ကောင်းများကို မွေးထုတ်ပေးရာတွင် မိဘ များနှင့်ဆရာများသည် အခရာဖြစ်ပါသည်။ မိဘများအနေဖြင့် သားသမီးများကို မွေးဖွားသည်မှ လူလားမြောက်သည့် အချိန်ထိ ပညာရေး၊ ကျန်းမာရေး၊ အကျင့်စာရိတ္တ ကောင်းမွန်ရေးနှင့် စည်းကမ်းစနစ်ရှိအောင် သွန်သင်ဆုံးမ ပေးကြရမည်ဖြစ်ပါသည်။ ဆရာ၊ ဆရာမများအနေဖြင့်လည်း တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ကြရန်နှင့် ဆရာကောင်းတစ်ဦးဖြစ်ရမည့်အချက်များနှင့်ကိုက်ညီအောင် ကျင့်ကြံအားထုတ်ပြီး တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော၊ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာပြည့်ဝသော နိုင်ငံ့အကျိုး ထမ်းသယ်ပိုးမည့် အနာဂတ်နိုင်ငံ့သားကောင်း၊ သမီးကောင်း ရတနာများ ပေါ်ထွန်းလာရေး လေ့ကျင့်ပျိုးထောင်ပေး ရန် လိုအပ်ပါသည်။

**ချစ်ကြည်လေးစားရပါသော မြန်မာပြည်သူ၊ ပြည်သား အပေါင်းတို့ခင်ဗျား**

နိုင်ငံတော်ကို တည်ဆောက်သူများဖြစ်လာကြမည့်

ပညာပြည့်ဝ နှလုံးလှသူ လူငယ်လူရွယ်များကို လေ့ကျင့်ပျိုးထောင်ပေးကြရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်ဟု ခံယူပြီး အလေးအနက်ထား လုပ်ဆောင်ရန် လိုအပ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကျောင်းနေအရွယ် လူငယ်အားလုံး ပညာသင်ယူခွင့်ရရှိရေးနှင့် အနည်းဆုံး KG+9 ပြီးဆုံးသည်အထိ ကျောင်းတက်ရောက်နိုင်ရေးအတွက် အခမဲ့ပညာရေးစနစ်နှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် ဗလငါးတန်ပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်မည့် ဘက်စုံပညာရေးစနစ်တို့ကို အကောင်အထည်ဖော်လျက်ရှိပါသည်။ အဆိုပါရည်မှန်းချက်အတိုင်း ရာနှုန်းပြည့် အောင်မြင်နိုင်ရန်အတွက် မိဘပြည်သူများနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအားလုံး ပူးပေါင်းပါဝင်ရေးမှာ အရေးကြီးလှပါသည်။

ပညာရေးဆိုင်ရာ အမျိုးသားရေး လုပ်ငန်းစဉ်ကြီးမှာ တစ်ခဏတာဖြင့် ပြီးမြောက်မည် မဟုတ်သည့်အပြင် တစ်ဦးတစ်ယောက်ကောင်း ဆောင်ရွက်ရုံမျှဖြင့် အောင်မြင်နိုင်သည့် လုပ်ငန်းမျိုးမဟုတ်ဘဲ နိုင်ငံသားအားလုံးက အမျိုးသားရေးစိတ်ဓာတ်ဖြင့် ပါဝင်မှသာ ပြီးမြောက်အောင်မြင်မည်ဖြစ်ပါသည်။ အဆိုပါ လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ဆောင်ရာတွင် စိတ်ရှည်သည်းခံ ဖွဲ့သန်သန်ဖြင့် စွန့်လွှတ်အပင်ပန်းခံကာ ကြိုးစားမှ အောင်မြင်နိုင်မည်ဖြစ်ရာ နိုင်ငံတော်က ဘက်ပေါင်းစုံမှ အားပေးကူညီ ထောက်ပံ့လျက်ရှိသကဲ့သို့ တာဝန်ရှိသူ အသီးသီးနှင့် ပြည်သူအားလုံးမှ တက်ညီလက်ညီ ပူးပေါင်းပါဝင်ရန် လိုအပ်ပါသည်။ ထို့ကြောင့် နိုင်ငံ့အနာဂတ်ကောင်းမွန်ရေး မျှော်မှန်းဆောင်ရွက်နေသည့် ပညာရေးကဏ္ဍ အဆင့်မြှင့်တင်ဆောင်ရွက်နေမှုလုပ်ငန်းများကို အားလုံးက သိရှိနားလည်ပြီး ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုပါသည်။

**ချစ်ကြည်လေးစားရပါသော မြန်မာပြည်သူ၊ ပြည်သား အပေါင်းတို့ ခင်ဗျား**

ကျွန်တော်တို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကို အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် ချမှတ်အကောင်အထည်ဖော်လျက်ရှိပါသည်။ တိုင်းပြည်သာယာဝပြောရေးဆိုသည်မှာ ပြည်သူပြည်သားများအားလုံး တရားဥပဒေစိုးမိုးမှုအောက်တွင် အေးချမ်းသာယာစွာဖြင့် နေထိုင်နိုင်ခြင်း၊ ပညာသင်ကြားနိုင်ခြင်း၊ အလုပ်အကိုင်များ လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းတို့ ဖြစ်ပါသည်။ တိုင်းရင်းသားဒေသများ၌ အကြမ်းဖက်သမားများနှင့် လက်နက်ကိုင် သောင်းကျန်းသူများ၏ လုပ်ဆောင်မှုများကြောင့် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့ကို ထိခိုက်စေလျက်ရှိပါသည်။ ထို့အပြင် ကျောင်းသား၊ ကျောင်းသူများ၏ ပညာသင်ကြားမှု အခွင့်အလမ်းများနှင့် ဒေသခံပြည်သူများ၏ အလုပ်အကိုင် အခွင့်အလမ်းများဆုံးရှုံး၍ လူမှုစီးပွားဘဝများ ထိခိုက်နစ်နာစေလျက်ရှိပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသားပြည်သူလူထုအားလုံးက တက်ညီလက်ညီပူးပေါင်းပါဝင်ကြရန် အဓိကလိုအပ်ပါသည်။

စားရေရိက္ခာဖူလုံရေးအတွက် မြန်မာတို့၏ မူလစိုက်ပျိုးမွေးမြူရေးသာမက ခေတ်မီနည်းစနစ်များဖြင့် အစာအာဟာရ ထုတ်လုပ်ခြင်းများကိုလည်း တီထွင်ဆောင်ရွက်ကြရန် မဖြစ်မနေ လိုအပ်ပါသည်။ သမဝါယမအသင်းများ ဖွဲ့စည်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ထိုမှတစ်ဆင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များကို အခြေခံသည့် စက်ရုံ၊ အလုပ်ရုံများ တည်ထောင်ဆောင်ရွက်ရန် လိုအပ်ပါသည်။ တစ်နိုင်ငံလုံးပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးအနေဖြင့် မိမိတို့ ဒေသထွက် ကုန်ကြမ်းများနှင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသော အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ အောင်မြင်အောင် အကောင်အထည်ဖော်သွားကြရမည်ဖြစ်ပါသည်။ ဤသို့ ဆောင်ရွက်ရာ၌ နိုင်ငံတော်အနေဖြင့်လည်း အရင်းအနှီး၊ နည်းပညာနှင့် အခြားလိုအပ်သည်များကို ထောက်ပံ့အားပေးကူညီလျက်ရှိပါသည်။ ခေတ်အဆက်ဆက်တွင် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ အားနည်းပြီး ပြည်ပသွင်းကုန်များ ပိုမိုများပြားခဲ့သည့်အတွက် နိုင်ငံခြားငွေ လိုအပ်ချက်များ ဖြစ်ပေါ်ခဲ့ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူဆောင်ရွက်ချိန်တွင် သယံဇာတပစ္စည်း ထုတ်လုပ်မှုများကို တတ်နိုင်သမျှ

ထိန်းသိမ်းပြီး ပြည်ပသို့ တင်ပို့ခြင်း မပြုလုပ်ဘဲ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းမှထွက်ရှိသည့် ထွက်ကုန်များကိုသာ ပိုမိုတင်ပို့ခဲ့ပါသည်။ စီးပွားရေးကောင်းမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်နိုင်မည်ဖြစ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် စီမံဆောင်ရွက်လျက်ရှိပါသည်။

တိုင်းရင်းသားပြည်သူအားလုံးက စားရေရိက္ခာဖူလုံရေးအတွက် ပြည်တွင်းထုတ်လုပ်မှု မြှင့်တင်ဆောင်ရွက်ရေးကို အထူးအလေးပေးဆောင်ရွက်ကြစေလိုပါသည်။ အလားတူ ပြည်ပရောင်းတန်းဝင်သည့် ထုတ်ကုန်များ တိုးတက်ထုတ်လုပ်ခြင်းဖြင့် နိုင်ငံခြားသုံးငွေလျှော့ချနိုင်ရေးနှင့် ဝင်ငွေပိုမိုရရှိရေး အလေးထားဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ နိုင်ငံ့စီးပွားတိုးတက်မြင့်မားလာမည်ဆိုပါက ပြည်သူတို့၏ လူမှုစီးပွားဘဝများလည်း တိုးတက်လာသကဲ့သို့ နိုင်ငံတော်၏ စီးပွားရေး မူဝါဒမျှော်မှန်းချက်များနှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ညီမျှစွာတိုးတက်လာကြမည် ဖြစ်ပါသည်။

**မိဘပြည်သူများနှင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား**

အမျိုးသားနေ့အောင်ပွဲသည် လွတ်လပ်ရေးရောင်ခြည်ဦး၏အစ၊ အမျိုးသားရေး အရုဏ်ဦးကာလဖြစ်ခဲ့ပြီး အမျိုးသားအောင်ပွဲနေ့ကို အစပျိုးခဲ့သူတို့၏ မြင့်မြတ်ကောင်းမွန်မှုကြောင့် အနှောင်းသေချာခဲ့ခြင်း ဖြစ်ပါသည်။ အမျိုးသားအောင်ပွဲနေ့ကြောင့် လွတ်လပ်ရေးပန်းတိုင်ဆီသို့ အရောက်လှမ်းနိုင်သည်အထိ အမျိုးသားရေးစိတ်ဓာတ် မြင့်မားခဲ့ကြသည်ကို မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ကြရပြီဖြစ်ပါသည်။

ဤသို့ ထူးခြားလေးမြတ်လှသည့် အမျိုးသားအောင်ပွဲနေ့ အခါသမယ၌ "ပြည်ထောင်စုကြီး ငြိမ်းချမ်းဖို့ တစ်မျိုးသားလုံးညီညွတ်စို့" ဆိုသည့် (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်နှင့်အညီ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအားလုံးက ဘိုးဘွားအမွေအနှစ်ဖြစ်သည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ထာဝရငြိမ်းချမ်းသာယာရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယ အရင်းခံပြီး ပြည်ထောင်စုစိတ်ဓာတ်နှင့် တစ်စိတ်တစ်ဝမ်းတည်းသော အမျိုးသားရေးအားမာန်များဖြင့် တက်ကုန်ဖွင့်၍ ဘက်စုံပေါင်းစုပါဝင်ကြပါရန် အလေးအနက် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

နိဂုံးချုပ်အားဖြင့် ယခုနှစ် အမျိုးသားအောင်ပွဲနေ့ဦးတည်ချက်များဖြစ်သည့် –

- တိုင်းရင်းသားများအကြား အပြန်အလှန်လေးစားမှု၊ ယုံကြည်မှုများ တည်ဆောက်ပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရေး၊
- နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာ အတတ်ပညာ ပြည့်ဝသော ပညာတတ်များ ပေါ်များရေး၊
- ပြည်ထောင်စုကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးတွင် တစ်နိုင်ငံလုံးက ဝိုင်းဝန်းကူညီပေးရေး၊
- တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်တွင်းထုတ်လုပ်မှု မြှင့်တင်ဆောင်ရွက်ရေး စသည့်

ဦးတည်ချက်များ အောင်မြင်ရေးကို တိုင်းရင်းသားပြည်သူအားလုံးက အမျိုးသားရေးစိတ်ဓာတ်ဖြင့် တက်ညီလက်ညီ ပူးပေါင်းပါဝင်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးကိုဝိုင်းဝန်းတည်ဆောက်သွားကြပါစို့ဟု တိုက်တွန်းအပ်ပါသည်။

ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ
သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်
နိုင်ငံတော်ဝန်ကြီးချုပ်
ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ သန္နိဋ္ဌာန်ပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ISBN 978-99986-56-22-2